


လူသည် ကြောင်းကျိုးဆက်စပ် စဉ်းစားတတ်သောဉာဏ်ကြောင့်
အခြားသတ္တဝါတို့ထက် အဆင့်မြင့်မားလာခြင်းဖြစ်သည်၊
လူချင်း အတူတူတွင်လည်း၊
စဉ်းစားဉာဏ်ကို အသုံးပြုသူနှင့် အသုံးမပြုသူအကြား၊
အလားတူ ကွာခြားသွားလိမ့်မည်၊

# ဖေမြင့်

# စဉ်းစားခြင်း

[ စဉ်းစားခြင်းဆိုင်ရာ နည်းနာ၊ စဉ်းစားစရာ ပြဿနာနှင့်
အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူတို့အကြောင်း ]


လူသည် ကြောင်းကျိုးဆက်စပ် စဉ်းစားတတ်သောဉာဏ်ကြောင့်
အခြားသတ္တဝါတို့ထက် အဆင့်မြင့်မားလာခြင်းဖြစ်သည်၊
လူချင်း အတူတူတွင်လည်း
စဉ်းစားဉာဏ်ကို အသုံးပြုသူနှင့် အသုံးမပြုသူအကြား
အလားတူ ကွာခြားသွားလိမ့်မည်၊
ပေမြင့်
စဉ်းစားခြင်း
[စဉ်းစားခြင်းဆိုင်ရာ နည်းနာ၊ စဉ်းစားစရာ ပြဿနာနှင့်
အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူတို့အကြောင်း]

စဉ်းစား ဆင်ခြင်မှုမပြုသူသည်
တစ်ယူသန်သမားဖြစ်၏။
စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိသူသည်ကား
လူ့အနွံဖြစ်၍၊
စဉ်းစားဆင်ခြင်မှု မပြုဝံ့သူသည်မူ
ကျေးကျွန်မျှသာ ဖြစ်ချေသည်။

[ဆာဝီလျံဒရမ်းမွန်း(ဒ)]

ပေမြင့်

# စဉ်းစားခြင်း

စဉ်းစားခြင်းဆိုင်ရာနည်းနာ၊
စဉ်းစားစရာပြဿနာနှင့်
အကျပ်အတည်းကြားမှာ
စဉ်းစားကြံဆတတ်သူတို့အကြောင်း၊

## မာတိကာ

စာမျက်နှာ


| | |
|---|---|
| အမှာစကား ။ ။ စဉ်းစားခြင်းဆိုတာဘာလဲ၊ | ၁ |
| အခန်း (၁) အကျပ်အတည်းကြားမှာစဉ်းစားကြဲဆတတ်သူများ၊ | ၇ |
| ၁။ အသက်ဘေးမှ လွတ်မြောက်အောင် ရုန်းထွက်ခြင်း | ၈ |
| ○ မီးသတ်သမား၏ လျှပ်တစ်ပြက်ဉာဏ် | ၈ |
| ○ မြည်းတိုင်းဉာဏ်နည်းသလား | ၁၁ |
| ၂။ တစ်ပန်းရှုံးသော အနေအထားမှာ ယှဉ်ပြိုင်အနိုင်ရခဲ့သူများ၊ | ၁၅ |
| ○ သမိန်ပရမ်း၏နည်း | ၁၆ |
| ○ ဂျပန်ဓားသမား၏ တိုက်ကွက် | ၁၈ |
| ၃။ အင်အားချိန်ခွင်လျှာကို ပြောင်းလဲပစ်ခြင်း | ၁၉ |
| ○ လူ့ဘီလူးကြီး ဂိုလိုင်းယက်(သ)ကို ဒေးဗစ်အနိုင်ယူခဲ့ပုံ | ၂၀ |
| အခန်း (၂) ဖောက်ထွက်အတွေးတို့၏ သဘော၊ | ၂၇ |
| ၁။ သေတ္တာအပြင်ဘက်ထွက်၍ စဉ်းစားနည်း | ၃၀ |
| ၂။ ဖောက်ထွက်အတွေးနမူနာများ | ၃၅ |
| ○ အလက်ဇန္ဒါးနှင့် ဂေါဒီယန်ကြိုးထုံး | ၃၇ |
| ○ ကိုလံဘတ်(စ)နှင့်ကြက်ဥ | ၄၀ |
| ○ ကြောင်ကို ဧရာတ်ကောင်း ဘယ်လိုကျွေးမလဲ | ၄၂ |

အခန်း (၃) စဉ်းစားစရာ ပြဿနာများ (အထွေထွေ) ၄၇
၁။ ဘယ်သူ တရားပိုရှိသလဲ ၄၈
၂။ ပရိတာဂေါ်ရတ်(စ)နှင့် သူ၏တပည့် ၅၀
၃။ ရှဉ့်ကို တစ်ပတ်ပတ်မိသလား၊ မပတ်မိဘူးလား ၅၁
၄။ အရင်သင်္ဘောလား၊ သင်္ဘောအသစ်လား ၅၃
၅။ ဘယ်သူရိုးဖြောင့်မှန်ကန်သလဲ ၅၇
၆။ ကြက်ဥနှင့်ကြက်မ ဘယ်သူအရင်စ ၆၃
၇။ ရွေးချယ်စရာ များလွန်းသည့်အခါ ၆၆

အခန်း (၄) စဉ်းစားစရာ ပြဿနာများ (ကျင့်ဝတ်ပိုင်း သို့မဟုတ် တရားမျှတမှုဆိုင်ရာ) ၇၃
၁။ လုပ်သင့် မလုပ်သင့် ၇၃
၂။ စားသင့် မစားသင့် ၈၁
၃။ အများအကျိုးအတွက် လူတစ်ယောက်ကို နှိပ်စက်ရန် သင့်မသင့် ၉၀
၄။ လူတွေ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် ပိုင်သလဲ၊ ဘယ် အတိုင်းအတာအထိ သုံးစွဲပိုင်ခွင့်ရှိသလဲ၊ ၉၉

အခန်း (၅) စဉ်းစားကြသည့်အခါ စဉ်းစားစရာ ၁၀၉
၁။ ကျွန်တော်က ပြတ်သားတယ်၊ ခင်ဗျားက ခေါင်းမာတာ၊ ဟိုလူကတော့ တဇောက်ကန်း ၁၀၉
၂။ တစ်ဖက်သား နေရာကလည်း စဉ်းစားဖို့လိုသည် ၁၁၉

၃။ တစ်လွဲတွေ ဆက်စပ် မှတ်သားထားမိတာ ၁၂၉
၄။ သိမ်းကျုံးပြောဆိုခြင်း၊ ခြုံငုံသုံးသပ်ခြင်း၊ သိပ္ပံနည်းကျ စဉ်းစားခြင်း ၁၃၅

အခန်း (၆) စဉ်းစားခြင်းဆိုင်ရာ နည်းနာများ၊ ၁၅၅
၁။ သစ်တောနှင့် သစ်ပင်၊ ပုံကားချပ်ကြီးနှင့် အသေးစိတ်၊ ဦးနှောက် လက်ယာခြမ်းနှင့် ဦးနှောက်လက်ဝဲခြမ်း ၁၅၅
၂။ လက်တွေ့ပြဿနာ အဖြေရှာရာ၌ ၁၆၂
၃။ ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း ၁၇၁

အမှာစကား

## စဉ်းစားခြင်း ဆိုတာ ဘာလဲ

စဉ်းစားသည် ဆိုတာ ဘာလဲ စဉ်းစားရတာ အတော် ခွကျသည်။
သို့သော်၊ သိလို၍ မေးလျှင်တော့ အဖြေရှိရလိမ့်မည်။
စင်စစ်၊ သိလိုသော အရာ သို့မဟုတ် ပြဿနာအတွက် အဖြေရှာခြင်းသည်ပင်လျှင် စဉ်းစားခြင်း၏ အဓိက အလုပ်တစ်ခု ဖြစ်သည်။
အဲသည်တော့ ဆက်၍ စဉ်းစားကြည့်ရလျှင်၊

* * *

စဉ်းစားခြင်းသည် ဦးနှောက်၏ အလုပ်ဖြစ်သည်။ သိစိတ်အာရုံ၏ အလုပ်ဖြစ်သည်။ တစ်နည်းပြောသော် စိတ်အလုပ်။
သို့သော်၊ စိတ်က လုပ်နေတာ မှန်သမျှသည် စဉ်းစားခြင်းလား။
တစ်နေရာမှာ ငြိမ်ထိုင်နေသူကို 'ဟေ့၊ ဘာတွေ စဉ်းစားနေတာလဲ' မေးသည့်အခါ၊

'ဘာရယ် မဟုတ်ပါဘူး၊ တောင်တွေးမြောက်တွေးပါ' ဟု ဖြေတာမျိုး ကြားဖူးကြလိမ့်မည်။

အဲဒါသည် တကယ်လည်း သူကိုယ်တိုင် ဘာရယ် တိတိကျကျ မပြောနိုင်သည့် တောင်တွေးမြောက်တွေး အစစ် ဖြစ်နိုင်ပါသည်။

လူကသာ ငြိမ်နေသည်၊ စိတ်က ရောက်တတ်ရာရာ လွင့်မျော နေခြင်းမျိုး။

အဲဒါမျိုးကို စဉ်းစားခြင်း (thinking) ဟု မခေါ်နိုင်ပါ။

တစ်ခါတစ်ရံကျတော့ အတိတ်က အဆင်ပြေခဲ့ ကောင်းစားခဲ့သည် များကို ပြန်လည် အမှတ်ရနေတာမျိုးလည်း ရှိတတ်၏။ သည့်အပြင် နောင်ဖြစ်လတ္တံ့သော သို့မဟုတ် ဖြစ်မဖြစ် မသေချာသော်လည်း ဖြစ်ချင်နေသော၊ အဆင်ပြေမည့် ကောင်းစားမည့် အကြောင်းများကို မြင်ယောင် ကြည်နူးနေတာမျိုးလည်း ရှိတတ်၏။

စိတ်ကူးနှင့် ရူးသည်ဆိုတာမျိုး။

တစ်ခါတစ်ရံလည်း မကျေနပ်ချင်စရာ အကြောင်းတစ်ခုကို စိတ်ထဲ မပြီးနိုင်မစီးနိုင်ဖြစ်ကာ တနုံ့နုံ့ ခံစား ဒေါသပွားနေတာမျိုး လည်း ရှိသည်။

သည့်အပြင်၊

ယခင် ကျင်လည်ခဲ့ဖူးသော ပတ်ဝန်းကျင်များ၊ ကွဲကွာခဲ့ ကွေကွင်းခဲ့ရသူများကို လွမ်းဆွတ်တသနေတာမျိုးလည်း ရှိနိုင်သည်။

အဲသည်ဟာတွေသည် စိတ်လှုပ်ရှား ခံစားမှုများကို ပွားများ နေခြင်းသာ ဖြစ်၍၊ ၎င်းတို့အား စဉ်းစားခြင်း ဟူသော ခေါင်းစဉ်ထဲတွင် ထည့်သွင်းမှုမပြုပါ။

* * *

စဉ်းစားခြင်း ဆိုတာက၊

ဦးတည်ချက် တစ်စုံတစ်ရာနှင့် လုပ်ကိုင်နေသည့် ဦးနှောက်အလုပ်မျိုးကို ဆိုသည်။

ဦးတည်ချက် ဆိုရာမှာ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အဲဒါဘာပါလိမ့်ဟု သိချင်တာ၊ တွေ့နေမြင်နေ ကြားနေရသည့် ရှုပ်ထွေးသောအရာတစ်ခုကို ရှင်းလင်းစွာ သိမြင်ချင်တာ၊ သူတစ်ပါး မေးသော သို့မဟုတ် မိမိဘာသာ မေးမိနေသော အမေးပုစ္ဆာတစ်ခု သို့မဟုတ် ပြဿနာ တစ်စုံတစ်ရာအတွက် အဖြေရချင်တာ၊ စတာတွေ ပါဝင်သည်။

အဲသည်အတွက် သက်ဆိုင်သည့် အကြောင်းကိစ္စများကို ရှုမှတ်ကာ ခွဲခြမ်းစိစစ် ဆင်ခြင်ကာ ဒါက ဒီလိုကိုးဟု သဘောပေါက်နားလည်အောင် အားထုတ်သည်။ ယခင် တွေ့ကြုံခဲ့ဖူးသည်များ၊ လေ့လာမှတ်သားထားသည်များ၊ ရရှိခဲ့ဖူးသည့် သင်ခန်းစာများနှင့် နှိုင်းယှဉ် သုံးသပ်သည်။ ပြဿနာတစ်ရပ်ကို စဉ်းစားပုံဖော်ပြီးနောက်တွင် ဒါကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတာ အမျိုးမျိုးအဖုံဖုံနည်းလမ်းရှာသည်၊ စိတ်ကူးသည်၊ ကြံဆသည်။ ဖြေရှင်းသည့် နည်းလမ်းကြောင့် သက်ရောက်ဖြစ်ပေါ်နိုင်မည့် ရလဒ်များကို ကြိုတင်မှန်းဆသည်။ ဟိုဘက် သည်ဘက် အကြောင်းအကျိုး အကောင်းအဆိုးများကို ချင့်တွက် ဆင်ခြင်သည်။

အဲဒါတွေသည် စဉ်းစားခြင်း အလုပ်တွေ ဖြစ်သည်။

အဲဒါတွေကို ပြန်ကောက်သော်၊ စဉ်းစား၊ ချင့်ချိန်၊ ဆင်ခြင်၊ တွေးတော၊ သုံးသပ်၊ တွေးခေါ်၊ မြော်မြင်၊ စိတ်ကူး၊ ကြံဆ၊ ကြံစည်၊ စိစစ်၊ ဝေဖန်၊ ပိုင်းခြား၊ စသည့် စကားလုံးများအားဖြင့် သုံးနှုန်းပြောဆိုရသော စိတ်အလုပ်တွေသည် စဉ်းစားခြင်း နယ်ပယ်ထဲတွင် အကျုံးဝင်သည်ဟု ယေဘုယျ ပြောချင်သည်။

* * *

စင်စစ်၊ စဉ်းစားခြင်းဟူသော အကြောင်းအရာသည် အလွန်ကျယ်ဝန်းပါသည်။ ဘာသာရပ်တစ်ခုအနေနှင့်လည်း အလွန်လေးနက် ကြီးကျယ်ပါသည်။

အတွေးအခေါ် ပညာရှင်များ၊ ဒဿနဆရာကြီးများ၏ အရာဌာနဟုလည်း ဆိုနိုင်သည်။

သို့သော် ဒဿန ဆရာတို့ကို ကြီးကျယ် မြင့်မားသော အတွေးအခေါ်များအပိုင်းတွင် ထားလိုက်နိုင်ပါသည်။ တစ်ဖန်၊ စာဖတ်သူသည်လည်း စိတ်ဝင်စားထက်သန်သည် ရှိသော် ဒဿနဆရာအဆင့်ထိ တက်လှမ်းနိုင်ပါသည်။

အဆိုပါ ကြီးကျယ်မြင့်မားသောအပိုင်းများကို ချန်လှပ်လျှင်မူ စဉ်းစားခြင်း ဟူသည် လူတိုင်း လူတိုင်းနှင့် သက်ဆိုင်သော အလုပ်ဟု ပြောချင်သည်။

စင်စစ်၊ ဦးနှောက် မချို့ယွင်းသော လူတိုင်းမှာ စဉ်းစားဝေဖန်တတ်သော ဉာဏ်အခြေခံပါလာပြီး ဖြစ်သည်။

ပြင်သစ် တွေးခေါ်ရှင် ဒေးကားတ် (Rene Descartes) က လူသည် ကျိုးကြောင်း ဆင်ခြင်တတ်သော သတ္တဝါဖြစ်သည်။ (Man is a rational animal.) ဟု ဆိုခဲ့သည်။

ကျိုးကြောင်း ဆင်ခြင်သည်ဆိုတာ စဉ်းစားခြင်းပါပဲ။

သို့သော်၊ မွေးရာပါ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကို လူတိုင်းကောင်းစွာ အသုံးပြုလေ့ မရှိ။ တချို့က ပြည့်ပြည့်ဝဝ မသုံး၊ တချို့က မှန်မှန်ကန်ကန် မသုံး။

သည်အချက်နှင့် စပ်လျဉ်း၍၊

ဆာဝီလျံဒရမ်းမွန်း(ဒ) (Sir William Drummond) ဆိုသော ပုဂ္ဂိုလ်ကြီးက၊

စဉ်းစားဆင်ခြင်မှုမပြုသူသည် တစ်ယူသန်သမား ဖြစ်၏။

စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိသူကား လူ့အနွံဖြစ်၍၊

စဉ်းစားဆင်ခြင်မှုမပြုဝံ့သူသည်မူ ကျေးကျွန်မျှသာ ဖြစ်ချေသည်ဟု ဆိုခဲ့သည်။

ဤစကား၏ အနက်အဓိပ္ပာယ်ကို စာဖတ်သူကိုယ်တိုင် အကျယ်ဆင့်ပွား စဉ်းစား တွေးတော ကြည့်စေလိုပါသည်။

သို့သော်၊ စဉ်းစားမှုပြုသူနှင့်မပြုသူအကြား ကွာခြားနိုင်ပုံ သဘောကိုကား အနည်းငယ် ပြောလိုသည်။

လူသည် ကြောင်းကျိုးဆက်စပ် စဉ်းစားတတ်သည့် ဉာဏ်ကြောင့် အခြား သတ္တဝါတို့ထက် အဆင့်မြင့်မားခဲ့ခြင်း ဖြစ်သည် ဟူသော အချက်ကို အငြင်းပွားကြလိမ့်မည် မဟုတ်ဟု မှတ်ယူသည်။ သို့သော်၊ ထိုအချက်ကို လက်ခံပါက လူချင်းအတူတူတွင်လည်း စဉ်းစားဉာဏ်ကို အသုံးပြုသူနှင့် အသုံးမပြုသူအကြား ကွာခြားသွားမည် ဆိုတာကို လက်ခံရလိမ့်မည်ဟု ပြောချင်သည်။

အိုင်းရစ်ပြဇာတ်ရေးဆရာ၊ စာပေပညာရှင်၊ အတွေးအခေါ်သမားကြီး ဘားနဒ်ရှော (George Bernard Shaw) က၊

'လူတွေ ဆိုတာက တစ်နှစ်လုံးနေလို့မှ နှစ်ကြိမ် သုံးကြိမ်လောက် စဉ်းစား တွေးတောကြတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ကျုပ်လို တစ်ပတ်မှာ တစ်ကြိမ် နှစ်ကြိမ်လောက် စဉ်းစားတဲ့ လူမျိုးက သိပ်စဉ်းစားတဲ့ လူအဖြစ်နဲ့ နိုင်ငံတကာ အသိအမှတ်ပြုခံရတဲ့ အဆင့်ကို ရောက်တာ' ဟု ဆိုခဲ့ရာ စဉ်းစားတတ်သူတို့ တန်ဖိုးရှိလှပုံကို ဖော်ပြသော စကားဟု ဆိုချင်သည်။

* * *

စာရေးသူသည် ဒဿနဆရာတစ်ဦး မဟုတ်ကြောင်း အထူး ပြောစရာ လိုမည် မထင်ပါ။

သို့သော်၊ စဉ်းစားခြင်းဟူသောအကြောင်းရပ်ကိုကား အလေးအနက် ထားသူတစ်ဦး ဖြစ်ပါသည်။

ယခု စာအုပ်မှာ၊

စာဖတ်သူများ၊ အထူးသဖြင့် လူငယ်လူရွယ်များအနေနှင့် စဉ်းစားခြင်း အလုပ်ကို စိတ်ဝင်စားကြ မွေ့လျော်ကြစေရန်နှင့်၊ ယင်းမှဆက်၍ ကျိုးကြောင်း စိစစ် ဝေဖန်ဉာဏ်ရင့်သန်သူ၊ ဘဝ ပြဿနာများ၊ မိမိ ကျင်လည်ရာ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ ပြဿနာများကို ဉာဏ်အမြော်အမြင် ပြည့်ဝစွာ ဖြေရှင်း ဆောင်ရွက်နိုင်သူများ ဖြစ်ကြစေရန် ရည်ရွယ်၍ လက်လှမ်းမီသမျှ စာအုပ်စာတမ်းတို့ကို အမှီပြုကာ ရေးသားပြုစုထားခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

စာဖတ်သူအား ထာဝစဉ် လေးစားလျက်။

ဖေမြင့်

၁၈၊ ၁၁၊ ၂၀၁၄

## အခန်း (၁)
## အကျပ်အတည်းကြားမှာ စဉ်းစား ကြံဆတတ်သူများ

လူ့ဘဝမှာ ဘေးကျပ်နံကျပ် အနေအထားတွေ ကြုံရတတ်သည်။

တစ်ခါတစ်ရံမှု တော်တော်တန်တန်ကျပ်ရုံမဟုတ် သေရေးရှင်ရေး အနေအထားမျိုးပင် ဖြစ်နေတတ်သည်။

တစ်ခါတစ်ရံကျတော့ ပြဿနာက ကိုယ်ရင်ဆိုင် ဖြေရှင်းဖူးတာ တွေထက် ပိုခက်ခဲတာ၊ ပို၍ ကြီးမားလေးလံတာ၊

ဒါမှမဟုတ်၊ ကိုယ်က တစ်ပန်းရှုံးသော အနေအထားမှာ တစ်ဖက်လူနှင့် ရင်ဆိုင် ယှဉ်ပြိုင်ရတာ၊

အဲသလိုတွေလည်း ကြုံတွေ့ရတတ်သည်။

အောင်မြင်ဖို့ လွတ်မြောက်ဖို့ ခက်ခဲသည့် အနေအထားတွေ။

အခက်အခဲကြားမှာ ပြဿနာ အဖြေရှာသည့် အလေ့အထ နည်းပါးသူ၊ စဉ်းစားကြံဆလျှင် နည်းလမ်းတွေ့ရမည် ဟူသော ယုံကြည်စိတ်မျိုး မရှိသူဖြစ်က အဲသည် အနေအထားများမှာ လက်မြှောက် အရှုံးပေးသွားမည် ဖြစ်သည်။

သို့သော်၊ အလွယ်တကူ အလျှော့မပေးတတ်သူ၊ အကျပ်အတည်း ကြားမှာ စဉ်းစား ကြံဆတတ်သူများကတော့ သူတစ်ပါး ထင်မှတ် မထားသော နည်းလမ်း အကြံဉာဏ်များအားဖြင့် အခက်အခဲကို ဖြေရှင်း အောင်နိုင်သွားတတ်ကြသည်။

ဤအခန်းတွင် နမူနာ (၅) ခု ပေးထားရာ တစ်ခုနှင့်တစ်ခု အနည်းငယ် ကွဲပြားသည်ကို အကြောင်းပြု၍ ခေါင်းစဉ်သုံးမျိုးခွဲပြီး ဖော်ပြထားပါသည်။

## (၁) အသက်ဘေးမှ လွတ်မြောက်အောင် ရုန်းထွက်ခြင်း

သေမှာ သေချာသလောက် ဘေးကျပ်နံကျပ် အနေအထားမျိုးမှာ တီထွင် ကြံဆ နည်းလမ်းရကာ 'သေတွင်း'ထဲမှ ရုန်းထွက်နိုင်ခဲ့ကြ သူများအကြောင်း ဖြစ်ပါသည်။

### မီးသတ်သမား၏ လျှပ်တစ်ပြက်ဉာဏ်

တစ်ခါတုန်းက အမေရိကမှာ မီးသတ်သမားတစ်စု အဟုန်ကြီးသော တောမီးတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ရှည်လျားမှာစိုးသဖြင့် အနေ အထားကို အကြမ်းဖျင်းပဲ ပြောပါမည်။

တောမီးက မြင့်မောက်သော တောင်တန်းနှင့် ကျယ်ပြောသော မြေပြန့်လွင်ပြင်တို့ ဆုံရာနေရာမှာ ဖြစ်ပွားသည်။ တောင်တန်းမှာ ထင်းရှူးတောရှိ၍ လွင်ပြင်မှာ မြက်ရိုင်းတောကြီး ရှိသည်။

အစပိုင်းမှာ မီးက သိပ်မကြီးသဖြင့် မီးသတ်သမားအဖွဲ့ကို မီးနှင့် နီးသည့် နေရာနားမှာ လေထီးနှင့် ချထားပေးခဲ့သည်။

သူတို့ရောက်သွားပြီးခါမှ ထင်းရှူးတောမှာ လောင်သည့် မီးသည် တစ်ပင်က တစ်ပင် ကူးစက်ကာ မီးအုပ်ဆောင်းကြီး ဖြစ်သွားသည်။ သည်အခါ မီးရှိန် အဆမတန် မြင့်တက်၍ မီးကျီးခဲတွေ၊ မီးလောင်နေသော သစ်ကိုင်းစတွေ ပတ်ဝန်းကျင်သို့ လွင့်စဉ်ထွက်သည်။

အခြေမလှသောအခါ သူတို့ ဆုတ်ခွာကြသည်။ သို့သော် သူတို့ ပြေးလွှားရသည်က မြက်ရိုင်းတွေ ကြားမှာ။

မြက်ရိုင်းတွေ မီးစွဲသည့်အခါမှာတော့ မီးက မြင်းရိုင်းတစ်ကောင်လို တရကြမ်း ပြေးတော့သည်။

မီးသတ်သမားတွေ ကိုယ်ပေါ်ရှိသမျှ ပစ္စည်းအားလုံး ခွာချ စွန့်ပစ်ကာ မီးရှေ့က ပြေးသည်။

သူတို့ထက် မြန်သော မီးကို လွတ်အောင် ပြေးနိုင်စရာ လမ်းမရှိ။ သို့သော် လူဆိုသည်က သေရေးရှင်ရေးဆိုလျှင် ပြေးဖို့ပဲ သိတတ်ကြသည်။

အဲသည်အချိန် မီးသတ်အဖွဲ့ ခေါင်းဆောင် ဒေါ့ချ်က ပြေးနေရာမှ ရုတ်တရက် ရပ်ကာ သူ့လူတွေ အားလုံး ရပ်ကြဖို့ လှမ်းအော်သည်။ တစ်တောလုံး မီးလောင်နေသည့် အသံများ ကြားမှာ သူ့အသံကို ဘယ်သူမှ သေသေချာချာ မကြားကြ။ ကြားလျှင်လည်း ရပ်မည်မဟုတ်။ သူ့ကို မြင်သူတွေကလည်း မီးသတ်ဗိုလ်တော့ မီးလန့်ပြီး ရူးသွားပြီဟုပဲ ထင်ကြမည်။

အကြောင်းက သူက လက်ထဲ မီးခြစ်တစ်လုံး ထုတ်ကိုင်ကာ သူ့ရှေ့က မြက်ပင်တွေကို မီးထရှို့ခြင်း ဖြစ်သည်။

နေအပူရှိန် တောမီး အရှိန်တို့ဖြင့် လောင်ချင်နေလှပြီဖြစ်သည့် မြက်ရိုင်းတွေက ချက်ချင်း ထလောင်ကာ မီးတောက်တွေ အရှိန်နှင့် ပြန့်ထွက်သွားသည်။

ဒေါ့ချိက အဲသည်လို သူ မီးရှို့၍ မီးကျွမ်းပြီး ပြာနှင့် မီးမှုန် မီးမွှားလောက်သာ ကျန်ခဲ့သည့် နေရာ ကွက်လပ်ထဲ ပြေးဝင်ကာ လက်ကိုင်ပဝါကို ရေဘူးထဲက ရေနှင့်ရွှဲအောင် ဆွတ်သည်။ ထို့နောက် ရေစိုအဝတ်ကို ပါးစပ်နှင့် တင်းတင်း ကိုက်ရင်း ပြာတောထဲမှာ လှဲချကာ မျက်စိကို စုံမှိတ်၍ နေလိုက်သည်။

နောက်က ပြေးလိုက်လာသည့် တောမီးသည် သူ့အနားမှာ လောင်စာ မရှိသဖြင့် လောင်မသွား၊ သူ့ကို ကွင်း၍ သွားသည်။ မီးတောက်မီးလျှံတွေ အရှိန်ပြင်းပြင်း ဟပ်သွားတာသာ သူ ခံလိုက်ရသည်။

သူ့ဘေးပတ်လည်မှာ မီးတွေ ရှင်းသွားပြီ ဆိုတော့မှ သူ ထလာသည်။

သူ့ကိုယ်မှာ ပြာအလိမ်းလိမ်း ကပ်တာကလွဲ၍ ဘာဒဏ်ရာမျှ မရ။

သူ့လူတွေကို အပြေးအလွှား လိုက်ရှာသည့်အခါ တစ်ယောက်ကိုသာ အသက်ရှင်လျက် ပြန်တွေ့ရသည်။ အဲသည် လူက အသည်းအသန် ပြေးလွှားရင်း ကံကောင်းထောက်မ၍ ကျောက်ဆောင်အက်ကွဲ တစ်ခုနား ရောက်သွားပြီး အဲသည်မှာ တိုးကပ်ခိုအောင်းကာ အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ ကျန် လူ ၁၃ ယောက် ကတော့ မြက်ရိုင်းများနှင့် အတူ လောင်ကျွမ်း သေဆုံးသွားကြသည်။

သူတို့ ခေါင်းထဲ ဒေါ့ချိ၏ အကြံဉာဏ်မျိုး မဝင်ရောက်ခဲ့။ သူ လုပ်နေတာကို မြင်သူကလည်း သဘောမပေါက်သဖြင့် သူ့ဆီ ပြေးမလာခဲ့။ အမြန်ဆုံး ပြေးဖို့ တစ်ခုသာ သူတို့ သိခဲ့ကြသည်။

အသည်းအသန် အချိန်မှာ ဒေါ့ချိ အကြံရခဲ့သည့် မီးကို မီးဖြင့် ကာကွယ်သော နည်းသည် နောင်အခါ မီးသတ်သမား မြောက်မြားစွာကို

အသက်ဘေးမှ လွတ်မြောက်စေခဲ့သည့် လက်စွဲနည်းနာတစ်ခု ဖြစ်လာခဲ့သည်။

## မြည်းတိုင်း ဉာဏ်နည်းသလား

ရှေးတုန်းက ပုံပြင်တစ်ခု အဆိုအရ...။

တစ်ခါတုန်းက လယ်သမားတစ်ယောက်မှာ မြည်းကြီးတစ်ကောင် ရှိသည်။

မြည်းက အသက်ကြီးတော့ ငယ်ရွယ်သူများလို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် မရှိ။ တစ်ခုခု လုပ်နေလျှင် နောက်တစ်ခုကို သတိမထားမိတတ်။ သိပ်ရှုပ်ရှုပ်ထွေးထွေးတွေ သူ့သွားပြောလျှင်လည်း 'ဟေ့ ငါ့ကို နှစ်ခု သုံးခု တစ်ပြိုင်တည်း လာမပြောကြနဲ့ကွာ၊ ငါ အဲဒီလို မရဘူး' ဟု တောင်းပန်လေ့ ရှိသည်။

တစ်နေ့မှာ သည်မြည်းကြီး သူ့သခင် လယ်သမား ခြံထဲက ရေတွင်းတစ်တွင်းထဲ လိမ့်ကျသည်။ ရေတွင်းက နံဘေးမှာ အကာအရံ အတားအဆီး မရှိ။ သို့သော် ဟိုအရင်ကတည်းက သည်အတိုင်းထားတာ ဖြစ်လေတော့ အားလုံး သိကြ၏။ မြည်းကြီးလည်း သိပါသည်။ သို့သော် အဲသည်နေ့ကတော့ သူ နမော်နမဲ့နှင့် ရေတွင်းနှုတ်ခမ်းစပ်ကို နင်းမိသည်။ အဲဒါကို သူ သိလိုက်ပေမယ့် ထိန်းမရတော့။ ခြေချော်ပြီး တွင်းထဲ ကျသွားသည်။

ရေတွင်းက ခပ်နက်နက်။

တွင်းထဲကျသွားသည့် မြည်းကို ဘယ်လို ဆယ်မလဲ စဉ်းစားတော့ လယ်သမား စဉ်းစားမရ။ လူဆိုလျှင်တော့ လှေကားချပေး၊ ကိုယ့်ဘာသာ ချိတ်တက်လာခဲ့ဆိုလျှင် ကိစ္စ ပြီးသည်။ ဒဏ်ရာ အနာတရ ဖြစ်သွား၍ သူ့ဘာသာ တက်မလာနိုင်ဘူး ဆိုလျှင်လည်း

လှေကားနှစ်စင်းလောက်ချ၊ လူနှစ်ယောက် သုံးယောက် ဆင်းပြီး ကြိုးနှင့်ချည်၊ သိုင်းယူ၊ ပိုးယူ၊ တွဲယူ စသည်ဖြင့် လုပ်လို့ရနိုင်သည်။

မြည်းကျတော့ လှေကားအတိုင်း ချိတ်တက်လာခဲ့ပါ ပြောလို့လည်း မဖြစ်။ လူတွေ သွားထမ်းပိုးဖို့ကျတော့လည်း မြေပြင်ပေါ်မှာပင် မြည်းတစ်ကောင်လုံးဆို လူလေးငါးယောက်ထက်မနည်း ထမ်းပိုးကြရမှာ။ ပြီး ရေတွင်းက ကျဉ်းကျဉ်းလေး။ ဘယ်လိုမှ စဉ်းစားမရ။

အဲသည်တုန်း မြည်းကတော့ ဘေးဒုက္ခရောက်နေသည့် သတ္တဝါတို့ ထုံးစံအတိုင်း အော်နေသည်။ မြည်းအော်သံ တဖြဲဖြဲက နဂို ပုံမှန်အတိုင်းပင် အတော် စိတ်ညစ်စရာ။ ရေတွင်းထဲကျ၍ ထိတ်လန့်နာကျင်နေသည့် မြည်း အဆက်မပြတ် အော်နေတော့ ဘေးလူတွေကလည်း စိတ်ညစ်၊ ပိုင်ရှင် လယ်သမားလည်း အကြီးအကျယ် စိတ်မချမ်းသာ ဖြစ်သည်။

အဲဒါနှင့် ကြပ်ကြပ် စဉ်းစားသည်။

ဘယ်လို ကယ်ရမလဲ။

သို့သော် စဉ်းစားမရ။ ကယ်နိုင်မည့် နည်းလမ်း မရှိ ဖြစ်နေသည်။

မြည်းကလည်း အဆက်မပြတ် အော်နေသည်။ ကြားရတာ သနားလည်း သနားစရာ၊ စိတ်လည်း ညစ်စရာ။ အဲသည်တော့ စဉ်းစားသည်။

မြည်းကြီးက ခိုင်းလာတာ ကြာပြီ၊ အိုလည်း အိုလှပြီ ဆိုတော့ အလုပ်ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ အော်နေရတာလည်း သနားစရာ။ မကယ်နိုင်တော့တဲ့ အတူတူ တစ်နည်းနည်းနဲ့ မြန်မြန် ချုပ်ငြိမ်းသွားရင် သူ သက်သာမယ်။ ချုပ်ငြိမ်းခွင့် ပေးလိုက်တာ အဆိုးထဲမှာ သက်သာတဲ့ အဆိုး ဖြစ်မယ်။

အလားတူ၊ ရေတွင်းကြီးကလည်း သုံးလာတာ ၁၅မိုက လက်တက်ကတည်းကပဲ။ အခု သိပ်မကောင်းချင်တော့ဘူး။ တွင်းနံရံ တွေက ပွဲချင်ပြိုချင်နေပြီ။ အသစ်တူးမလို့ စဉ်းစားနေတာ မတူးဖြစ်သေးလို့။ အခုတော့ မထူးတော့ပါဘူး၊ ရေတွင်းရော မြည်းကြီးပါ တစ်ပါတည်း အနားပေးလိုက်တာ ကောင်းမယ်။

အဲသည်လို စဉ်းစားပြီး အိမ်နီးချင်းတွေကို အကူအညီတောင်းသည်။

'ကျွန်တော့်မြည်းကြီး မကယ်နိုင်တော့မယ့် အတူတူ ရေတွင်းထဲ တစ်ခါတည်း မြေမြှုပ် သင်္ဂြိုဟ်လိုက်တော့မယ်ဗျာ၊ ရေတွင်းကြီးလည်း ဟောင်းပြီ ဆိုတော့ ဖို့ပစ်လိုက်တဲ့ သဘောပါပဲ၊ အဲဒီတော့ မြည်းကြီး အော်သံ မြန်မြန် တိတ်သွားအောင် ဝိုင်းကူကြပါဗျာ' ဆိုတော့ အားလုံးက သဘောပေါက်သည်။ လက်မြန်ခြေမြန် ဝိုင်းလုပ်ကြသည်။

ဘာလုပ်ကြသလဲ။

မလှမ်းမကမ်းမှာ ရှိသည့် အမှိုက်သရိုက်နှင့် မြေဆွေးပုံကို ဂေါ်ပြားတွေနှင့် ထိုးကော် သယ်ယူလာပြီး ရေတွင်းထဲ ချကြသည်ပေါ့။ အဲဒါကို မြည်းကြီးကလည်း ချက်ချင်း သဘောပေါက်သည်။ ဟာ... ငါ့ကို မကယ်ဘဲ မြေကြီးနဲ့ ဖို့သတ်နေကြပါကလားဆိုပြီး စောစောက ထက် ကျယ်လောင်သော အသံနှင့် အကြီးအကျယ် ထပ်အော်တော့သည်။ စောစောကတည်းက သူ ဉာဏ်မီသလောက် စဉ်းစားပြီးပြီ။ ရေတွင်းထဲက ငါ့ကို ကယ်ဖို့ မလွယ်ဘူး ဆိုတာ သူ တွေးမိပြီး တုန်လှုပ်ချောက်ချားနေခဲ့တာ ဖြစ်သည်။

ယခုတော့ လွတ်လမ်းမရှိတော့ဘူး ဆိုတာ သေချာသွားပြီ ဆိုပြီး သူ သွေးရူးသွေးတန်း ဖြစ်သွားသည်။

ပုံပြင်တွေထဲမှာရော အပြင်လက်တွေ့ဘဝမှာပါ လူတွေက မြည်း ဆိုတာကို စဉ်းစားဉာဏ်နည်းသော သတ္တဝါဟု မှတ်ယူလေ့ရှိခဲ့သည်။ တကယ့် အဖြစ်အပျက်ကို အခြေခံ၍ ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည့် ယခု ပုံပြင်ထဲက မြည်းကြီးကတော့ ဉာဏ်မနည်းရုံမက လူတွေ နည်းလမ်းရှာမရ၍ လက်မြှောက် အရှုံးပေးထားသည့်အချိန်မှာပင် သမားရိုးကျ စဉ်းစားနည်း မဟုတ်သည့် ဖောက်ထွက်ဖြန့်ထွက် တွေးတတ်သော ဉာဏ်ဖြင့် အဖြေရှာတွေ့ပြီး သူ့အသက်ကို သူ ကယ်တင်သွားနိုင်ခဲ့သည်။

'လောကကြီးမှာ ပြဿနာအခက်အခဲကြုံလျှင် အရှုံးပေး လက်မှိုင်ချ မနေနှင့်၊ မိမိကို နှောင့်ယှက် ဟန့်တားနေသည့် ခလုတ်တံသင်းတွေကို ရှေ့သို့ လှမ်းတက်ရာမှာ အသုံးပြုမည့် ခြေနင်းတုံးတွေအဖြစ် ပြောင်းလဲပစ်လိုက်စမ်းပါ' ဆိုသည့် ပညာရှင်တို့၏ အားပေး တိုက်တွန်းစကားအတိုင်း မြည်းကြီးက လက်တွေ့ ကျင့်သုံးပြလိုက်ခြင်း ပေတည်း။

## (၂) တစ်ပန်းရှုံးသောအနေအထားမှာ ယှဉ်ပြိုင်အနိုင်ရခဲ့သူများ

အထက်တွင် ဖော်ပြခဲ့သည့် မီးသတ်သမားနှင့် မြည်းတို့သည် လုံးဝ မျှော်လင့်မထားသော အနေအထားတွင် ရုတ်တရက် သေဘေး ကြုံရပြီး၊ ယင်းမှ လွတ်မြောက်အောင် နည်းလမ်းရှာ၍ ရုန်းထွက် ခဲ့ကြခြင်း ဖြစ်၏။

တချို့မှာမူ၊ ခက်ခဲသော၊ အန္တရာယ်ရှိသော၊ မိမိဘက်က တစ်ပန်းရှုံးနေသော အနေအထားတစ်ရပ်ကို ကြိုတင် သိရှိလျက် မလွှဲမရှောင်သာ ရင်ဆိုင် ယှဉ်ပြိုင်ကြရတာမျိုး ရှိသည်။

ယင်းနှင့် ခပ်ဆင်ဆင်တူသည့် နမူနာတစ်ခု [illegible] ဖော်ပြလိုက်ပါသည်။

## သမိန်ပရမ်း၏ နည်း

မြန်မာရာဇဝင်ထဲမှာ သမိန်ပရမ်းနှင့် ဂါမဏိ [illegible] ဖတ်ဖူးကြ၏။

နှစ်ယောက်လုံး သူရဲကောင်းတွေချည်း။

မြင်းစီးကျွမ်းသည်၊ ဓားရေး လှံထိုး ကျွမ်းသည်၊ [illegible] ရှိသည်။

သို့သော် ရင်ဆိုင် တိုက်ခိုက်ရသည့်အချိန် သူတို့နှစ်ယောက်ကို ယှဉ်ကြည့်လျှင် ဂါမဏိက ဒီထိအောင် အပေါ်စီး အနေအထား ရနေတာ မြင်ရသည်။ သူက တရုတ်တို့ [illegible] လူစွမ်းကောင်း။ အစားအသောက် ကောင်းကောင်း စား၍ [illegible] အပြည့်။ မြင်းကောင်း မြင်းသန့်ကို စီး၍ ဓားလှံလက်နက်ကလည်း ကြီးကျယ် ခမ်းနားသည်။ သမိန်ပရမ်းက ဂါမဏိနှင့် တိုက်ရမည် ဆိုတော့မှ အကျဉ်းခန်းထဲကထုတ်၊ ကမန်းကတမ်း [illegible] ကျွေး၊ လမ်းဘေးက မြင်းတစ်စီးနှင့် ရက်တို လေ့ကျင့်ပြီး တိုက်ရ [illegible]

သည်ကြားထဲ ဂါမဏိက သံချပ်အကျႌ ဝတ်ထားသေးသည် ဆိုတော့ လုံးဝ မမျှတသည့် အနေအထား။ သမိန်ပရမ်းအတွက် နိုင်ရန် လမ်းမမြင်။

သို့သော် သမိန်ပရမ်းက အရုတ်အတိုက် ကျွမ်းကျင်မှု သက်သက်ကို အားကိုးပြီး ဝင်တိုက်တာ မဟုတ်။

သူ့မှာ နည်းလမ်းရှိသည်။

သို့မဟုတ် နည်းလမ်းရှာတတ်သော အလေ့အထ ရှိသည်။

ဘယ်လို တိုက်မလဲ ဘယ်လို နိုင်နိုင်စရာလမ်းရှိမလဲ ဆိုတာ စဉ်းစား ကြံဆပြီးမှ တိုက်ပွဲဝင်တာ ဖြစ်သည်။

ထို့ကြောင့် ပထမဆုံး တရုတ် လူစွမ်းကောင်းအား ပွဲကြည့် ပရိသတ် သိပ်ကောင်းနေတာကို အကြောင်းပြု၍ သူတို့နှစ်ဦး ရင်ဆိုင်မတိုက်မီ မြင်းရေး စွမ်းရည်ပြကြရန် စည်းရုံးသည်။ ဂါမဏီက သဘောတူသဖြင့် မြင်းကို ကိုယ်ကို ချုံ့၍တစ်မျိုး၊ ရပ်၍တစ်ဖုံ၊ လက်နှစ်ဖက်ဆန့်တန်း၍ တစ်နည်း အပြိုင်အဆိုင် စီးပြကြသည်။

သမိန်ပရမ်း၏ အဲသည် အစီအစဉ်က သူ မြင်းစီးကျွမ်းကြောင်း ပရိသတ်ကို ပြချင်၍မဟုတ်။ ဂါမဏီ၏ အစွမ်းအစနှင့် လက်နက် ကိုင်ဆောင် လှုပ်ရှားပုံတို့ကို အကဲခတ်လို၍ ဖြစ်သည်။ အဲဒါတွေ ကြည့်ကာ သူ နည်းလမ်းရှာမည်။

အဲသလို အကဲခတ်ရင်း ဂါမဏီ၏ သံချပ်အင်္ကျီမှာ ချိုင်းအောက်က ကြိုးပြတ်၍ ဟနေတာကို ကံအားလျော်စွာ သူ မြင်လိုက်ရသည်။

ပျော့ကွက်ကို ရှာတွေ့ပြီ။ သံချပ်ကာ၏ ပျော့ကွက်၊ သို့မဟုတ် ဂါမဏီ၏ ပျော့ကွက်။

အဲသည်တော့ တကယ် တိုက်ကြသည့်အခါ ဂါမဏီအနီးသို့ ချဉ်းကပ်ကာ တိမ်းရှောင် လှည့်ပတ်နေပြီး သူ့ကို ခုတ်ရန် ဂါမဏီ လက်မြှောက်ချိန်တွင် ချိုင်းအောက်အဟာမှနေ၍ နံကြားသို့ လှံနှင့် ထိုးသည်။ နဂိုကတည်းက လေ့ကျင့် ကျွမ်းကျင်ပြီးသားဖြစ်ရာ လှံက ထုတ်ချင်းပေါက်ဝင်သွားပြီး ဂါမဏီကျလေသည်။

## ဂျပန်ဓားသမားရဲ့ တိုက်ကွက်

သမိန်ပရမ်းတို့နှင့် ခေတ်ပြိုင် ဂျပန် ဓားရေးပြိုင်ပွဲတစ်ခု ရှိသည်။ တကီယာမို့ဂန် အီယေမစ်ဆု လက်ထက်က ဖြစ်သည်။ အီယေမစ်ဆုက ဓားခုတ်ပွဲတွေ အလွန် စိတ်ဝင်စားသည်။

တစ်ကြိမ်မှာ သူ ရှာတွေ့သည့် လက်ရွေးစင် ဓားသမားတစ်စုနှင့် ရွှမ်းရည်ပြပွဲတစ်ခု သူ စီစဉ်သည်။ ပွဲသို့ ရောက်ရှိလာသူများထဲမှာ မြင်းစီး အလွန်ကျွမ်းသည့် တန်ကူးရိုးဆိုသူ တစ်ယောက်လည်း ပါဝင်ရာ သူ့အား ရွှမ်းရည်ပြပွဲမှာ ပါဝင်ရန် အီယေမစ်ဆုက ဖိတ်ခေါ်သည်။ တန်ကူးရိုးကလည်း မငြင်း။ မြင်းစီးပြီး တိုက်ရမည် ဆိုလျှင် သူ ပါဝင်မည်ဟု ဆိုသည်။ ခါတင်မက မြင်းနှင့်ဆိုလျှင် ဘယ်သူ့ကိုမဆို သူ နိုင်အောင် တိုက်နိုင်သည်ဟုလည်း ဆိုလိုက်သေးသည်။

သို့နှင့် အီယေမစ်ဆုက သူ့ဓားသမားများအား တန်ကူးရိုး ကြိုက်သည့် ပုံစံနှင့် ယှဉ်ပြိုင်နိုင်းလိုက်သည်။ တကယ် တိုက်ကြသည့် အခါ စောစောက တန်ကူးရိုး ပြောခဲ့သည့်အတိုင်းပင် မြင်းစီး ဓားခုတ်မှာတော့ သူ့ကို ဘယ်သူမှ မယှဉ်နိုင်တာ တွေ့ရသည်။

သူက မြင်းစီး ချန်ပီယံ၊ ဟို ဓားသမားတွေက မြင်းကို သာမန် လောက်သာ စီးတတ်သူတွေ ဆိုတော့ ဓားရွှမ်းရည်ကို မြေပြင်မှာ လောက် ပြည့်ပြည့်ဝဝ မပြနိုင်ကြ။

သူ့လူအားလုံး ရှုံးပြန်တော့လည်း အီယေမစ်ဆုက စိတ်ထဲ သိပ်မကျေနပ်ချင်။ အဲဒါနှင့် ပရိသတ်ထဲက ကြည့်နေသည့် အခြား ဓားသမားတစ်ဦးဖြစ်သူ ဈူနီနိရှိကို ခေါ်ကာ ကဲ၊ ခင်ဗျား စမ်းကြည့် ဗျာဟု ဆိုပြန်သည်။

ချူနီနီရိုကလည်း မငြင်းပါ။ ပြိုင်ပွဲသုံးသည့် သစ်သားဓားတစ်လက် ဆွဲကာ မြင်းတစ်စီးပေါ် တက်လိုက်သည်။ ပြီးလျှင် တိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် မြင်းကို အသော့နှင်သွားပြီး ဘန်ကူးရိုးနား အရောက်တွင် တုံ့ခနဲ ရပ်ကာ ဘန်ကူးရိုးကို လှမ်းမခုတ်ဘဲ သူ စီးထားသည့် မြင်းနှာခေါင်းကို ဓားပြားနှင့် ရိုက်လိုက်သည်။ မြင်း ရုတ်တရက် ပတတ်ရပ်သည့်အခါ ဘယ်လောက် မြင်းစီးကျွမ်းသည့် ပုဂ္ဂိုလ်ဖြစ်ဖြစ် တခြားအလုပ်မလုပ်နိုင်၊ မြင်းပေါ်က လိမ့်မကျအောင်ဘဲ ကြိုးစားထိန်းနေရသည်။

အဲသည်အချိန် ချူနီနီရိုက ဓားနှင့် ခုတ်ချလိုက်ရာ ဘန်ကူးရိုး မြင်းပေါ်က လွင့်ကျသွားသည်။

ပြိုင်ပွဲတစ်ခု အနိုင်ရရန်အတွက် ကျွမ်းကျင်မှု အရေးပါသလို ပြိုင်ဆိုင်မည့် နည်းလမ်းကို စဉ်းစား ရွေးချယ်ထားတတ်ဖို့လည်း အရေးကြီးကြောင်း ပြသသည့် သာဓကများပေတည်း။

## (၃) အင်အားချိန်ခွင်လျှာကို ပြောင်းလဲပစ်ခြင်း

အထက်တွင် သမိန်ပရမ်းနှင့် ချူနီနီရိုတို့၊ မိမိထက် တစ်ပန်း သာနေသော၊ သို့မဟုတ် အင်အားကြီးမားသော ပြိုင်ဘက်ကို အနိုင် တိုက်နိုင်ရန်အတွက် နည်းလမ်းရှာကြပုံများကို ဖော်ပြခဲ့သည်။

သည်ဖြစ်စဉ်များကို တစ်နည်း စဉ်းစားကြည့်သော်၊ တစ်ဖက် စောင်းနင်း ဖြစ်နေသည့် အင်အားချိန်ခွင်လျှာကို ယင်းနှင့် ပြောင်းပြန် ဖြစ်အောင် ပြောင်းလဲပစ်သည့် သဘောဟုလည်း ရှုမြင်နိုင်သည်။

ဂါမဏိ၏ ခံချက်အကြီးမှာ ကျိုးပဲ့ပြီး ကြွယ်ဝလာနေသောကြောင့် သူ မင်းဖြစ် သမိန်ပရမ်း ထိခွာသွားသည့်အခါ လူ၏ အပေါ်၌ အနေအထား ပျက်ပြယ်သွားသည်။

ဈ္စနိနိဗိုကသည်း တန်ကျည်းနှင့် တိုက်ခိုက်ရသည့်ပွဲ၌ မြင်း၏ ထိရောက်မှု နယ်နိမိတ်ကို လျော့ချပြီး ဝေကံတစ်ကြိမ်တွင် မရှေ့မနောက် အနေအထားမှ မြင်းပါ အပါအဝင် ဝေကံတစ်ကြိမ်း အနေအထားကို ဆန့်ကျင် ခဲ့သော်လည်းကောင်းသောအခါ တန်ကျည်း၏ တစ်ပင်တည်းသော မြင်းစီး မာနရက် ရှုံးရသည့် အကျည်းမှုနှင့် ဖြစ်ပွားခဲ့သည်။

ယခု ဖော်ပြမည့် ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ)တို့၏ တိုက်ပွဲ တို့သဘောကို ပို၍ ထင်ရှားစွာ တွေ့ရမည် ဖြစ်သည်။

## လူဘီလူးကြီး ဂိုလိုင်းယက်(သ)ကို ဒေးဗစ်အနိုင်ယူပုံ

ခရစ်ယာန်သမ္မာကျမ်းစာလာ ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ)တို့ တိုက်ခိုက်ကြပုံ အကြောင်းကို တိုတိုကျဉ်းကျဉ်း ဖော်ပြပါမည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်၊ ယနေ့အခေါ် အရှေ့အလယ်ပိုင်းဒေသ၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့ နေရာ၌ ဣသရေလ (Israel)နှင့် ဖိလိတ္တင်း (Philistine)ဟု ခေါ်ကြသည့် လူမျိုးနှစ်စု စစ်ခင်းရန် ပြင်ဆင်နေကြ၏။

အလေ့အထကြောင့် ခေါ်သော နေရာ၏ တစ်ဖက်တစ်ချက်ရှိ တောင်ကုန်းများပေါ်မှာ နှစ်ဖက်တပ်တို့ ရှေးရှု ရင်ဆိုင်လျက် ရှိကြ၏။

တစ်နေ့မှာ ဖိလိတ္တင်းတပ်မှ ဂိုလိုင်းယက်(သ)အမည်ရှိ လူဘီလူးကြီးတစ်ယောက်က ရှေ့သို့ ထွက်လာကာ တစ်ဖက်ရန်သူတို့ထံသို့ လှမ်း၍ ဟစ်အော် ကြွေးကြော်၏။ လူရွှင်ဖော်

ရှိလျှင် ထွက်ခဲ့၊ မိမိနှင့် တစ်ဦးချင်း သတ်ကြမည်၊ ရှုံးသည့်ဘက်က ကျွန်ခံကြေး စသဖြင့် ရှေးခေတ်က စစ်သည်တို့ ထုံးစံအတိုင်း စိန်ခေါ်၏။

ဤနေရာ၌ ကြားဖြတ် ပြောရသော်၊ ရှေ့ဘက်တွင် ဖော်ပြခဲ့သည့် သမိန်ပရမ်းနှင့် ဂါမဏိ စီးချင်းထိုးပွဲသည်လည်း သည်သဘောအတိုင်း ဖြစ်၏။ တရုတ်တပ်က အင်းဝနေပြည်တော်ကို ဝိုင်းထားပြီး စိန်ခေါ်ပွဲ တောင်းဆိုတာ ဖြစ်သည်။ သူတို့ လူစွမ်းကောင်း ဂါမဏိ အနိုင်ရလျှင် မြန်မာတို့က သူတို့ဘက်သားများဖြစ်သော မော်တုံမော်ကယ်စား ညီနောင်၏ မိသားစုများကို ပေးရမည်၊ သူတို့ ရှုံးသော် နောက်ဆုတ်၍ ပြန်မည်ဟု သဘောတူညီချက်ယူကာ တိုက်ကြခြင်း ဖြစ်၏။

ဂိုလိုင်းယက်(သ)က စိန်ခေါ်သည့်အခါ ဣသရေလဘက်က ထွက်လာသူ မရှိ။

စင်စစ်၊ သူကလည်း တော်ရုံလူ ယှဉ်ပြိုင် တိုက်ခိုက်ရဲစရာ မရှိ။

လူက ဧရာမအကောင်ကြီး။ အရပ်ခြောက်တောင်တစ်ထွာရှိသည်ဟု စာက ဆိုသည်။ သည်ခန္ဓာကိုယ်ကြီးကို ကြေးဝါချပ်ဝတ်တန်ဆာ၊ ကြေးဝါမောက်၊ ကြေးဝါခြေကာတို့ဖြင့် ဖုံးအုပ် ကာကွယ်ထားသည်။

ပြီး၊ သူတစ်ပါးကို တိုက်ခိုက်ရန် လက်နက်သုံးမျိုး။

ဓားတစ်လက်၊ အရိုးရောအသားပါ ကြေးဝါနှင့် လုပ်ထားသော လှံရှည်တစ်ချောင်း၊ သံသွားတပ်ထားသည့် ကြီးမားလေးလံသော လှံတိုတစ်ချောင်း။

သည်လှံဖြင့် အရှိန်အဟုန်ပြင်းစွာ ဝေ့ရမ်း တိုက်ခိုက်ပြနေပုံက ဘုန်းလှုပ်စရာ။

ဣသရေလတပ်ဖွဲ့ဘက်က ထွက်ဝံ့သူမရှိ ဖြစ်နေစဉ် လူစွမ်းကောင်း ပေါ်လာသည်။

လူငယ်လေးတစ်ယောက်။ ဒေးဗစ်ဟု ခေါ်သည်။

သူက သိုးကျောင်းသား။ သူ့အစ်ကိုများ ရှိရာ စစ်စခန်းသို့ စားနပ်ရိက္ခာပို့ရန် ရောက်လာသူ ဖြစ်သည်။

ဘယ်သူမှ ရင်မဆိုင်ရဲသော ဂိုလိုင်းယက်(သ)ကို သူ တိုက်မည်ဟု ဒေးဗစ်က ဆိုသည်။

အားလုံးက ဝိုင်းတားကြသည်။

တားမရသဖြင့် ခွင့်ပြုလိုက်ရသည်။

ရှင်ဘုရင်ပေးသည့် ချပ်ဝတ်တန်ဆာကို သူ ငြင်းပယ်သည်။

ဂိုလိုင်းယက်(သ)နှင့် တိုက်ရန် သူ ဆင်းသွားသောအခါ သူ့မှာ သိုးကျောင်းသားတို့ ကိုင်နေကျ တုတ်တစ်ချောင်းနှင့် လောက်လွှဲ တစ်ခုပါသည်။ လောက်လွှဲထဲ ထည့်ပစ်ရန် အနေတော် ကျောက်ခဲ ငါးလုံး စမ်းချောင်းထဲက သူ ကောက်လာသည်။

ဂိုလိုင်းယက်(သ)နှင့် ရင်ဆိုင်တွေ့၍ လူ့ဘီလူးကြီးက သူ့ကို မလောက်လေး မလောက်စား ကောင်လေးဆိုပြီး ချေပစ်ဖို့ ပြေးအလာ၊ ဒေးဗစ်က လောက်လွှဲထဲ ကျောက်ခဲတစ်လုံး စီစီညက်ညက် ထည့်ကာ အားကုန်လွှဲ၍ ပစ်ထည့်လိုက်သည်။

အရှိန်နှင့် ပြေးထွက်သွားသည့် ကျောက်ခဲက ဂိုလိုင်းယက်(သ)၏ နဖူးအလယ်တည့်တည့်ကို မှန်ကာ နဖူးကြီး ချိုင့်ခွက်သွားသည်။ ဂိုလိုင်းယက်(သ)တုံးလုံးလဲသည်။ ဒေးဗစ် ပြေးသွားပြီး ဂိုလိုင်းယက်(သ)ကို တက်နင်းကာ သူ့ဓားနှင့်ပင် သူ့လည်ပင်းကို ခုတ်ဖြတ်သည်။

ဂိုလိုင်းယက်(သ)သေလျှင် ဖိလစ္စတင်းတို့ စိတ်ဓာတ်ပျက်ပြားကာ ဆုတ်ခွာပြေးကြသည်။

* * *

ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ)တို့ တိုက်ခိုက်၍ ဒေးဗစ် အနိုင်ရသွားပုံ အကြောင်းကို အားကြီးသူနှင့် အားနည်းသူပြိုင်ပွဲတွင် အားနည်းသူ အနိုင်ရသည့်ပွဲအဖြစ် ပရိသတ် နှစ်ခြိုက်ကြသည်။

သို့သော် ဒါက ဒဏ္ဍာရီမဟုတ်။

အားနည်းသူ အနိုင်ရအောင် တမင်တကာ အကွက်ဆင် ရေးသားထားသည့် ပုံပြင်မဟုတ်။

သေသေချာချာ ကြည့်လျှင် ဒေးဗစ်က လူမိုက်ကံကောင်း ဆိုသလို ရမ်းသမ်း အနိုင်ရသွားတာမျိုး မဟုတ်၊ သမိန်ပရမ်းတို့ ချူနီနိုရီတို့လို မိမိ အနိုင်ရနိုင်မည့် နည်းလမ်းကို စဉ်းစားကြံဆပြီး၊ မိမိကိုယ်ကို ယုံကြည်ပြီး၊ သေချာပြီးမှ ပြိုင်ပွဲဝင်ခဲ့သည် ဆိုတာ တွေ့ရလိမ့်မည်။

ဒေးဗစ်သည် သိုးကျောင်းသားတစ်ဦးဖြစ်ကြောင်း ရှေ့တွင် ဖော်ပြခဲ့သည်။

သိုးကျောင်းသားဆိုတာက ရွာနှင့် ဝေးသည့် တောမှာ တောင်မှာ သိုးအုပ်ကို စောင့်ရှောက်ပြီး နေရတာ ဖြစ်သည်။ ဝံပုလွေ၊ မြေခွေး၊ ခြင်္သေ့ စသည့် တိရစ္ဆာန်ချင်း အမဲလိုက်သည့် မုဆိုးတွေ ရန်က သူကိုယ်တိုင်ကိုရော သူ့သိုးတွေကိုပါ ကာကွယ်နေရသူ ဖြစ်သည်။

ထို့ကြောင့် သူက သိုးကျောင်းသား (သိုးထိန်း)များ၏ လက်နက် ကိရိယာတစ်ခုဖြစ်သည့် လောက်လွှဲကို ကိုင်တွယ်ရာမှာ အလွန် ကျွမ်းသည်။ သိုးထိန်းများလောကမှာပင် ချန်ပီယံ ဖြစ်ကောင်း ဖြစ်နိုင်သည်။

ကျွန်တော်တို့ မြန်မာလူငယ်တွေ သုံးကြသည့် လေးခွမှာ သားရေကြိုး၏ ရုန်းကန်အားကို သုံးကာ လောက်စာလုံး သို့မဟုတ် ကျောက်ခဲကို ထည့်ပစ်တာ ဖြစ်သည်။

ဒေးဗစ်တို့ လောက်လွှဲက လေးခွ၏ လောက်စာအိမ်လို သားရေပြားမျိုး ခပ်ကြီးကြီးကို တစ်ဖက်စီက ကြိုးစရှည်ရှည်ချည်၊ ကြိုးတစ်ဖက်ကို လက်မှာ ရစ်ထား၊ နောက်တစ်ဖက်ကို လိုသည့်အချိန် လွှတ်ပေးနိုင်အောင် အရှင်ကိုင်ထား၊ သားရေပြားထဲ ကျောက်တုံး ကျောက်ခဲထည့်၊ ပြီးမှ အရှိန်နှင့် လွှဲပြီး ပစ်ရတာမျိုး ဖြစ်သည်။

အဲဒါကို နေ့စဉ်နှင့်အမျှ ပစ်ခတ်နေသူများကျတော့ လက်ဖြောင့် သည့် လေးခွသမားများလို လိုရာကို မှန်အောင် ပစ်နိုင်သည်။

တကယ် လေ့ကျင့်ထားသူများကျတော့ မှန်လည်း မှန်၊ မြန်လည်း မြန်သည်။ လေထဲပျံသွားသော ငှက်ကို မှန်အောင် ပစ်နိုင်သည်။ ကိုက်တစ်ရာအဝေးက ပြေးသွားသော သားကောင်ပင် တုံးကန် လဲစေနိုင်သည်။ ပို၍ နီးမည်ဆိုလျှင်တော့ ဒင်္ဂါးပြားကိုပင် မလွဲ။ ပို၍ စကားကြီးသူများကျတော့ တစ်ဆံချည်တောင် မလွဲဘူးဗျာဟုပင် ဆိုကြသည်။

ဆိုချင်သည်က၊ ဒေးဗစ်သည် လောက်လွှဲပစ်ရာမှာ အလွန် လက်ဖြောင့်သူ၊ သူ့ကိုယ်သူလည်း ယုံကြည်သူ ဟူ၍ ဖြစ်သည်။

အဲသည် အနေအထားမျိုးမှာ ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ)ကို ပြန်စဉ်းစားကြည့်လိုက်တော့ ဘယ်သူ တစ်ပန်းသာနေသလဲ။

ဂိုလိုင်းယက်(သ)သည် လူ့ဘီလူးကြီး ဖြစ်သည်။

သူ့ခန္ဓာကိုယ်ကို ချပ်ဝတ်တန်ဆာတွေကလည်း ကာကွယ် ပေးထားသေးသည်။

သူကိုင်စွဲသည့် ဓားလှံလက်နက်တွေကလည်း ကြောက်စရာ။

သို့သော်၊ အဲဒါတွေသည် တစ်ယောက်နှင့် တစ်ယောက် လက်တစ်ကမ်းအကွာ၊ ဒါမှမဟုတ် လူလူချင်း ထွေးလုံးရစ်ပတ်

သတ်ပုတ်သည့်အခါမျိုးမှာ သူ မုချ အနိုင်ရစေမည့်၊ သူ့ဘက်က စွမ်းအားများ ဖြစ်သည်။

သို့သော်၊ ဒေးဗစ်က သူ့ကို အနီးကပ် မတိုက်။ မလှမ်းမကမ်းက တိုက်သည်။

ဒေးဗစ်သည် ချပ်ဝတ်တန်ဆာမပါ၊ သိုးကျောင်းသားလိုပဲ ပေါ့ပေါ့ပါးပါး ဝတ်စားထားသည်ဖြစ်ရာ သွက်လက်လျင်မြန်စွာ ပြေးလွှားနိုင်သည်။ ဂိုလိုင်းယက်(သ)က လူကြီး ခွန်အားကြီးသော်လည်း လေးလံသော ချပ်ဝတ်တန်ဆာများကြောင့် လျင်မြန်စွာ မပြေးလွှားနိုင်။ သူ့လို လက်နက်ကိရိယာမျိုး ကိုင်ဆောင်ကာ သူ့နည်းတူ ထိုးမည့် ခုတ်မည့်သူမျိုးကို သူ ရင်ဆိုင်နိုင်သည်။ အလွယ်တကူ အနိုင် ယူနိုင်သည်။ သို့သော် အဝေးက ရန်သူကို သူ မတိုက်ခိုက်နိုင်။

ဒေးဗစ်က လက်ဖြောင့်သည်။ ဂိုလိုင်းယက်(သ)တစ်ကိုယ်လုံး သံချပ်ကာ ဖုံးထားသော်လည်း ပေါ်နေသော နဖူးပြင်သည် ဒင်္ဂါးပြားထက် အများကြီးကြီးသည်။ ပြီးတော့ သူက သေချာအောင် ကျောက်ခဲငါးလုံး ထည့်လာသည်။ လွဲမည်ဆိုလျှင်ပင် တစ်ချက် နှစ်ချက်ထက်တော့ လွဲစရာ မရှိ။

စင်စစ်၊ သူက ဂိုလိုင်းယက်(သ) မျှော်မှန်းထားသည့် ဗလအားကိုး တိုက်ခိုက်မည့်ပွဲကို ကျွမ်းကျင်မှု စွမ်းရည် ယှဉ်ပြိုင်သည့် ပွဲအဖြစ် ပြောင်းလဲကာ အနိုင်ယူခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

## အခန်း (၂)

# ဖောက်ထွက် အတွေးတို့၏ သဘော

အခန်း (၁)တွင် အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူများ အကြောင်း ရေးခဲ့သည်။ တစ်ခန်းတည်းမှာ နမူနာ ၅ ပုဒ် စုစည်း ပေးထားသော်လည်း တစ်ခုနှင့်တစ်ခု တစ်ထပ်တည်းတော့ မတူကြ။

မီးသတ်သမားနှင့် မြည်းသည် သေရေးရှင်ရေး အကျပ်အတည်း ကြုံချိန်တွင် အသက်ဘေးမှ လွတ်မြောက်ရာ နည်းလမ်းကို၊ ပြဿနာ ဖြစ်ဆဲ ပတ်ဝန်းကျင်ထဲမှာပင် မြင်ပြီး၊ ရုတ်တရက် ယူငင် သုံးစွဲနိုင်ခဲ့ကြခြင်း ဖြစ်သည်။

သမိန်ပရမ်းနှင့် ဂျပန်စားသမားတို့ကတော့ အထက်ကလို အသည်းအသန် အနေအထားမှာ ရုတ်ခြည်း နည်းလမ်းရှာရတာမျိုး မဟုတ်။ သူတို့က စဉ်းစားကြံဆရန် အချိန် အတန်အသင့်စီရကြသည်။

သို့သော် သူတို့နှစ်ဦးလည်း မတူကြ။

သမိန်ပရမ်းက အရေးနိမ့်လျှင် အသက်ပေးရမည့် အနေအထား။

ဂုဏ်သိက္ခာကို ရင်းရတာ ဖြစ်သည်။

မျိုးနီနီရီကတော့ နည်းလမ်းရှာပုံချင်း၊ သို့မဟုတ် နည်းလမ်းရှာတွေ့ပုံချင်းမှာလည်း သူတို့နှစ်ဦး နည်းနည်းတော့ ကွဲပြားကြသည်။

သမိန်ပရမ်းက တိုက်ရိုးတိုက်စဉ်မှာပဲ ဉာဏ်နည်းနည်း ထည့်ပြီး စဉ်းစားတာ ဖြစ်သည်။ ဂါမဏိမှာ ဘာအားသာချက် အားနည်းချက်တွေ ရှိမည်လဲ။ သူ့ကို ဘယ်လို တိုက်ကွက်မျိုး သုံးမည်လဲ။ အဲဒါတွေ မြင်အောင်၊ နည်းလမ်းရှာ၍ ရအောင် ဓားရေးလှံရေးပြကြဖို့ သူ စီစဉ်တာ ဖြစ်သည်။ အကယ်၍ ထူးထူးခြားခြား ဘာမှ မတွေ့ခဲ့ရသော် မိမိ မြင်းစီးကျွမ်းတာ၊ ဓားရေးလှံရေးကျွမ်းတာကိုပဲ အားကိုးပြီး တိုက်ရမည်ဖြစ်ပြီး၊ အကယ်၍ ဂါမဏိက သူ့ထက် ပိုကျွမ်းနေသော် သူ ရှုံးမည်သာ ဖြစ်သည်။

တစ်နည်းပြောသော် ချပ်ဝတ်တန်ဆာမှာ ချိုင်းကြားက သံချပ်ကြိုး ပြတ်နေတာ မြင်လိုက်ရသဖြင့် သူ အခွင့်အရေးရသွားခြင်း ဖြစ်ပြီး တိုက်ကွက်ကို စဉ်းစားပုံကတော့ သမားရိုးကျ ဘောင်ထဲမှာပင် ရှိသည်။

မျိုးနီနီရီ စဉ်းစားတာကတော့ သမိန်ပရမ်းထက် ဘောင်ပိုကျယ်သည်ဟု ဆိုရမည်။ သူက ဘန်ကူးရိုးကိုချည်း မစဉ်းစား။

သူနှင့် ဘန်ကူးရိုး၊ သူ့ဓားနှင့် ဘန်ကူးရိုး။ ပြီး၊ တစ်ယောက်နှင့် တစ်ယောက် ချဉ်းကပ်လာမည်၊ ခုတ်မည်၊ ကာမည်၊ ခွာမည်၊ ပြန်ချဉ်းကပ်မည်၊ ပြန်ခုတ်မည်၊...အဲသည် ဘောင်ထဲလောက်တွင်သာ မစဉ်းစား။

သူက ထိတွေ့မှုဘောင်ကို ချဲ့ထွင်၍ စဉ်းစားသည်။

ဘန်ကူးရိုးအပြင် သူ၏ မြင်းကိုပါ တိုက်ကွက်ထဲတွင် သို့မဟုတ် ပစ်မှတ်ထဲတွင် ထည့်သွင်း စဉ်းစားလိုက်ခြင်း ဖြစ်သည်။

အဲဒါကို ဖောက်ထွက်တွေးခြင်း (lateral thinking) သို့မဟုတ် သေတ္တာအပြင်ထွက် စဉ်းစားခြင်း (out of the box thinking) ဟု ဆိုနိုင်သည်။

ဘန်ကူးရိုးကို သမားရိုးကျနည်းနှင့် ဝင်ခုတ်လျှင် သူ နိုင်နိုင်စရာ မရှိ။ ဘန်ကူးရိုးက သူ့ထက်လျင်နေသည်။ ဂါမဏိလို ချိုင်းကြား ဟနေတာမျိုး ဖြစ်လျှင်ပင် သူ့အနီး ချဉ်းကပ်ပြီး လှံနှင့် ထိုးဖို့ မလွယ်။ ထို့ကြောင့် တိုက်ခိုက်ရမည့် ဧရိယာနယ်ပယ်ကို ချဲ့ကာ မြင်းကိုပါ ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။

မြင်းမှာမှ အစွန်းအဖျားဆုံး ဖြစ်သည့် နှာနုအထိ။

ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ)တိုက်ပွဲကျတော့၊

ပြန်စဉ်းစားကြည့်လျှင် ဒေးဗစ်က သမိန်ပရမ်းနှင့် မျူနိနိရိတို့ အနေအထားနှင့် အများကြီး ကွဲပြားခြားနားသွားတာ တွေ့ရသည်။ သူက မတိုက်ခင်ကပင် အနိုင်ရဖို့ သေချာနေသော သဘောရှိသည်။

ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ) တိုက်ပွဲကို အကြောင်းပြုကာ သူလိုငါလို လူများက ဘီလူးကဲ့သို့ အင်အားကြီးသည့် ပုဂ္ဂိုလ် အဖွဲ့အစည်းများကို အနိုင်ရအောင် တိုက်ခိုက်နိုင်ပုံ အကြောင်းကို သုတေသီ မယ်လကမ်ဂလက်(ဒ)ဝဲလ် (Malcolm Gladwell) က David and Goliath:Underdogs, Misfits and the Art of Battling Giants အမည်ဖြင့် ကျမ်းတစ်အုပ် ပြုစုခဲ့ရာ အထူး အောင်မြင် ထင်ရှားသည်။

၎င်းစာအုပ်တွင် ဂလက်(ဒ)ဝဲလ်က ဒေးဗစ်နှင့် ဂိုလိုင်းယက်(သ) ယှဉ်ပြိုင်ရာတွင် ဒေးဗစ် တစ်ပန်းမရှုံး၊ ဂိုလိုင်းယက်(သ)သာ တစ်ပန်းရှုံးသည်။ ဘယ်လောက်အထိ ရှုံးသနည်းဟူမူ၊ ဓားသမား လှံသမားက သေနတ်သမားကို ရင်ဆိုင်ရသလောက် တစ်ပန်းရှုံးသည်ဟု ဆိုခဲ့သည်။

သူက၊ ပေ ၁၀၀ အကွာရှိ ပစ်မှတ်တစ်ခုသို့ ကျွမ်းကျင်သော လောက်လွှဲသမား ပစ်ခတ်လိုက်သည့် အရှိန်ပြင်းသော ကျောက်ခဲ တစ်လုံး၏ ထိမှန်ချက်သည် ယနေ့ခေတ် အများသုံးပစ္စတိုတစ်လက်၏ ထိချက်လောက်ပင် ပြင်းထန်ကြောင်း၊ အစ္စရေး စစ်တပ်မှ လက်နက် ပါရဂူတစ်ဦး၏ တွက်ချက်မှုကို အကိုးအကားပြု၍ ပြောဆိုသည်။

တစ်နည်းပြောသော် ပွဲစကတည်းက ဂိုလိုင်းယက်(သ)အတွက် မျှော်လင့်ချက် မရှိ ဟူသော သဘော သူပြောလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍၊ ဖောက်ထွက် အတွေးတို့၏ သဘောကို ဖော်ပြပါမည်။

## (၁) သေတ္တာအပြင်ဘက် ထွက်၍ စဉ်းစားနည်း

Thinking outside the box ဟူ၍လည်း သုံးနှုန်းသည်။ Thinking out of the box; thinking beyond the box စသဖြင့်လည်း ခေါ်ကြ၏။

သေတ္တာ သို့မဟုတ် အကန့်အသတ်တစ်ခုထဲ မနေဘဲ ယင်း၏ ကန့်သတ်မှု ဘောင်အပြင်ဘက် ထွက်၍ စဉ်းစားခြင်း ဟူသော အဓိပ္ပာယ်ဖြစ်၏။

စင်စစ်၊ ပြဿနာတစ်ရပ်ကို သမားရိုးကျ ပုံစံ မစဉ်းစားဘဲ ကွဲပြားသော ချဉ်းကပ်ပုံသစ်တစ်ခုဖြင့် တီထွင်ကြံဆ စဉ်းစားခြင်းမျိုး ဖြစ်ရာ၊ ဖောက်ထွက်တွေးခြင်း (ဘေးဘက် ဖြန့်ထွက်တွေးခြင်း) (lateral thinking) သဘောပင် ဖြစ်သည်။


❖

သေတ္တာ(ဘောင်)အပြင်ထွက် စဉ်းစားခြင်းဟူသော စကားမှာ ၁၉၇၀ ကျော် ၈၀ ကျော် ခေတ်လောက်က စီမံခန့်ခွဲရေး ပညာရှင်များ

အဓိကသုံး၍ လူသိများလာသော စကားလုံးဖြစ်သည်ဟု ဆိုသည်။ ၎င်းပညာရှင်တို့က မိမိတို့ထံ အလုပ်အပ်သော လုပ်ငန်းရှင်တို့ကို ပဟေဠိတစ်ခု အဖြေရှာကြည့်ခိုင်းလေ့ ရှိသည်။

အစက် ၉ စက် ပဟေဠိ၊ (nine dots puzzle)

ပုံမှာ ပြထားသည့် အနေအထားအတိုင်း ရှိသည့် အစက် ၉ စက်။




အဲသည် အစက် ၉ စက်ကို မျဉ်းဖြောင့်များဖြင့် ဆက်ရမည်။ မျဉ်း ၄ ကြောင်းထက် မပိုစေရ။ ခဲတံ၊ ဘောပင်ကို စက္ကူပေါ်က မကြွဘဲ တစ်ဆက်တည်း ဆွဲရမည်။ ထို့ပြင် မည်သည့် မျဉ်းကြောင်းမှ လည်း နှစ်ခါ မထပ်စေရ။

အဲသလို ဆွဲနိုင်မည်လား မေးသည်။ လက်တွေ့ စမ်းကြည့်ခိုင်း သည်။

သည်အခါ၊ သမားရိုးကျ စဉ်းစားသူတွေ အဖြေရလေ့မရှိ။ အစက် ၉ စက်၏ ဘောင် သို့မဟုတ် သေတ္တာပုံနယ်နိမိတ်စည်း၏ အပြင်ဘက်သို့ ထွက်၍ စဉ်းစားသူတွေသာ အဖြေရကြသည်။

သို့သော် (အဖြေကို ကြည့်ထားသူ မဟုတ်လျှင်) အထက်ကလို ပြောရုံမျှလောက်နှင့်လည်း အဖြေရချင်မှရသည်။ သေတ္တာအပြင်ဘက် ထွက်တွေးသည် ဆိုတာကိုလည်း သဘောပေါက်ချင်မှ ပေါက်ဦးမည်။

အောက်မှာ ဖော်ပြထားသည့် အဖြေကို ကြည့်လျှင်တော့ သေတ္တာပြင်ဘက် ထွက်စဉ်းစားသည် ဆိုတာ ဘယ်လိုဟူ၍ သဘောပေါက်လိမ့်မည်။



ပုံကို ကြည့်လျှင် လေးထောင့်ကွက် (သေတ္တာပုံသဏ္ဌာန်) ပျက်သွားတာ တွေ့ရလိမ့်မည်။ နေရာနှစ်ခုမှာ မျဉ်းကြောင်းက ပြင်ဘက် (ဘေးဘက်) ချွန်ထွက်သွားပြီး အစက်တစ်စက်ကလည်း အပြင်ဘက် ရောက်နေသလို မြင်ရသည်။ သို့သော် ၉ စက်လုံးကိုတော့ စက္ကူပေါ်က လက်မကြွဘဲ တစ်ဆက်တည်း ဆွဲသွားနိုင်တာ တွေ့ရလိမ့်မည်။

သည်လို စဉ်းစားနည်းမျိုးကို သေတ္တာအပြင်ဘက် စဉ်းစားနည်းဟု ခေါ်တာ ဖြစ်သည်။

စီမံခန့်ခွဲရေး ပညာရှင်၊ သို့မဟုတ် လုပ်ငန်း အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့က အစက် ၉ စက် ပဟေဠိကို နမူနာအဖြစ် သုံးစွဲပြသည့် ရည်ရွယ်ချက်သည် လုပ်ငန်းကိစ္စ စဉ်းစားရာ၌ ဘတ်ဂျက်ပမာဏ၊ လက်ရှိ လူအရင်းအမြစ်အင်အား၊ သတ်မှတ်အချိန်ကာလ၊ ဘဏ်များ အပါအဝင်ဆက်စပ် လုပ်ငန်းတို့၏ ပုံမှန် လုပ်ထုံးလုပ်နည်း၊ စသည့် ဘောင်များ အကန့်အသတ်များထဲမှာချည်း မစဉ်းစားဘဲ ၎င်းဘောင် များကို ကျော်လွှားလွန်မြောက်နိုင်သည့် နည်းလမ်းများ ကိုပါ တီထွင် ကြံဆ သုံးစွဲခြင်းအားဖြင့် စောစောက မဖြစ်နိုင်သော လုပ်ငန်းတစ်ရပ်ကို ဖြစ်အောင် လုပ်ကိုင်နိုင်ကြောင်း ပြသလို၍ ဖြစ်သည်။

သို့သော်၊ သေတ္တာပြင်ပ စဉ်းစားနည်းကို စီးပွားရေးလုပ်ငန်း လောက၌သာ မဟုတ်။ အခြား နေရာများ၌လည်း အသုံးချနိုင်၏။

ဥပမာ၊

**တံတားအောက်မှာ ကားညပ်နေသည့်အခါ**

ခုံးကျော်တံတားတစ်ခုအောက်က ကုန်တင်ကားတစ်စီး ဖြတ်မောင်း သည်။ ကားမောင်းသူက ကားနှင့် တံတား လွတ်မှ လွတ်ပါ့မလား သံသယရှိသည်။ သို့သော် သူက အလျင်လိုနေသည်။ ပြီး စောစော ကလည်း သည်လို တံတားခပ်နိမ့်နိမ့် တစ်ခုအောက်က သူ ဖြတ်မောင်း လာခဲ့ပြီးပြီ။ အလွန်ဆုံး မသိမသာ ပွတ်တိုက်မိရုံ လောက်သာ ရှိနိုင်သည်။ အဲသလို သူ လိုရာ ဆွဲတွေးပြီး တံတား အောက်ကို ဝင်သည်။ ဂျီ–ဂျီ–ဂျီ နှင့် အပေါ်မှာ ငြီသံ ပွတ်တိုက်သံ သူ ကြားရ သည်။ နောက်ဆုတ်မလား ရှေ့တိုးမလား ခဏရပ်ပြီး သူ စဉ်းစားသည်။ အင်း၊ စောစောကလည်း ငြိသွားပြီပဲ။ မထူးပါဘူး။ သည့်ထက်ပိုပြီး

ငြိစရာ ရှိမည် မဟုတ်ဆိုပြီး ရှေ့ဆက်တိုးသည်။ အပေါ်က ငြိသံ ပိုကျယ်လာပြီး ကားက ရပ်သွားသည်။

တံတားနှင့် ကား ညပ်နေပြီ။

နောက်ဆုတ်ကြည့်သည်၊ မရ။

ရှေ့တိုးကြည့်သည်၊ မရ။

ဘယ်လို လုပ်မည်နည်း။

ကားပေါ်က ဆင်းပြီး ကြည့်သည်။ ကားခေါင်မိုးနှင့် တံတား ဝမ်းဗိုက်က တစ်သားတည်း ဖြစ်နေသည်။

တံတားက မြှောက်၍ ချ၍ရသော တံတားအရှင်မျိုး မဟုတ်။ ရိုးရိုး ကွန်ကရိတံတား။ သူ့ကို သွားလုပ်၍မရ။

ဒါဆိုလျှင် ကားခေါင်မိုးကိုပဲ တစ်ခုခုလုပ်ရမည်။ ဒါကို ဖြတ်ချ၍ ရမလား။ ဖြတ်လျှင် ဘယ်လို ဖြတ်မလဲ။ သူ စဉ်းစားမရ။

အကူအညီလိုက်ရှာတော့ တံတားဟိုဘက် သိပ်မဝေးသော တစ်နေရာမှာ ဝပ်ရှော့တစ်ခု ရှိတာ သိရ၍ သွားခေါ်သည်။

သူပြောတာ နားထောင်ပြီး ဝပ်ရှော့က ပုဂ္ဂိုလ်တစ်ယောက် လိုက်လာသည်။

သည်လူက တစ်ယောက်တည်း ဘာလုပ်လို့ ရနိုင်မလဲဟု ကားမောင်းသူက တွေးသည်။ အင်းလေ၊ ဘာဘယ်လိုလုပ်ရမယ် ဆိုတာ သူ ကြည့်ပြီးကာမှ လိုအပ်တဲ့ ပစ္စည်းကိရိယာနဲ့ လူအင်အား ခေါ်လိမ့်မယ် ထင်ပါတယ်ဟု စဉ်းစားပြီး ကားဆီ ခေါ်လာသည်။

ဝပ်ရှော့ဆရာက ကားခေါင်မိုးနှင့် တံတားညပ်နေတာ ကြည့်ပြီး နောက်၊ 'ကားဘီးတွေ အားလုံး လေလျှော့ဗျာ' ဟု ဆိုသည်။

ဘီးတွေ အတော်လေး ပြားသွားသည့်အခါ 'မောင်းကြည့်ဗျ'ဟု ဆိုသည်။

ကားဆရာ တက်မောင်းသည်။ ခေါင်မိုးက အသံမကြားရ။

တံတားအောက်က လွတ်မြောက်လာပြီးသည့်အခါ ဝပ်ရှော့ဆရာက ကျွန်တော့်ဆီမှာ လေထိုးပေးမယ်ဟု ပြောပြီး၊ ကားပေါ်တက်လိုက်လာသည်။

ပြီးသွားပြီ။

•

အဲဒါလည်း ဖောက်ထွက်တွေးနည်းခေါ်ခေါ်၊ သေတ္တာအပြင်ဘက်ထွက်၍ စဉ်းစားနည်းခေါ်ခေါ်၊ အဖြေရစေမည့် တီထွင် ကြံဆစဉ်းစားနည်းပဲ ဖြစ်သည်။

ပြဿနာအတွက် အဖြေကို ငြိနေသော တံတားဝမ်းဗိုက်နှင့် ကားခေါင်မိုးတစ်ဝိုက်မှာချည်း ရှာဖွေမနေ၊ ကားခေါင်မိုးကို ဖြုတ်မည်လား၊ တံတားဝမ်းဗိုက်ကို ဆောက်နှင့် ထွင်းမည်လား ဟူ၍လည်း တွေးတောမနေဘဲ၊ သည်ကား ခုလောက်မမြင့်အောင် ဘယ်လိုလုပ်နိုင်မလဲ ဟူ၍ ပြောင်းလဲ စဉ်းစားသည့်အခါ အဖြေအတွက် အာရုံစူးစိုက်ရာ နေရာသည် ခေါင်မိုးမှနေ၍ ဘီးသို့ ရောက်လာသည်။

အဖြေတွေ့ပြီ ဆိုတော့လည်း အလွယ်လေးလိုပင်။

## (၂) ဖောက်ထွက်အတွေးနမူနာများ

ကျောင်းသင်ခန်းစာမှာ သင်္ချာပုစ္ဆာများ အဖြေထုတ်သည့်အခါ ပုစ္ဆာမှာပါသည့် ကိန်းဂဏန်း အချက်အလက် ဘောင်ထဲမှာပင် တွက်ချက်ရသည်။ ပေးမထားတာတွေ ထည့်သွင်း စဉ်းစားလို့မရ။ တွက်နည်းကိုပင် သတ်မှတ်ပေးထားသည့် တွက်နည်းများမှအပ အခြားနည်းမသုံးရ။

ဒါက ကျောင်းသင်ခန်းစာတွေ တစ်ဆင့်စီ တစ်ကန့်စီ သင်ယူလေ့ကျင့်တတ်မြောက်နိုင်ဖို့ လုပ်ထားသည့် အစီအစဉ် ဖြစ်သည်။ စာသင်သားဘဝမှာ ဒါကို လိုက်နာရမည်။ ကျောင်းစာမေးပွဲ ဖြေသည့်အခါလည်း သည်အတိုင်း ဖြေနိုင်မှ အမှတ်ရမည်။

လက်တွေ့လောကဦ ပြဿနာများ အဖြေရှာသည့်အခါတွင်မူ အဆင့်တွေ၊ အကန့်တွေထဲမှာ အသေနေ၍မရ။ ရှိသည့် အရာမှန်သမျှ ထည့်တွက်ရသည်။ အဖြေထွက်နိုင်သည့် နည်းလမ်းမှန်သမျှကိုလည်း စဉ်းစား ကြံဆ အသုံးချရသည်။

ဘောင်ကလေးထဲမှာ တွေးနေလျှင် အဖြေမပေါ်။ တစ်ခါတစ်ရံဦ ဘောင်ထဲမှာ အဖြေပင် မရှိ။ တွေးရိုးတွေးစဉ် လမ်းကြောင်းမှ ဘေးဖဲ့ကာ သို့မဟုတ် သမားရိုးကျဘောင်ကို ဖောက်ထွက်ကာ တီထွင် ကြံဆ စဉ်းစားနိုင်မှ အဖြေရတတ်သည်။

စင်စစ် ဘောင်ဆိုတာကလည်း အခါခပ်သိမ်းရှိသည် မဟုတ်။ မိမိကိုယ်တိုင်က ဘောင်ကလေးထဲမှာ စဉ်းစားတာ အကျင့်ပါနေသဖြင့် ကိုယ့်ဘာသာ ဘောင်ခတ်မိသလို ဖြစ်ကာ အဖြေထွက်မည့်ဘက်သို့ မရောက်နိုင်တာမျိုးလည်း ရှိတတ်သည်။

တီထွင်ဉာဏ်ကြီးသည့် ပုဂ္ဂိုလ်၊ မိမိ၏ ပင်ကို ဉာဏ်ကို အသုံးပြုသည့် အလေ့အထ ပြည့်ဝသော ပုဂ္ဂိုလ်များကတော့ အတွေးရဲခြင်း၊ ဖောက်ထွက်တွေးတတ်ခြင်းတို့ကြောင့်ပင် လမ်းသစ် တီထွင်သူ၊ သူတစ်ပါးကို ဦးဆောင်နိုင်သူများ ဖြစ်လာတတ်ကြသည်။

နမူနာအဖြစ် ပုဂ္ဂိုလ်နှစ်ယောက်ကို ပြချင်သည်။

တစ်ယောက်က ကမ္ဘာ့သမိုင်းတွင် ထင်ရှားသည့် အင်ပါယာ ဧကရာဇ်အလက်ဇန္ဒား-သ-ဂရိတ် (Alexandre-the-Great ၃၅၆-၃၂၃ ဘီစီ) ဖြစ်သည်။

## အလက်ဇန္ဒားနှင့် ဂေါဒီယန်ကြိုးထုံး

အလက်ဇန္ဒား–သ–ဂရိတ်သည် နယ်ပယ်ချဲ့ထွင်ရင်း ပါရှားအင်ပါယာ အစွန်အဖျားရှိ ဖရီးဂျီးယားပြည်သို့ ရောက်သည်။ သည်အခါ ထိုဒေသတစ်ခွင်၌ ထင်ရှားသည့် ဂေါဒီယန်ကြိုးထုံး (Gordian Knot) နှင့် တွေ့ရသည်။

သည်ကြိုးထုံးအကြောင်းကို လိပ်ပတ်လည်အောင် ပြောရသော်...။

တစ်ခါ၌ ဖရီးဂျီးယားမှာ စိုးစံမည့် ရှင်ဘုရင် ကင်းမဲ့နေသည်။ မင်းမြှောက်မည့်သူ ရှာနေချိန် ဖရီးဂျီးယားတွေ ကိုးစား ယုံကြည်သည့် နတ်ဗေဒင် (Oracle)က နိမိတ်ဖတ်သည်။ ယခုအချိန်မှစ၍ မြို့တံခါးဝတွင် စောင့်ကြည့်ပါ၊ မြို့တွင်းသို့ နွားလှည်းနှင့် ပထမဆုံး ဝင်လာသူသည် ရှင်ဘုရင်ဖြစ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်၊ ဟူ၍။ သို့နှင့် နတ်ဗေဒင်၏ စကားအတိုင်း စောင့်ကြည့်ကြစဉ် ဂေါဒီယပ်(စ) (Gordius) အမည်ရှိ လယ်သမား နွားလှည်းနှင့် ဝင်လာရာ သူ့အား ဝိုင်း၍ ရှင်ဘုရင်မြှောက်ကြသည်။

ဂေါဒီယပ်(စ)သည် ဖရီးဂျီးယားကို ကောင်းစွာ စိုးစံနိုင်ခဲ့၍ သူ့သား မိဒတ်(စ) (Midas)လက်ထက်ရောက်သည့်အခါ ဖခင်ကို ရှင်ဘုရင်ဖြစ်အောင် မစခဲ့သည့် နတ်ဒေဝတာတို့၏ ကျေးဇူးကို သိမှတ်သောအားဖြင့် ဖခင်စီးခဲ့သော နွားလှည်းကို နန်းရင်ပြင်ရှိ ဇူးစ် နတ်မင်းကြီး ဗိမာန်၌ ပသပူဇော်ထားသည်။ နောက်တွင် ဗိမာန်ရှိ နတ်ဆရာ ပုရောဟိတ်တို့က လှည်းထမ်းပိုးနှင့် ထမ်းပိုးကျည်းကို ကြိုးဖြင့် ခိုင်မာစွာ တုပ်နှောင်ပြီး ထိုကြိုးထုံးကို ဖြေနိုင်သောသူသည် အာရှတိုက်တစ်ခုလုံးကို အစိုးရသော မင်းဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်သည်။ ထိုဟောချက်ကြောင့် အနယ်နယ်အရပ်ရပ်မှ

လူတို့ လာရောက်ကာ ကြိုးထုံးကို ဖြေရန် ကြိုးစားသည်။ သို့သော် မည်သူမျှ မအောင်မြင်။ ကြိုးကို ထုံးထားပုံက ပညာသားပါလှသည် ဖြစ်ရာ ကြိုးတွေ ရစ်ပတ်နေတာသာ မြင်ရပြီး ကြိုးစတစ်စကိုမျှပင် ရှာမတွေ့နိုင်ကြ။

ဂေါ်ဒီယန် ကြိုးထုံးအမည်ဖြင့် ထင်ရှားနေသည့် အဲသည် ပဟေဠိကြိုးထုံးရှိရာသို့ အထက်က ဆိုခဲ့သည့်အတိုင်း အလက်ဇန္ဒား ရောက်လာခြင်း ဖြစ်သည်။

လူတကာ လက်မြှောက် နောက်ဆုတ်ခဲ့ရသည့် ဂေါ်ဒီယန် ကြိုးထုံးပြဿနာကို အလက်ဇန္ဒား မည်သို့ အဖြေရှာမည်နည်း။ 'ဒါကတော့ ဘယ်သူမှ ဖြေနိုင်မှာ မဟုတ်ဘူးကွ'ဟု ပြုံး၍ပြောကာ လှည့်ထွက် သွားလေမည်လား၊ ဒါမှမဟုတ် စစ်ပွဲတကာ အောင်နိုင်လာခဲ့သည့် ငါကဲ့သို့သော မင်းဧကရာဇ်ကို ပရိသတ်ရှေ့မှာ အရှက်ခွဲသည်ဟု စွပ်စွဲကာ ကြိုးထုံးရှိရာ ခေါ်လာခဲ့သည့် မှူးမတ်များကိုပဲ အမျက်ဒေါသထွက်လေမည်လား။

အနီးဝန်းကျင်သို့ ချဉ်းကပ်နိုင်သူအားလုံး မျက်တောင်မခတ် အကဲခတ်နေကြသည့်အချိန်.....။

အလက်ဇန္ဒားက ကြိုးထုံးကို သေသေချာချာ ကြည့်သည်။ အစမရှိ အဆုံးမရှိ၊ အထုံးချည်းသက်သက်။ ကြိုးအထပ်ထပ် ရစ်လိမ်ပတ်ကာ ဘယ်သူကအောက် ဘယ်သူကအထက် ခွဲခြားရန် အလွန်ခက်သည်။ အစနှစ်ခုလုံး မမြင်ရအောင် ထုံးထားသည့် ဉာဏ်များလှသော ကြိုးထုံးကို သမားရိုးကျနည်းဖြင့် ဖြေဖို့ ကြိုးစားလျှင် ဉာဏ်နည်းရာ ရောက်လိမ့်မည်။

အလက်ဇန္ဒား နောက်တစ်လှမ်းဆုတ်သည်။

လက်လျှော့သွားတာ မဟုတ်။

ခါးမှ ဓားကို ဆွဲထုတ်သည်။ စစ်မြေပြင်မှာ ရန်သူရော ရန်သူ ကိုင်ဆောင်သည့် ဒိုင်းလွှားများပါ ခုတ်ပိုင်းနေကျ ဓားကိုလှသည့်ဓား။

တစ်ချက်တည်း လွှဲကာ ခုတ်ပိုင်းချလိုက်သည်။

ကြိုးအထပ်ထပ်တို့ ပိုင်းပြတ်ကာ နာမည်ကျော် ဂေါ်ဒီယန် ကြိုးထုံး ပြေသွားသည်။

ဘေးက ကြည့်နေသူများထံမှ ဟာခနဲ အာမေဋိတ်သံ တစ်ပြိုင်နက် ထွက်ပေါ်လာသည်။

'ဒါကြောင့်လည်း အလက်ဇန္ဒားလို့ ကျော်ကြားပေတာပဲ'ဟု တချို့က မှတ်ချက်ချကြသည်။

တချို့ကျတော့လည်း၊

'သြော်...သည်လိုလည်း ဖြေလို့ရသလား၊ ဒါဆို ငါလည်း ဖြေနိုင်တာပေါ့၊' အဲသည်လို ဆိုကြသည်။

နောက်ကျမှ အကြံရသူတွေ။

ခပ်စောစောကသာ တစ်ယောက်ယောက်က၊ 'မင်း အဲသည် ကြိုးထုံးကို ဓားနဲ့ လှီးကွာ'ဟု အကြံပေးခဲ့လျှင် အဲသည်ပုဂ္ဂိုလ်တွေ လုပ်ကြမည်လား။ 'ဟာ၊ ဖြေနိုင်းတာကွ၊ ဓားနဲ့ လှီးနိုင်းတာ မဟုတ်ဘူး' ဟု ငြင်းကြလိမ့်မည်။

အလက်ဇန္ဒားကတော့ အတွေးရှင်းသည်။ အဲသည် အထုံးကြီး ပြေသွားစေချင်တယ် မဟုတ်လား။ ဟောသည်မှာ ကြည့်ဟု စိတ်က ကြိုးဝါးကာ ဒိုင်းခနဲ ခုတ်ချလိုက်ခြင်းဖြစ်သည်။

အဲသည်ကစ၍၊ ရှုပ်ထွေးခက်ခဲသော ပြဿနာတစ်ရပ်အား မထင်မှတ်သော နည်းဖြင့် ဖြေရှင်းလိုက်ခြင်းမျိုးကို ဂေါ်ဒီယန်

ကြိုးထုံးကို ဓားနှင့် ခုတ်ပိုင်းခြင်း (to cut the Gordian Knot) ဟု ခေါ်တွင်ခဲ့သည်။

ပြဿနာ(ကြိုးထုံး)ရော၊ ပြဿနာဖြစ်ပေါ်စေသော ရင်းမြစ်ပစ္စည်း (ကြိုး)ကိုပါ အပြတ်ရှင်းပစ်လိုက်သော နည်းပင်တည်း။

## ကိုလံဘတ်(စ)နှင့် ကြက်ဥ

ဖောက်ထွက်တွေးတောခြင်းအရာ၌ အလက်ဇန္ဒားနည်းတူ နမူနာယူစရာ အခြားပုဂ္ဂိုလ်တစ်ယောက် ရှိပါသေးသည်။ သူသည်လည်း လူတိုင်းနီးပါး သိကြသည့် သမိုင်းဝင် ထင်ရှား ပုဂ္ဂိုလ်တစ်ဦးပဲ ဖြစ်ပါသည်။ သူက ခရစ္စတိုဖာ ကိုလံဘတ်(စ) (Christopher Columbus ၁၄၅၁–၁၅၀၆)။

ကိုလံဘတ်(စ) အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကာ ကမ္ဘာသစ်ဟု ခေါ်သည့် အမေရိကတိုက်ကို တွေ့ရှိသည့် အကြောင်းသည် ဥရောပ၊ အာရှ၊ အာဖရိကလောက်နှင့်သာ ကမ္ဘာလုပ်နေကြသည့် ခေတ်အခါတုန်းက လူများအတွက် အံ့သြဖွယ် ကိစ္စကြီးတစ်ရပ် ဖြစ်ခဲ့သည်။ လိမ်တာ ညာတာလား၊ တကယ်လား ဝေခွဲမရသူတွေလည်း အမြောက်အမြား။

သူ ရောက်ခဲ့တာ အမှန်ပါလို့ ယုံကြည်ကြပြီးသည့်နောက်တွင်လည်း တချို့လူတွေက တစ်မျိုး ပြောပြန်သည်။ 'ဒါက ကိုလံဘတ်(စ) မှ မဟုတ်ပါဘူးကွာ၊ ငါတို့ သွားရင်လည်း ရောက်မှာပါပဲ၊ ဪတော့ သူ မတွေ့လည်း တစ်နေ့နေ့ကျတော့ တစ်ယောက်ယောက်က တွေ့မှာပဲ၊ မယုံရင် မင်းလည်း သွားကြည့်၊ အတ္တလန္တိတ်သမုဒ္ဒရာထဲ အနောက်ရူးရူးသာသွား၊ တစ်ချိန်မှာ ကုန်းမြေကို မုချ တွေ့ရမှာပဲ'

အဲသည်လို အာပေါင်အာရင်းသန်သန် ပြောကြသည့်အခါ တခြားသူတွေ ဘယ်လိုနေသည် မသိ။ တီထွင် စွန့်စားရသည့် ထိုခရီးစဉ်အတွက် အခက်အခဲပေါင်း များစွာကို ရင်ဆိုင် ကျော်လွှားခဲ့ရသော ကိုလံဘတ်(စ) ကိုယ်တိုင်ကတော့ လူတိုင်း သိပြီးခါမှ လူတတ်လုပ် အဖြေထုတ်ပြနေသည့် ၎င်းပုဂ္ဂိုလ်များ၏ စကားကို အတော်လေး နားကြားပြင်းကပ်ခဲ့မှာ သေချာသည်။

တစ်ခါမှာတော့ အဲသည်လို ပုဂ္ဂိုလ်မျိုး တစ်စုနှင့် စပိန်ပြည်မှာ ကိုလံဘတ်(စ) တွေ့ရသည်။

ညစာခံပွဲတစ်ခုမှာ ဆုံကြစဉ် ၎င်းတို့က အထက်ကလို စကားမျိုး ပြောတော့ ကိုလံဘတ်(စ)က၊ 'နေဦးဗျာ၊ ခင်ဗျားတို့ ကျုပ်ပြောတာ တစ်ခု ဖြစ်အောင် လုပ်နိုင်မလား၊ စမ်းကြည့်စမ်းပါ'ဟု ဆိုကာ စားပွဲထိုးအား စားဖိုချောင်မှ ကြက်ဥတစ်လုံး သွားယူခိုင်းသည်။

ကြက်ဥရောက်လာတော့ ကဲ ခင်ဗျားတို့ အဲသည် ကြက်ဥကို စားပွဲပေါ်မှာ မလဲအောင် ထောင်နိုင်မလားဟု သူက ဆိုသည်။

ပုဂ္ဂိုလ်တွေ ကြိုးစားကြသည်။ သူ့ကိုယ်သူ အတော်ဆုံးလို့ ထင်သည့် ပုဂ္ဂိုလ်ကစ၍ အစွမ်းပြသည်။

'ကျုပ်လုပ်ပြမယ်၊ ဘယ်သူမှ မလုပ်ကြနဲ့'ဆိုပြီး ကြက်ဥကို စားပွဲပေါ်မှာ သတိကြီးစွာနှင့် ထောင်သည်။

သို့သော် မရ။ ကြက်ဥက ထောင်မနေ။

သူ လက်လျှော့သွားတော့ နောက်ထပ် သုံးလေးယောက် ကြိုးစားကြသည်။ ဘယ်သူမှ မအောင်မြင်။

ကျန်လူများကတော့ နည်းနည်းလေးပင် စမ်းမကြည့်ကြ။ 'မဖြစ်နိုင်တာဗျာ၊ ဘယ်တုန်းကမှ ဘယ်သူမှ လုပ်လို့မရတဲ့ ကိစ္စ' ဟု ဆိုကြသည်။

သို့သော် သေသေချာချာ အရှုံးပေးကြသည်တော့ မဟုတ်။ 'ကျွန်တော်တို့ ထောင်လို့မရဘူးဘဲ ထားပါတော့ဗျာ။ ဒါပေမဲ့ ခင်ဗျား ကိုယ်တိုင်ကော ရအောင် ထောင်နိုင်မလား၊' သူတို့က ကိုလံဘတ်(စ) ကို ပြန်၍ စိန်ခေါ်သည်။

'နည်းသိရင် အလွယ်လေးပေါ့ဗျာ'၊ ကိုလံဘတ်(စ)က ပြုံး၍ ပြောရင်း ကြက်ဥကို လှမ်းယူကာ စားပွဲပေါ် ဝုပ်ခနဲ ချလိုက်တော့ ဘေးလူတွေ လန့်သွားသည်။ ကွဲများ ကွဲသွားမလား။

ကိုလံဘတ်(စ)က ကွဲတာမကွဲတာ ဂရုမစိုက်။ ကြက်ဥကို ခဏ ထိန်းကိုင်ထားပြီးနောက် လက်ကို အသာလေး ဘေးဖယ်လိုက်သည့်အခါ အခွံနည်းနည်းအက်၍ အောက်ခြေခပ်ပြားပြားလေး ဖြစ်သွားသော ကြက်ဥက စားပွဲပေါ်မှာ ထောင်လျက်သား ကျန်ရစ်သည်။

ဒါကို ပါးစပ်အဟောင်းသား ငေးကြည့်နေကြပြီးမှ ပုဂ္ဂိုလ်တွေက ဝိုင်းအော်ကြသည်။ 'သည်လို ထောင်ကြေးဆိုရင်တော့ ကျုပ်တို့လည်း ထောင်လို့ရတာပေါ့ဗျ' ဟူ၍။

စာဖတ်သူ ဘယ်လို သဘောရပါသနည်း။

ကြက်ဥကတော့ စားပွဲပေါ်မှာ ထောင်၍နေပါချေပြီ။

## ကြောင်ကို ရေတတ်ကောင်း ဘယ်လို ကျွေးမလဲ

ရှေးတုန်းကတော့၊ ကြောင်ကို ဘယ်သူ ခြူဆွဲပေးမလဲ ဟူသော ပြဿနာကို ကျွန်တော်တို့ ကြားဖူး၏။

ကြောင် သောင်းကျန်းသဖြင့် ဒုက္ခရောက်နေသော ကြွက်တွေ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အများစုဝေးကာ ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း ကျင်းပသည့်ပွဲတွင် ကြွက်တစ်ကောင်က

အကြံပေးသည်။

ကြောင်လည်ပင်းမှာ ခြူတစ်ခု ဆွဲထားပေးမည်၊ အဲဒါဆိုလျှင် သူလာတိုင်း ခြူသံ တလွင်လွင် ကြားရသဖြင့် အားလုံး ကြိုသိနေမည်၊ စောစောစီးစီး ရှောင်နိုင် တိမ်းနိုင်မည်၊ ဟူ၍။

သည်တွင်၊ သည်နည်းလမ်း၏ နောက်ဆက်တွဲအဖြစ် ကြောင်လည်ပင်းမှာ ဘယ်ကြွက်က ခြူသွားဆွဲမလဲ ဟူသော ပြဿနာ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။

ယခု ပြောချင်တာကတော့၊ ကြောင်ကို ကြောက်ရသည့် ကြွက်တို့၏ ပြဿနာ မဟုတ်။ ကြောင်ကို စိတ်တိုင်းကျ စီမံ ခန့်ခွဲခွင့် ရထားကြသူတို့ ဦးနှောက်လေ့ကျင့်ခန်း လုပ်ရာမှ ပေါ်ထွက်လာသော ပြဿနာ၊ သို့မဟုတ် အမေးပုစ္ဆာဖြစ်၏။

မေးခွန်းထုတ်သူက တစ်ချိန်က တရုတ်ခေါင်းဆောင်ကြီး မော်စီတုံး ဖြစ်ပါသည်။

× × ×

တရုတ် ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုံးအကြောင်း အတ္ထုပ္ပတ္တိတစ်အုပ် ရေးသားသူ ရော့စ်တယ်ရီးလ် (Ross Terrill) က သူ၏ Mao: A Biography ထဲမှာ ဇာတ်လမ်းတိုကလေး တစ်ခု ထည့်သွင်းဖော်ပြသည်။

မော်စီတုံး၏ စစ်ရေး နိုင်ငံရေး မဟာဗျူဟာများနှင့် သူ၏ ထူးခြားသော စဉ်းစားပုံ စဉ်းစားနည်းများ အကြောင်း သိရှိစေလို၍ နမူနာ တစ်ရပ်အဖြစ် ဖော်ပြခြင်းဖြစ်၏။

သူရေးထားသည်ကို မြန်မာလို ဆီလျော်အောင်ဘာသာပြန် ရသော်၊

တစ်ခါ၌၊ မော်စီတုံးက သူ၏ ရဲဘော်ရဲဘက်များဖြစ်သည့်

သမ္မတ လျူရှောက်ချီ၊ ဝန်ကြီးချုပ် ချူအင်လိုင်းတို့နှင့် တွေ့ဆုံစဉ်၊ ၎င်းတို့၏ စဉ်းစားဉာဏ်ကို စမ်းသပ်သည့် မေးခွန်းတစ်ရပ် မေးသည်။

'ကြောင်တစ်ကောင်ကို ငရုတ်ကောင်း စားစေချင်တယ် ဆိုပါတော့ဗျာ၊ ခင်ဗျားတို့ ဘယ်လို ကျွေးမလဲ၊'

ငရုတ်ကောင်းသည် ပူသည် စပ်သည်၊ ကြောင်လုံးဝ မကြိုက်၊ အနံ့ပင်မခံနိုင်။ အဲဒါကို သူစားအောင် ဆိုလျှင်၊

ပထမဆုံး လျူက ဖြေသည်။ 'လွယ်ပါတယ် ဥက္ကဋ္ဌကြီး၊ ကြောင်မလှုပ်နိုင်အောင် လူတစ်ယောက်က သေသေချာချာ ချုပ်ထားမယ်၊ အဲဒီနောက် ပါးစပ်ကိုဖြဲ၊ ငရုတ်ကောင်းကို အစေ့လိုက် ပါးစပ်ထဲထည့်၊ လည်ချောင်းထဲ ကျသွားအောင် တူနဲ့ထိုးချ၊ ...'

သူ့စကား မဆုံးမီ မော်စီတုံးက ထိတ်လန့်သည့် ဟန်ဖြင့် လက်ပြ၍ထားသည်။ ဒါက မော်စကိုမှာသုံးသည့် အကြမ်းပတမ်း နည်းမျိုးဖြစ်သည်။ လျူ၏ အစီအစဉ်ကို သူလက်မခံ။ ပြီး ငရုတ်ကောင်းဆိုတာ အမှုန့်ထောင်းပြီး စားရသော အရာပဲ။ အစေ့လိုက် ဆိုတော့ ငရုတ်ကောင်း စားတာနှင့် ဘယ်တူမလဲ။

'မဟုတ်ဘူးဗျာ၊ စားတယ်ဆိုတာ သူ့သဘောဆန္ဒနဲ့ သူ့ဘာသာ စားတာမျိုးပဲ ဖြစ်ရမှာပေါ့၊ အဲဒီလို အတင်းအဓမ္မ အင်အား သုံးတာမျိုးတွေ မလုပ်ပါနဲ့ဗျာ' မော်က ဆိုသည်။

အဲသည်နောက်၊ ဘေးကရပ်ပြီး၊ မေးစေ့ပွတ်စဉ်းစားနေသည့် ချူအင်လိုင်းဘက် လှည့်ပြီး၊ 'ခင်ဗျားရော ပြောစမ်းပါအုံး' ဟု ဆိုသည်။

ဝန်ကြီးချုပ်က၊ 'ကျွန်တော် ပထမဆုံး ကြောင်ကို အစာ မကျွေးဘဲ သုံးလေးရက် ထားမယ်ဗျာ၊ ပြီးတော့မှ ငရုတ်ကောင်းမှုန့်ကို အသားလွှာတစ်ခုပေါ်ဖြူး၊ အဲဒါကို လိပ်ပြီး ကျွေးမယ်၊ အစာငတ်နေတဲ့

အကောင်ဆိုတော့ အသားလိပ်ကို တစ်ခုလုံး မြိုချမှာပဲ၊ ငရုတ်ကောင်း ပါမှန်းတောင် သိမှာ မဟုတ်ဘူး' ဟူ၍ အဖြေပေးသည်။

ဒါကိုလည်း မော် သဘောမကျ။

'ခင်ဗျားဟာက တမင်တကာ လှည့်ဖြားတဲ့ နည်းပဲဗျာ၊ လူတွေကို အဲဒီလို အရူးမလုပ်ကောင်းဘူး၊ ပြီး ငရုတ်ကောင်းစားဖို့ အသားပါ ထည့်ကျွေးရဦးမယ်ဆိုရင် ဘယ်ဖြစ်မလဲ၊'

'ဒါဆိုလည်း ဥက္ကဋ္ဌကြီး စဉ်းစားထားတဲ့နည်း ကျွန်တော် တို့ကို ပြောပြပါလား ခင်ဗျာ၊'

'လွယ်ပါတယ်ဗျ' မော်က ပြုံး၍ ဆိုသည်။ 'ကြောင်ကို ဝမ်းဗိုက် ရောနံဘေးတွေပါ ငရုတ်ကောင်းမှုန့်တွေ နာနာပွတ်ပေး၊ ငရုတ်ကောင်း ကြောင့် ပူပြီး ဘယ်လိုမှ နေထိုင်လို့မရ ဖြစ်လာတဲ့အခါ သက်သာအောင် လျှာနဲ့ လျက်လိမ့်မယ်၊ အဲဒါကို သွားမတားဆီးနဲ့၊ သူ့သဘောနဲ့သူ လွတ်လွတ်လပ်လပ် လျက်ခွင့်ပေးထားလိုက်၊ အဲဒါဆိုရင် ငရုတ်ကောင်း တွေ မပြောင်မချင်း လျက်နေလိမ့်မယ်။ ပြီးတော့ အဲဒီလို လျက်ခွင့်ရတဲ့ အတွက်လည်း သူကျေနပ်မှာပေါ့ဗျာ' ဟူ၍။

# အခန်း (၃)
# စဉ်းစားစရာ ပြဿနာများ (အထွေထွေ)

ကိစ္စတစ်ရပ်နှင့် စပ်လျဉ်း၍၊ သည်ဟာ မှန်သလား ဟိုဟာ မှန်သလား၊ သည်လို ရပ်တည်သင့်သလား ဟိုလို ရပ်တည်သင့်သလား ချင့်ချိန်ရ ပိုင်းခြားဝေဖန်ရတာမျိုး ရှိသည်။ တစ်ခါတစ်ရံလည်း ဟိုဘက် သည်ဘက် အကြောင်းပြချက်များနှင့် ငြင်းခုံရတတ်သည်။

အငြင်းပွားစရာ ပြဿနာများ ဆိုပါတော့။

သည်ပြဿနာများတွင် အဖြေက ဂဏန်းသင်္ချာပုစ္ဆာများမှာလို အဖြေမှန်တစ်ခုတည်းမရှိ။ ကိုယ်က သည်လို ယူဆချိန်မှာ သူက ဟိုလို ယူဆနေနိုင်သည်။

ဘယ်သူမှန်သည်ဟု ယတိပြတ် မပြောနိုင်။

အဲသည်လို စဉ်းစားစရာ ပြဿနာ နမူနာ အချို့ဖော်ပြ ပေးလိုက်ပါသည်။

စဉ်းစားကြည့်ပါ။

## ၁။ ဘယ်သူ တရား ပိုရှိသလဲ

ဂျင် ဘာသာရေး ဂိုဏ်းတစ်ခုမှ ဘုန်းတော်ကြီးနှစ်ပါး ခရီးသွားရင်း စမ်းချောင်းကလေး တစ်ခုအနား ရောက်လာသည်။

ခပ်စောစောက မိုးရွာခဲ့သဖြင့် စမ်းချောင်းက ခါတိုင်းထက် ရေပြည့်နေသည်။

စမ်းချောင်း နဘေးမှာ သတို့သမီးဝတ်စုံ ဆင်မြန်းထားသည့် မိန်းမပျိုတစ်ဦးကို မျက်ရည်စတွေနှင့် တွေ့ရသည်။

ဘုန်းတော်ကြီးတွေ မိန်းမပျိုနှင့် ခမ်းလှမ်းလှမ်းမှာ ရပ်ကြသည်၊ သူတို့ ဘာသာရေးဂိုဏ်းက စည်းကမ်းကြီးသည်။ အမျိုးသမီးများနှင့် နီးနီးကပ်ကပ် မဆက်ဆံရ၊ မထိရ၊ မတို့ရ။

မိန်းကလေးက သူတို့အနီး ချဉ်းကပ်လာကာ ငိုရှိုက်သံကလေးနှင့် တောင်းပန်သည်။ သူက မင်္ဂလာပွဲကို အချိန်မီ အရောက်သွားရမည်၊ ရေကျအောင် စောင့်နေလျှင် နောက်ကျမည်။ သည်အတိုင်း ဖြတ်ကူး လျှင်လည်း မင်္ဂလာဝတ်စုံ ရွှဲရွှဲစိုလိမ့်မည်။ သူ့ကိုကူပါအုံး။

ဘုန်းကြီးတစ်ပါးက ငါဘာမှ မတတ်နိုင်ဘူး ဆိုပြီး ဘေးဘက် ရွှေ့သွားသည်။

နောက် ဘုန်းကြီးတစ်ပါးက သနားတတ်သည်။ ထို့ကြောင့် စဉ်းစားသည်။ တို့မှာ စည်းမျဉ်းစည်းကမ်းရှိတာတော့ မှန်တယ်၊ ဒါပေမဲ့ ဒုက္ခရောက်သူကို ကယ်တင်ဖို့ ဝတ္တရားလည်း ရှိတယ် မဟုတ်လား၊ ကိုင်း ဘာပဲဖြစ်ဖြစ် ဆိုပြီး၊

မိန်းကလေးကို ပွေ့ချီ၊ (တချို့မူကွဲများကတော့ ပုခုံးမှာထမ်း၊ ကျောကုန်းမှာပိုး၊ စသဖြင့်) အဲ၊ ပွေ့ချီပဲထားပါတာတော့၊ ပွေ့ချီပြီး တစ်ဖက်ကမ်းသို့ ကူး၊ ဟိုဘက်ရောက်တော့ ချပေး၊

ကဲ၊ သွားတော့။

မိန်းကလေးက၊ ကျေးဇူးတင်လိုက်တာရှင်လို့ ပြောပြီး ကသုတ်ကယက် ထွက်ခွာသွား။

နောက် ဘုန်းကြီးတစ်ပါးလည်း စမ်းချောင်းကို ဖြတ်ကူးပြီး ရောက်လာတော့ သူက၊

'ကိုယ်တော် ဘယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်တို့က မာတုကာမနဲ့ အသားချင်းတောင် ထိခွင့်ရှိတာ မဟုတ်ဘူး၊ ကိုယ်တော်က တစ်ကိုယ်လုံး ပွေ့ချီပြီး ....၊ အဲဒါကျတော့ ဘယ်ကောင်းမလဲဗျာ၊' ဆိုတော့၊

စောစောက ပွေ့ချီခဲ့သည့် ပုဂ္ဂိုလ်က၊

'သူ့ခမျာ ဒုက္ခရောက်နေတာဗျာ၊ အခုလို ကူညီလိုက်တော့ သူလည်း စိတ်ချမ်းသာသွားတယ် မဟုတ်လား' ဟုဆိုသည်။

ဟို ပုဂ္ဂိုလ်က မပြီးသေး၊ တစ်လမ်းလုံး တဖျစ်တောက်တောက်။

ကျောင်းသင်္ခမ်းပြန်ရောက်တော့ ပွေ့ချီခဲ့သည့် ပုဂ္ဂိုလ်က ခြေညောင်းလက်ဆန့်ရင်း မေ့ကနဲ အိပ်ပျော်သွားသည်။

အသံဗလံကြား၍ နိုးလာတော့ မပွေ့မချီခဲ့သည့် ပုဂ္ဂိုလ်က၊

'ကိုယ်တော်၊ ခင်ဗျား အဲဒီမိန်းမကို ပွေ့ချီခဲ့တဲ့ ကိစ္စကတော့ တော်တော်ဆိုးတယ်ဗျာ၊' ဟုဆိုပြန်သည်။

သည်အခါ အိပ်ရာက ထလာသည့် ပုဂ္ဂိုလ်က၊

'ခက်တာပဲဗျာ၊ ကျုပ်က ချီတုန်းကချီပြီး၊ တစ်ဖက်ကမ်းမှာတင် ပြန်ချပေးခဲ့တာ၊ ပြီးသွားပြီ။ ခင်ဗျားက အခု ကျောင်းရောက်လာတဲ့ အထိ ပွေ့တုန်း ချီတုန်း သယ်လာတုန်း ပွားများတုန်းပါလားဗျာ' လို့ ပြောထည့်လိုက်တော့၊ ပြစ်တင်နေသည့် ပုဂ္ဂိုလ် ငြိမ်သွားသည်။

သူက မချီခဲ့၊ ဟိုပုဂ္ဂိုလ်က ချီခဲ့သည်။ ယခု ဟိုပုဂ္ဂိုလ် အပြောအရ တော့ သူက ပိုအပြစ်ကြီးသလို ဖြစ်နေပြီ။

အဲဒါ ဟုတ်သလား၊ မဟုတ်ဘူးလား။

သူတို့ နှစ်ဦးမှာ ဘယ်သူက ပို၍ တရားရှိသည်ဟု ဆိုမည်လဲ။

## ၂။ ပရိုတာဂေါရတ်(စ)နှင့် သူ၏တပည့်

ရှေးဂရိပြည် (ဘီစီ ၅ ရာစုခန့်)မှာ ပရိုတာဂေါရတ်(စ) (Protagoras) အမည်ရှိ ဆိုဖစ် (ဆရာ) တစ်ဦးရှိသည်။

ပရိုတာဂေါရတ်(စ)၏ တပည့်များထဲတွင် ဆရာအား ပညာသင်ခ မပေးနိုင်ကြသည့် ဆင်းရဲချို့တဲ့သူများလည်း ပါဝင်သည်။

တစ်ခါသ၌ ၎င်းထဲတွင် ရှေ့နေပညာ သင်ယူနေသော တပည့် တစ်ယောက်နှင့် ဆရာ ပရိုတာဂေါရတ်(စ)တို့ ပဋိညာဉ်တစ်ခု ပြုကြသည်။ တပည့်ဖြစ်သူသည် သူလိုက်ရသည့် ပထမဆုံး အမှုနိုင်သည့်အခါ ဆရာအား ပညာသင်ခ ပေးရမည်ဟူသော ပဋိညာဉ်။

တပည့်ဖြစ်သူက ရှေ့နေပညာ ပြည့်စုံစွာ သင်ကြားပြီးသည့် နောက်တွင် ထုံးစံအတိုင်း အိမ်တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ကာ အမှုသည်အလာကို စောင့်မျှော်သည်။

ကာလအတန်ကြာသည်အထိ အမှုတစ်ခုမျှ မရသည့်အခါ ဆရာ ပရိုတာဂေါရတ်(စ) စိတ်မရှည်နိုင် ဖြစ်လာသည်။ ထို့ကြောင့် တပည့် ဖြစ်သူအား ပညာသင်ခကို သည်အတိုင်းပေးလျှင်ပေး၊ မပေးပါက သူ့ထံမှ ပညာသင်ခ မည်ရွေ့မည်မျှ ရရှိလိုကြောင်း ရုံးတွင် တရားစွဲတောင်းဆိုမည်ဟု ခြိမ်းခြောက်သည်။

တပည့်က သူအမှု တစ်ခုမှမနိုင်သေးဘဲ သူ့ကို ယခုကဲ့သို့ အတင်းအကျပ် တောင်းဆို၍ မရနိုင်ကြောင်း ပြန်လည်ပြောဆိုသည့် အခါ ပရိုတာဂေါရတ်(စ)က၊

'ဟော့ ဒီမှာ ငါပြောမယ်၊ ငါကတော့ ဈွံမှာပဲ၊ ဒီအမှုမှာ မင်းပဲနိုင်နိုင် ငါပဲနိုင်နိုင် ငါအနိုင်ချည်းပဲကွ၊ မင်းစဉ်းစားကြည့်၊ အကယ်၍ မင်းနိုင်ခဲ့ရင်လည်း မင်းဟာ ပထမဆုံး အမှုတစ်ခုနိုင်သွားတာ ဖြစ်တဲ့အတွက် ပဋိညာဉ်ရှိတဲ့အတိုင်း ငါ့ကို ပေးရတော့မှာ' ဟူ၍ သူ့ဘက်က သေချာနေပုံကို ပြောပြသည်။

သို့သော် တပည့်ကလက်မခံ။ သူလည်း ပရိုတာဂေါရတ်(စ)၏တပည့်ပဲ။ သူ့မှာလည်း သူ့ဘက်က သေချာနေတာရှိသည်။

'ဆရာထင်သလို မဖြစ်နိုင်ဘူး ဆရာ၊ အကယ်၍ ကျွန်တော်နိုင်ခဲ့ရင် တရားရုံးအဆုံး အဖြတ်အရကိုပဲ ကျွန်တော်က ပေးစရာမလိုတော့ဘူး၊ အကယ်၍ ဆရာနိုင်ခဲ့ရင်လည်း ဆရာနဲ့ ကျွန်တော် ရှိခဲ့တဲ့ ပဋိညာဉ်အရ အမှုတစ်မှုမှ အနိုင်မရသေးတဲ့ ကျွန်တော်က ပေးစရာ မလိုသေးဘူးလေ'

သူက အဲသည်လို ကျိုးကြောင်းပြသည်။

ဘယ်သူမှန်သည်ဟု စာဖတ်သူ ထင်ပါသလဲ။

## ၃။ ရှဉ့်ကို တစ်ပတ်ပတ်မိသလား၊ မပတ်မိဘူးလား

လေသေနတ် တစ်လက်နှင့် ငှက်ပစ်ထွက်လာသည့် လူတစ်ယောက်၊ တောစပ်က သစ်ပင် တစ်ပင်မှာ ရှဉ့်တစ်ကောင် လှမ်းမြင်သည်။ သစ်ပင်နား သူချဉ်းကပ်လာတော့ ရှဉ့်က သစ်ပင်ကြီး၏ ပင်စည်နောက်မှာ အသာကွယ်နေလိုက်သည်။ သူကွယ်နေသည့်ဘက်ကို လူက ပတ်လိုက်တော့ ရှဉ့်ကလည်း အလိုက်သင့် ပတ်ကာ ဆက်၍ ကွယ်နေသည်။ တခြား ဘယ်မှမပြေး။ ပင်စည်ထက်မှာပဲ သူအမြဲရှိ

သည်။ သို့သော် ဟိုလူရွှေ့တိုင်း သူလိုက်ရွှေ့နေသည်။ မြန်မြန်ရွှေ့လျှင် မြန်မြန်၊ နှေးနှေးရွှေ့လျှင် နှေးနှေး။

နောက်တော့ သေနတ်သမား လက်လျှော့ သွားသည်။

သစ်ပင်က သူတို့နှစ်ယောက်ကြားတွင် တောက်လျှောက်ရှိနေရာ ရှဉ့်ကို သူမမြင်ရတော့။

အဲသည် အနေအထားလေးကို အခြေခံကာ အတွေးသမားများက ဒဿနပုစ္ဆာ ထုတ်သည်။

သစ်ပင်ကို အကြိမ်ကြိမ် လှည့်ပတ်ခဲ့သော သေနတ်သမားသည် ရှဉ့်ကို တစ်ပတ်ပတ်မိသလား၊ မပတ်မိဘူးလား ဟူ၍။

သည်တွင် ပတ်မိသည် ဆိုသူများက၊ ရှဉ့်သည် သစ်ပင်တွင် ကပ်လျှက်ရှိနေရာ သစ်ပင်ကို တစ်ပတ်ပတ်မိက ရှဉ့်ကိုလည်း တစ်ပတ် ပတ်မိတာပဲ ဖြစ်သည်ဟု ဆိုကြသည်။

မပတ်မိဘူး ဆိုသူများကမူ၊

တစ်စုံတစ်ရာကို တစ်ပတ် ပတ်မိရန်အတွက် ၎င်းအရာ၏ ရှေ့ဘက်၊ နောက်ဘက်နှင့် ဘေးဘက်များသို့ပါ ရောက်ရမည်။ ယခု အနေအထားတွင် သေနတ်သမားနှင့် ရှဉ့်အကြား သစ်ပင်သာ မရှိက သို့မဟုတ် သစ်ပင်ကို ဖျောက်၍ကြည့်ပါက တစ်ဦးနှင့်တစ်ဦး တောက်လျှောက် မျက်နှာချင်းဆိုင် ရှိနေမည်ဖြစ်ရာ ရှဉ့်နောက်ဘက်သို့ တစ်ကြိမ်မျှ မရောက်သော အဲသည်လူက ရှဉ့်ကို တစ်ပတ်ပတ်မိသည်ဟု အဘယ်မှာ ဆိုနိုင်ပါမည်နည်း ဟူ၍ အကြောင်းပြသည်။

သင်ဘယ်လို မှတ်ချက်ချပါမည်လဲ။

## ၄။ အရင်သင်္ဘောလား သင်္ဘောအသစ်လား

ရှေးခေတ် ဂရိပြည်မှာ အလွန်ထင်ရှားသော သင်္ဘောတစ်စင်း ရှိခဲ့သည်။

သီးဆီးယပ်(စ)ရဲ့ သင်္ဘော (Ship of Theseus)ဟု ခေါ်ကြသည်။

သီးဆီးယပ်(စ)က ဂရိဒေသမှာ အထင်ရှားဆုံး တိုင်းပြည်တစ်ခု ဖြစ်သည့် အက်သင်း(စ) (Athens)မြို့နိုင်ငံကို စုစည်းတည်ထောင်ခဲ့သည့် လူစွမ်းကောင်းမင်း ဖြစ်သည်။ ထို့ပြင် ခွန်အားကြီးသော လူရန်သူ၊ သတ္တဝါရန်သူများကို အောင်နိုင်ခဲ့သူ အဖြစ်လည်း သူ့အား လေးစား ကြည်ညိုကြသည်။

သီးဆီးယပ်(စ)သည် အန္တရာယ်ပြွမ်းသော ခရီးစဉ် တစ်ခုမှ အောင်မြင်စွာ ပြန်လည် ရောက်ရှိလာပြီးနောက်တွင် သူနှင့် သူ၏ နောက်ပါ အက်သင်း(စ) လူငယ်တို့ စီးနင်းလိုက်ပါခဲ့သည့် လှော်တက် ၃၀ ပါ သင်္ဘောကို အက်သင်း(စ)သားတို့က ဆိပ်ကမ်းတွင် အမှတ်တရ ထားရှိကြသည်။

သို့သော် လုံးဝ အသုံးမပြုဘဲ ထားသည်တော့ မဟုတ်။

ပင်လယ်ခရီးနှင်နိုင်သည့် အနေအထား ရှိအောင် မပြတ် ပြုပြင် ထိန်းသိမ်းပြီး ဒီလော့စ်ကျွန်းတွင် နှစ်စဉ်ကျင်းပသည့် အပိုလို နတ်ပွဲကာလတွင် သည်သင်္ဘောဖြင့် အက်သင်း(စ)သားတို့ သွားရောက် လေ့ရှိကြသည်။

သီးဆီးယပ်(စ) သင်္ဘောကို အက်သင်း(စ)သားတို့ ထိန်းသိမ်းပုံက ပျဉ်တစ်ချပ် မကောင်းလျှင် ၎င်းပျဉ်ချပ်ကို ဖြုတ်၍ ၎င်းနေရာ၌ အရွယ်တူ ပျဉ်ချပ်တစ်ခု အစားထိုးခြင်း ဖြစ်သည်။

သည်နည်းဖြင့် ပြုပြင်ထိန်းသိမ်းရင်း နှစ်ကာလများစွာ ကြာသည့်အခါ သင်္ဘောတစ်စင်းလုံး၌ အစားမထိုးရသေးသည့် အစိတ်အပိုင်းဟူ၍ လုံးဝ မကျန်ရစ်တော့ပေ။

သည်အခါ အတွေးအခေါ် ဝါသနာပါသည့် အက်သင်း(စ်) သားများ ကြားမှာ စဉ်းစားဝေဖန်စရာ ဒဿန ပြဿနာတစ်ခု ပေါ်လာသည်။

ဆိပ်ကမ်းတွင် ယခု ရှိနေသည့် သင်္ဘောသည် သီးဆီးယပ်(စ) သင်္ဘောဟုတ်သလော၊ သို့တည်းမဟုတ် အခြား သင်္ဘောအသစ် တစ်စင်းဖြစ်သလော ဟူ၍။

ဥပမာ၊ ဆိုပါစို့။

ပီးလီယပ်(စ)ဆိုသော ပုဂ္ဂိုလ်နှင့် သူ့မိတ်ဆွေတစ်ယောက် ငြင်းခုံကြသည်။ မိတ်ဆွေက 'ဒီမှာ ပီးလီယပ်(စ)၊ မင်းက သင်္ဘောက သစ်သားတွေဟာ အရင်သစ်သားတွေ မဟုတ်တော့လို့ အရင်သင်္ဘော မဟုတ်တော့ဘူးလို့ ဆိုချင်တယ်ပေါ့'

'မှန်တယ်၊ အရင်ဟာတွေမှ ဘာတစ်ခုမှ မရှိတော့တာ၊ ဒါကို အရင်သင်္ဘောကြီးပါလို့ ဘယ်မှာပြောနိုင်ပါတော့မလဲ'

'အေး ကောင်းပြီ ပီးလီယပ်(စ)၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'ငါ ၃၅ နှစ်ရှိပြီ'

'မင်းကို ပီးလီယပ်(စ)လို့ ဘယ်တုန်းက နာမည်ပေးခဲ့သလဲ'

'မွေးခါစ ကတည်းကပဲကွာ၊ တိတိကျကျ မမှတ်မိဘူး'

'ထားပါတော့ကွာ၊ တစ်နှစ်သားလောက် ဆိုပါတော့၊ အဲဒီတုန်းက ပီးလီယပ်(စ)လို့ နာမည်ပေးခဲ့တဲ့ တစ်နှစ်သား ကလေးနဲ့ အခု ၃၅ နှစ်ရှိတဲ့မင်းဟာ ဘာဆိုင်သေးတုံးကွ၊ မင်းမှာ အဲဒီတုန်းက သစ်သား ကျန်သေးလားကွာ၊ အဲဒီတုန်းက ကောင်လေးရဲ့ ခန္ဓာကိုယ် အစိတ်

အပိုင်းတွေဟာ ဘာတစ်ခုမှ ပျောက်ပျက် မသွားဘူးဆိုရင်တောင် သူက ရှိလှ မင်းလက်တစ်ဖက် သာသာလောက်ရှိမှာပဲ၊ ကျန်တဲ့ တစ်ကိုယ်လုံးဟာ အသစ်တွေ မဟုတ်လားကွ၊ အဲဒီတော့ အခုနေခါ မင်းကို ပီးလီယပ်(စ)လို့ ခေါ်နေတာ မှန်ပါဦးမလား’

‘ဟ၊ ဒါက မတူဘူးလေကွာ၊ ငါက အဲဒီ ပီးလီယပ်(စ) ကလေးရဲ့ အသက်ဝိညာဉ်နဲ့ မှတ်ဉာဏ်တွေ၊ အတွေ့အကြုံတွေနဲ့ ကြီးပြင်းလာတာ၊ ဆက်ပြီး တည်ရှိလာတာ၊ အမိအဖ မျိုးရိုးဗီဇ ဘာမှ မပြောင်းဘူး၊ အမွေဆက်ခံစရာရှိ ငါဆက်ခံ၊ ကြွေးဆပ်စရာရှိ ငါ ကြွေးဆပ်၊ ပီးလီယပ်(စ)အဖြစ်နဲ့ ဖြတ်သန်းလာခဲ့သမျှသည်ငါ့ရာဇဝင်၊ မနေ့က ငါလုပ်တာ ဒီကနေ့ ငါတာဝန်ယူရတယ်၊ မနှစ်က ငါစိုက်ပျိုးခဲ့တဲ့လယ်ယာက ထွက်တဲ့သီးနှံ ဒီနှစ် ငါခံစားရတယ်၊ ပီးလီယပ်(စ) ဆိုတဲ့ အမည်နာမ၊ ပီးလီယပ်(စ)ရဲ့ အသက်ဝိညာဉ်တွေနဲ့ ငါ တစ်လျှောက်လုံး ရှိနေတာ၊ ကြီးတာငယ်တာသာကွာတယ်၊ အဟောင်း အသစ် မရှိဘူး’

‘အေး၊ ဒီလိုပဲပေါ့ကွာ၊ အခု ဒီသင်္ဘောကြီးမှာလဲ အမည်နာမနဲ့ အသက်ဝိညာဉ်နဲ့ ရာဇဝင်နဲ့ ရှိနေတာပဲကွ၊ မင်းလို နှလုံးခုန်မနေ၊ အသက်ရှူမနေပေမယ့် သူ့မှာ လူအများ၊ သိမှတ်ခဲ့တဲ့ ရာဇဝင် အစဉ်အလာ ရှိတယ်၊ ဒီရာဇဝင်ကို အစွဲပြုပြီး လူအများမှာ ဖြစ်ပေါ်တဲ့ ခံစားမှုတွေ ရှိတယ်၊ စိတ်တက်ကြွမှုတွေ ရှိတယ်၊ အဲဒါ သူ့ရဲ့ အသက်ဝိညာဉ်ကို ပြတာပဲ၊ သူ့အမည်နာမ၊ သူ့ရာဇဝင်နဲ့ သူ့အသက်ဝိညာဉ်ဟာ အစဉ်မပြတ် တစ်ဆက် တစ်စပ်တည်း တည်လာတယ်၊ အဲဒီတော့ အသွေးအသား ပြောင်းရုံနဲ့ ပီးလီယပ်(စ)ဟာ ပြောင်းမသွားသလို ဒီသီးဆီးယပ်(စ) သင်္ဘောကြီးဟာလဲ သစ်သားပြောင်းလဲရုံနဲ့ ပြောင်းမသွားနိုင်ဘူးပေါ့ကွာ’

သည်အပြင်းအနံ့က သည်နာမှာ ရပ်သွားလျှင် ကျွန်တော်တို့အတွက် အတော်ရှင်းမည်။

မှန်တာပေါ့၊ ပီးလီယပ်(စ)ရဲ့ မိတ်ဆွေပြောတာ မှန်တယ်၊ သီးဆီးယပ်(စ) သဘောလို့ ခေါ်နေတာ သစ်သားကို ခေါ်နေတာမှ မဟုတ်ဘဲ၊ သူ့ရာဇဝင်ကိုခေါ်တာ၊ သူ့အသက်ဝိညာဉ်ကို ခေါ်နေတာ၊ သစ်သား ပြောင်းသော်လည်း သည်နာမည်အတိုင်း ဆက်ခေါ်နေတာ မှန်တယ်၊ ဒီလို မခေါ်လို့တခြားဘယ်နာမည် သွားခေါ်ရမလဲ ဟူ၍ပဲ ကျွန်တော်တို့ စဉ်းစားစရာရှိသည်။

သို့သော် ပီးလီယပ်(စ)က ဆက်ပြောသည်။

'ဆိပ်ကမ်းက သိုလှောင်ရုံတစ်ခုထဲမှာ ပျဉ်တို ပျဉ်စတွေ ရှိတယ်၊ ဒီသဘောကြီးက ကနဦးပျဉ်တစ်ချပ် စလဲရကတည်းက အဲဒီ ပျဉ်ချပ်ကို မပစ်ရက်လို့ အမှတ်တရ သိမ်းထားတာ၊ နောက်ပိုင်းမှာ မကောင်းလို့ ဖြုတ်ရလဲရတဲ့ တိုင်တွေ၊ တန်းတွေ၊ တက်တွေ၊ ပျဉ်တွေအားလုံး ဆက်ဆက်ပြီး သိမ်းထားခဲ့တယ်၊ အခုနေ အဲဒါတွေ အားလုံးကို နဂိုမူလ သူတို့နေရာ အသီးသီးမှာ ပြန်ပြီးချိတ်ဆက် တပ်ဆင်မယ်ဆိုရင် ရေမှာချပြီး တက်စီးလို့ မရပေမယ့် နဂိုမူလ သဘောပုံစံအတိုင်း ပြန်မရဘူးလား၊ ခင်ဗျားက အရေးမကြီးဘူး ယူဆပေမယ့် ဒီသစ်သားတွေအားလုံးက နဂိုမူလသစ်သားတွေလေ၊ အသက်ဝိညာဉ် ကိန်းဝပ်မယ်ဆိုရင် နဂိုမူလဆီမှာ ပိုပြီး ကိန်းဝပ်ရမှာပေါ့၊ အဲဒီသဘောနှစ်စင်း ယှဉ်ပြိုင်ချထားရင် ဘယ်ဟာသည် သီးဆီးယပ်(စ) သဘောအစစ်လို့ ခင်ဗျားခေါ်မလဲ'

သည်လိုဆိုတော့လည်း သူ့မိတ်ဆွေ ရုတ်တရက် အဖြေရခက်သွားသည်။

မှန်သည်၊ ဘယ်ဟာကို သီးဆီးယပ်(စ) သဘောလို့ ခေါ်မည်လဲ။

## ၅။ ဘယ်သူရိုးဖြောင့် မှန်ကန်သလဲ

ပုံပြင်တစ်ပုဒ် ရှိသည်။

ရှေးပဝေသဏီကတည်းက ပြောလာခဲ့သည့် တိုင်းတစ်ပါးမှ ရိုးရာပုံပြင်တစ်ပုဒ် ဖြစ်သည်။

တစ်ခါ၌ ဆရာကြီးတစ်ဦးက တပည့်သုံးယောက်ထဲတွင် ဘယ်သူသည် အရိုးဖြောင့်ဆုံးလဲ သိလိုသဖြင့် မေးခွန်း တစ်ခုဖြင့် စမ်းသပ်သည်။

'မင်းတို့တွေ တစ်ယောက်တည်း သွားရင်းလာရင်းလမ်းမှာ အသပြာတစ်ထုပ် ကောက်ရတယ် ဆိုပါတော့၊ အဲဒါကို ဘာလုပ်မလဲ၊ ကဲ ... မင်းက စပြီး ဖြေစမ်း'

'ကျွန်တော် ပိုင်ရှင်ကို ပြန်ပေးပါ့မယ်'

ပထမဆုံး တပည့်က မဆိုင်းမတွဖြေသည်။ သူ့အဖြေကြားတော့ ဆရာကြီး စဉ်းစားသည်။ သည်ကောင်ဖြေတာ မြန်လွန်းတယ်၊ တကယ်ရတာ မဟုတ်လို့ အလွယ်တကူပြောတာ ဖြစ်နိုင်တယ်။ တကယ်ရရင် သူသည်အတိုင်း လုပ်မလုပ် မသေချာဘူး။

ဒုတိယတစ်ယောက်မေးတော့ သူကလည်း ချက်ချင်းပင်ဖြေသည်။

'ဘယ်သူမှ မမြင်ရင် ကျွန်တော် ယူထားလိုက်မှာပေါ့ ဆရာကြီး'

အင်း သည်ကောင်ကတော့ ဖြောင့်သမားပဲ။ ဒါပေမဲ့ ရိုးဖြောင့်တဲ့စိတ် မရှိဘူး၊ အဲသည်လို ဆရာကြီးတွေးမိသည်။

တတိယတစ်ယောက် ကတော့ တွေးတွေးဆဆ ဖြေသည်။

'ရိုးရိုးသားသားဝန်ခံရရင် ကျွန်တော်လဲ သူ့လိုပဲ ယူထားလိုက်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်မှာ အမှန်ပဲ၊ ဒါပေမဲ့ ကျွန်တော် ဘုရားသခင်ထံမှာ ဆုတောင်းမယ်၊ တပည့်တော်ကို လွဲမှားတဲ့ အဲဒီဆန္ဒ ကွယ်ပျောက်အောင်

တွန်းလှန်နိုင်မယ့် စိတ်ခွန်အားများ ပေးသနားတော်မူပါ၊ မှန်ရာကို လုပ်ဆောင်နိုင်အောင် စောင့်ရှောက် ကူညီတော်မူပါလို့ ပန်ကြားလျှောက်ထားမယ် ဆရာကြီး'

သည်စကားကြားရသည့်အခါ ဆရာကြီး ကျေနပ်သွားသည်။ အင်း ... သည်လူငယ်ကတော့ ယုံကြည်စိတ်ချလောက်သူပေပဲဟု သူ့စိတ်ထဲက မှတ်ချက်ချလေသည်၊ တဲ့။

အမှတ်မဲ့ဆိုလျှင် ပုံပြင်က ရိုးရိုးရှင်းရှင်းလေး ဖြစ်သည်။

သို့သော် တကယ် ရှင်းသလား။

ဆရာကြီး ကောက်ချက်ချတာ မြန်လွန်းမနေဘူးလား။ ဘယ်နည်း ဘယ်ပုံ သည်ကောက်ချက်ချဖြစ်သွားသလဲ တတ်နိုင်သလောက် ပြန်ကောက်ကြည့်ရသော် ...။

သည်ကိစ္စမှာ စဉ်းစားရမည့်အရာက တပည့်သုံးယောက်အနက် ဘယ်သူသည် တကယ်ရိုးဖြောင့် မှန်ကန်သူ ဖြစ်နိုင်သလဲဟူသော အချက်ဖြစ်သည်။

ပုံပြင်ထဲမှ ဆရာကြီးက တတိယလူကို ရွေးခဲ့သည်။ ဘယ်လို ဆုံးဖြတ်ရွေးချယ်ခဲ့သလဲ။ ပုံပြင်ထဲက အစီအစဉ်အတိုင်း စဉ်းစားသော် ပထမတပည့်နှင့် ပတ်သက်၍၊ ငွေထုပ်ကောက်ရလျှင် ပိုင်ရှင်အား ပြန်ပေးမည်ဟု မဆိုင်းမတွဖြေသော ၎င်းတပည့်အား ဆရာကြီး မယုံကြည်ခဲ့ပါ။ ဘာကြောင့် မယုံကြည်ရသလဲ။ ဒီကောင်က ဒီလိုပဲ ဖြီးတတ် ဖြန်းတတ်တယ်၊ လူကြီးအကြိုက် လိုက်ပြောပြီး နောက် ကျတော့ သူလုပ်ချင်တာ လုပ်တတ်တယ်ဟူ၍ သိနေသောကြောင့်လား။ သူ့တပည့်အကြောင်း သူသိသဖြင့် မယုံကြည်ခြင်း ဖြစ်သည်ဟု ဆိုလျှင် ကျွန်တော်တို့ အငြင်းပွားစရာ အကြောင်းမရှိ။ သို့သော်

ပုံပြင်ထဲမှာ အဲသည်သဘောမပါ။ ဖြေတာမြန်လွန်းသဖြင့် ဆရာကြီး သံသယရှိကြောင်းသာ ဖော်ပြထားသည်။

သည်မှာ စောဒကတက်စရာ ရှိလာသည်။ သူတစ်ပါးပစ္စည်းကို မယူရဘူး၊ ကောက်ရရင်လည်း ပြန်ပေးရမယ်ဟု သင်ကြားပေးထားခြင်း ခံရသော ကလေးတစ်ယောက်၊ သို့မဟုတ် မိဘဆရာ သွန်သင်မှုကြောင့် ၎င်းအတိုင်း မှတ်သား ယုံကြည်ထားသော ကလေးတစ်ယောက် ဆိုပါစို့။ အဲသည်ကလေးမျိုးသည် ဆရာကြီး၏ အမေးကို ပထမတပည့် အတိုင်း မဆိုင်းမတွ ဖြေလိမ့်မည်ဟု မယူဆနိုင်ဘူးလား။

အဖြေမြန်တာ သက်သက်နှင့် သူ့အား ဘာကြောင့် မယုံမကြည် ဖြစ်ရသလဲ။

ဒုတိယတပည့်။ လူမမြင်လျှင် ယူထားပါမည်ဆိုသော ပုဂ္ဂိုလ်။ နောက်နောက်ပြောင်ပြောင် ပြောတတ်သူဆိုလျှင်တော့ လူအများ၏ သဘာဝကို ဖော်ပြသောသဘောဖြင့် 'ဆရာကြီးကလဲဗျာ၊ လူမမြင်ရင်တော့ ကျွန်တော် ယူထားလိုက်မှာပေါ့ဗျ' ဟု ဆိုချင်ဆိုပါလိမ့်မည်။ ပြီး ငွေထုပ်က တကယ်လည်း ရှိမနေဘဲကိုး။

သို့သော် ပုံပြင်မှာ ပါရှိသည့်အရမူ သူက နောက်ပြောင်ခြင်းမဟုတ်၊ အမှန်တကယ် သူလုပ်မည့်အရာကို ထုတ်ဖော် ပြောဆိုခြင်းသာ ဖြစ်နေသည်။ ထို့ကြောင့် သူနှင့် ပတ်သက်လျှင်တော့ ပွင့်လင်းသည်၊ သို့သော် မရိုးဖြောင့်ဟူ၍ ဆရာကြီး နည်းတူပင် ကောက်ချက်ချရလိမ့်မည်။ လူမသိလျှင် ယူမည်ဖြစ်ကြောင်း ကိုယ်တိုင် ဝန်ခံထားသည့် ပုဂ္ဂိုလ်ကို ရိုးဖြောင့်သူရွေးပွဲတွင် ထည့်သွင်း စဉ်းစားစရာ မလိုတော့ပါ။

တတိယတပည့်။

သူက ဆရာကြီးအမေးကို ပထမတပည့်နှစ်ဦးကဲ့သို့ တိုက်ရိုက် ရှင်းရှင်းမဖြေ။ မိမိသည် ပစ္စည်းဥစ္စာကို ခုံမင်တတ်သော လူ့သဘောကို

လည်းကောင်း၊ သူတစ်ပါးပစ္စည်းနှင့် စပ်လျဉ်း၍ စောင့်ထိန်းအပ်သော လူ့ကျင့်ဝတ်ကို စောင့်ထိန်းနိုင်ရန် အားထုတ်အပ်ကြောင်းကိုလည်း ကောင်း၊ ကောင်းစွာ နားလည်သိရှိကြောင်း ဆရာကြီးထံ ကြိုတင်၍ စကားပလ္လင်ခံသည်။ ထို့နောက်မှ သူတကယ်လုပ်မည့် အလုပ်ကို ဖွင့်ဟသည်။ အဲဒါက ဘုရားသခင်ထံမှ စိတ်ဓာတ်ခွန်အား တောင်းခံမည်ဆိုတာ ဖြစ်သည်။ သည်ပုဂ္ဂိုလ်ကို ဆရာကြီး အမှတ်ပေးခဲ့သည်။ ဘာကြောင့် ပေးသလဲ။ ဘယ်လို စဉ်းစားပြီး ပေးသလဲ။ ကြောင်းကျိုး ဆက်စပ်ပြောဆိုတတ်သဖြင့် အမှတ်ပေးခြင်း ဖြစ်သလား။ မဖြစ်နိုင်ပါ။ အပြောကောင်းရုံသက်သက်ဖြင့် ဆရာကြီး သဘောကျသွားသည် ဆိုတာမျိုးတော့လည်း ကျွန်တော်တို့ ကောက်ချက် မချသင့်ဟု မြင်ပါသည်။ သို့ဖြစ်လျှင် ဘယ်ဟာက အမှား၊ ဘယ်ဟာက အမှန် ဆိုတာကို သိသူ၊ ပိုင်းခြားဝေဖန်တတ်သူ ဖြစ်သဖြင့် ယင်းကို အကြောင်းပြုကာ သူကတော့ အမှန်ကို လုပ်လိမ့်မည်ဟု ကောက်ချက် ဆွဲနိုင်သောကြောင့်လား။

သည်လို ကောက်ချက်ဆွဲမည် ဆိုလျှင်လည်း တချို့အချက်တွေ ဆရာကြီး မျက်စိလျှမ်းသွားသည်ဟု ဆိုစရာဖြစ်တော့မည်။ အကြောင်း ကား တတိယ တပည့်၏ အဖြေထဲတွင် 'ရိုးရိုးသားသား ဝန်ခံရရင် ကျွန်တော်လဲ သူ့လိုပဲ ယူထားလိုက်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်မှာ အမှန်ပါ' ဟူသောစကား ပါရှိခဲ့သည်။

ဒါသည် လုံးလုံးလျားလျား ရိုးသားပါမည်ဟု အာမမခံနိုင်ကြောင်း စကားဦးသန်းထားခြင်း ဖြစ်သည်ဟု ကောက်ယူသော် ယူ၍ရနိုင်သည် ဟု ကျွန်တော်ထင်သည်။ ထို့အပြင် သူ့အဖြေကို အနက်ဖော်ကြည့် အကျယ်ဖွင့်ကြည့်ရလျှင်၊ မည်သူမျှလည်း မသိဘူးဆိုက မိမိကောက်

ရထားသည့် သူတစ်ပါးပစ္စည်း တစ်ခုကို ပြန်ပေးဖို့ ဆိုသည်မှာ အလွန်ခက်ခဲပါသည်၊ အသပြာလောဘသည် အလွန်ကြီးမားပါသည်၊ အဲသည်ဆန္ဒကို တွန်းလှန်နိုင်ဖို့ မည်မျှ ခက်ခဲကြောင်း ဆရာကြီး က ကျွန်တော့်ထက် ပို၍ သိပါသည်၊ (အဲသလို မပြောသော်လည်း ပြောရာရောက်ကြောင်း နားပါးသူများ သိနိုင်ကြသည်ဟု ကျွန်တော် ထင်ပါသည်။ ဤကား စကားချပ်) ထို့ကြောင့် ကြီးမားသော ထိုအခက်အခဲကို ကျွန်တော့်ကိုယ်ပိုင် စွမ်းအား သက်သက်မျှနှင့် တွန်းလှန်ရန် မဖြစ်နိုင်သဖြင့် ဘုရားသခင်ထံ မှ စွမ်းအားအကူအညီ တောင်းခံပါမည်၊ ဘုရားသခင် စောင့်ရှောက်ကူညီမည်ဆိုလျှင်တော့ အဲသည်ငွေထုပ်ကို ပိုင်ရှင်ထံ ကျွန်တော် ပြန်ပေးနိုင်ပါလိမ့်မည်၊ ဟူ၍ ဘုရားသခင်ကိုပါ သူကျူးလွန်မိနိုင်သည့် အမှုကိစ္စထဲ ဆွဲထည့် ကာ ကြိုတင် လျှောက်လဲချက် ပေးထားသောသဘော ရှိသည်ဟု ကောက်ယူနိုင်စရာ ရှိပါသည်။

ထို့ကြောင့် တပည့်သုံးယောက်တို့၏ စကားများကို ရိုးဖြောင့်မှု ရှုထောင့်မှ သုံးသပ်နှိုင်းယှဉ်သော် ...

ပထမတပည့်သည် ရိုးဖြောင့်မှန်ကန်ပါမည်ဟု ပြတ်သားစွာ ပြောဆိုသည်။

ဒုတိယတပည့်သည် မရိုးဖြောင့် မမှန်ကန်နိုင်ပါဟု ပြတ်သားစွာ ပြောဆိုသည်။

တတိယ တပည့်သည် ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ကြိုးစားပါမည်ဟု မတင်မကျ ပြောဆိုသည်၊ ဟူ၍ ပြန်ချုပ်နိုင်ပါသည်။

ထို့ကြောင့် ပြတ်ပြတ်သားသား မရိုးသားသော ဒုတိယတပည့်ကို ချန်လှပ်လျှင်၊ ရိုးဖြောင့်ပါမည်ဟု ယတိပြတ်ပြောသူနှင့် ရိုးဖြောင့်နိုင်ရန်

ကြိုးစားပါမည်ဟု မယုတ်မလွန် ပြောသူတို့နှစ်ဦးအနက် အဘယ်ကြောင့် ဒုတိယလူကို ဆရာကြီး ရွေးချယ်ရသနည်း။

ပထမလူသည် အပြောအရ မှန်သော်လည်း တကယ်လက်တွေ့တွင် အမှန်အတိုင်း လုပ်မလုပ် မသေချာဟု ဆရာကြီး သံသယရှိနိုင်လျှင်၊ ပြောကတည်းက မသေချာသော ဒုတိယလူအား လုပ်သည့်အခါ အမှန်ကို လုပ်လိမ့်မည်ဟု ဘယ်သို့ ယုံကြည်နိုင်ပါမည်နည်း။

စင်စစ် တကယ်တိတိကျကျ အဖြေထွက်ချင်လျှင် လုပ်နိုင်သည့်နည်းလမ်းကို ဆရာကြီးလည်း သိမည်သာ ဖြစ်သည်။

အဲဒါက စိတ်ကူးထဲက ငွေထုပ်ဖြင့်၊ သို့မဟုတ် ပါးစပ်အပြောသက်သက်ဖြင့် မဟုတ်ဘဲ တကယ့် ငွေထုပ်အစစ်ဖြင့် တစ်ဦးချင်းကို လက်တွေ့ စမ်းသပ်ကြည့်ဖို့ ဖြစ်သည်။

သို့သော် ဘာကြောင့် လုပ်မကြည့်သလဲ။

တပည့်များကို သနားချစ်ခင်သဖြင့်၊ သို့မဟုတ် ဆရာ့ကျင့်ဝတ်သိက္ခာနှင့် မလျော်ညီသဖြင့်၊ သို့မဟုတ် လူမှုရေးအရ ရိုင်းပျရာရောက်မည်ဟု ယူဆသဖြင့်၊ သို့မဟုတ် မကောင်းမှုကို ကျူးလွန်ဖြစ်အောင် အားပေး ထောက်ကူရာရောက်နိုင်သဖြင့်၊ ထိုနည်းကို ရှောင်ကြဉ်ခဲ့ခြင်း ဖြစ်တန်ရာပါသည်။

သည်အတွက် ဆရာကြီးကို အပြစ်တင်စရာ အကြောင်းမရှိပါ။

သို့သော် အမေးအဖြေ သက်သက်မျှပါသော ပုံပြင်ထဲက ဆရာကြီး၏ စမ်းသပ်ချက်သည် မပြည့်စုံသေး၊ ထိုစမ်းသပ်ချက်မှနေ၍ ခိုင်မာသော ကောက်ချက်တစ်ခု ချမှတ်ရန် မဖြစ်နိုင်သေး ဟူ၍ကား ယူဆမိပါသည်။

## ၆။ ကြက်ဥနှင့် ကြက်မ ဘယ်သူ အရင်စ

ကြက်ဥက စကြည့်လျှင်၊

ကြက်ဥက ကြက်ကလေး ပေါက်သည်။ ကြက်ကလေးက ကြက်မကြီးဖြစ်၊ ကြက်ဥ ဥသည်။ ကြက်ဥက ကြက်ကလေး ပေါက်သည်။ ...

ကြက်မက စမည်ဆိုလျှင်၊

ကြက်မက ကြက်ဥ ဥသည်။ ကြက်ဥက ကြက်ကလေး ပေါက်သည်။ ကြက်ကလေးက ကြက်မကြီးဖြစ်သည်။ ကြက်မက ကြက်ဥ ဥသည်။ ...

ကြက်ဥက စဉ်းစား စဉ်းစား၊ ကြက်မ စဉ်းစား စဉ်းစား၊ ပတ်ချာလည်နေသည့် ဖြစ်စဉ်က အတူတူပါပဲ။

သို့သော်၊ အဲသည်ဖြစ်စဉ်ကို ဟိုးပဝေသဏီကတည်းက တချို့ ပုဂ္ဂိုလ်တွေ စဉ်းစားကြသည်။

ပဟေဠိလုပ် မေးခွန်းထုတ်သည်။

ကြက်ဥနှင့် ကြက်မမှာ ဘာက အရင်ရှိသလဲ၊ ဘယ်သူရှိပြီးမှ ဘယ်သူ ရှိလာတာလဲ၊ ဟူ၍။

ကြက်ဥက ပေါက်လို့ ကြက်မဖြစ်လာတာ၊ ဒါကြောင့် ကြက်ဥက အရင်ဟု ဆိုမည်လား၊

သို့မဟုတ်

ကြက်မ မရှိဘဲ ကြက်ဥ ဘယ်လို ရှိလာမည်လဲ၊ ဒါကြောင့် ကြက်မက အရင်ဟု ဆိုမည်လား၊

အစ ကနဦးမှာ ကြက်ဥတစ်လုံး ကြက်မတစ်ကောင်တော့ တပြိုင်တည်း မတည်ရှိနိုင်၊ တစ်ခုခုက စရမည်။ အဲသည် တစ်ခုရှိပြီးမှ

## ၆။ ကြက်ဥနှင့် ကြက်မ ဘယ်သူ အရင်စ

ကြက်ဥက စကြည့်လျှင်၊

ကြက်ဥက ကြက်ကလေး ပေါက်သည်။ ကြက်ကလေးက ကြက်မကြီးဖြစ်၊ ကြက်ဥ ဥသည်။ ကြက်ဥက ကြက်ကလေး ပေါက်သည်။ ...

ကြက်မက စမည်ဆိုလျှင်၊

ကြက်မက ကြက်ဥ ဥသည်။ ကြက်ဥက ကြက်ကလေး ပေါက်သည်။ ကြက်ကလေးက ကြက်မကြီးဖြစ်သည်။ ကြက်မက ကြက်ဥ ဥသည်။ ...

ကြက်ဥက စဉ်းစား စဉ်းစား၊ ကြက်မ စဉ်းစား စဉ်းစား၊ ပတ်ချာလည်နေသည့် ဖြစ်စဉ်က အတူတူပါပဲ။

သို့သော်၊ အဲသည်ဖြစ်စဉ်ကို ဟိုးပဝေသဏီကတည်းက တချို့ပုဂ္ဂိုလ်တွေ စဉ်းစားကြသည်။

ပဟေဠိလုပ် မေးခွန်းထုတ်သည်။

ကြက်ဥနှင့် ကြက်မမှာ ဘာက အရင်ရှိသလဲ၊ ဘယ်သူရှိပြီးမှ ဘယ်သူ ရှိလာတာလဲ၊ ဟူ၍။

ကြက်ဥက ပေါက်လို့ ကြက်မဖြစ်လာတာ၊ ဒါကြောင့် ကြက်ဥက အရင်ဟု ဆိုမည်လား၊

သို့မဟုတ်

ကြက်မ မရှိဘဲ ကြက်ဥ ဘယ်လို ရှိလာမည်လဲ၊ ဒါကြောင့် ကြက်မက အရင်ဟု ဆိုမည်လား၊

အစ ကနဦးမှာ ကြက်ဥတစ်လုံး ကြက်မတစ်ကောင်တော့ တပြိုင်တည်း မတည်ရှိနိုင်၊ တစ်ခုခုက စရမည်။ အဲသည် တစ်ခုရှိပြီးမှ

နောက်တစ်ခုရှိလာတာ ဖြစ်ရမည်။ ဘယ်ဟာသည် အရင်လဲ။

* * *

သည်ပြဿနာက အပျော်သဘော ငြင်းခုံစရာ တစ်ခုဖြစ်သလို၊ အတွေးအခေါ် သမားများအတွက် အလေးအနက် စဉ်းစားစရာ တစ်ခုလည်း ဖြစ်သည်။ အရစ္စတိုတယ်၊ ပလူးတာ့ချ် စသည့် ဂရိတွေးခေါ်ရှင်များ လက်ထက်ကတည်းက သည်ပြဿနာကို စဉ်းစား ကြံဆခဲ့ကြသည်။

ပညာရှိများ တွေးကြသည့်အခါကျတော့၊ သည်ပြဿနာသည် ကြက်ဥ ကြက်မ ကိစ္စလောက်တွင်သာ မရပ်ဘဲ၊ ကမ္ဘာမှာ သက်ရှိတို့ ဘယ်က ဘယ်လို စသလဲ၊ ကမ္ဘာအပါအဝင် စကြဝဠာ ကြယ်တာရာ များကော ဘယ်ကဘယ်လို စသလဲ၊ ဆိုတာအထိ ကြီးကျယ်သွားသည်။

'ကြက်ဥ ကြက်မ ဟူသော ပြဿနာ သေးသေးလေးကို စူးဆောက် တန်ဆာပလာအဖြစ် အသုံးပြုကာ ကမ္ဘာကြီး ဘယ်သို့ စတင်ဖြစ်ပေါ် လာသလဲ ဟူသော ဧရာမပြဿနာကြီးကို တူးဆွဖော်ထုတ်လာ ခြင်း ဖြစ်သည်' ဟူ၍ပင် အချို့ပညာရှင်များက တင်စားပြောဆိုခဲ့ကြသည်။

အဲသည်တုန်းက ဘာတွေ ဘယ်လောက် စဉ်းစားကြံဆ ပြောဆို ခဲ့ကြသည်ဆိုတာ ဤနေရာ၌ မပြောတော့ပါ။

ကြက်ဥ–ကြက်မ အဆင့်ကိုပဲ ပြန်သွားပါမည်။

ယုတ္တိဗေဒပညာရှင်တို့က "ကြက်ဥ–ကြက်မ ဘယ်ကစ" စဉ်းစား ခြင်းကို ကရွတ်ကင်းလျှောက် ဆင်ခြင်ခြင်း (circular reasoning) ဟု အမည်ပေးကာ ယုတ္တိဗေဒအမှား (logical fallacy) တစ်ရပ်အဖြစ် သတ်မှတ်သည်။

ကြက်ဥကြောင့် ကြက်မဖြစ်သည်၊ ကြက်မကြောင့် ကြက်ဥဖြစ်သည် ဟူသော အကြောင်းအကျိုး ဆက်စပ်ပုံ သဘောအရ စဉ်းစားသော်

ကြက်ဥရော ကြက်မပါအပြန်အလှန် အကြောင်းလည်းဖြစ် အကျိုးလည်း ဖြစ်နေကြသောကြောင့် ကရွှတ်ပေါ် ကင်းလျှောက်သလို ပတ်ချာလည်ကာ အဖြေမပေါ်နိုင်ဘဲ ရှိသော်လည်း၊ သိပ္ပံသမားကတော့ သူ့နည်းနှင့်သူ အဖြေရှာပြသည်။

ဒါဝင် (Charles Darwin) ၏ အီဗော်လူးရှင်း သီအိုရီကို အခြေခံကာ အဖြေထုတ်ကြခြင်း ဖြစ်သည်။

ဒါဝင်၏ သီအိုရီအရ၊

သတ္တဝါမျိုးစိတ် (species) တို့သည် ရှည်ကြာသော ကာလအတွင်း ဗီဇပြောင်းခြင်း (mutation)၊ ဖိုမ ဆက်ဆံ၍ မျိုးဆက်ပွားခြင်းတို့အားဖြင့် အမျိုးအမည်ကွဲပြား ဖြစ်ပေါ်လာကြသည်ဟု ရှုမြင်ကြသည်။

ထိုသဘောအရ၊

ကြက်နှင့် ဆင်တူသော်လည်း ကြက် (chicken) ပီပီသသ မဟုတ်သော သတ္တဝါ တစ်ခုသည် ယင်းနှင့် မျိုးတူ၊ သို့မဟုတ် ဆင်တူမျိုးကွဲ သတ္တဝါတစ်ခုနှင့် ပေါင်းဖက်ကာ ယင်း၏ ဝမ်းဗိုက်၌ ဥတစ်ဥ စတင်ဖြစ်ပေါ်သည်။ ထိုဥသည် အဆိုပါ ကြက်နှင့် ဆင်တူသော သတ္တဝါတို့ ဥနေကျဥများနှင့် မတူဘဲ သန္ဓေအောင်စဉ်ကာလ သို့မဟုတ် ၎င်းဥ ဖွံ့တည်စဉ်ကာလ၌ ဗီဇပြောင်းလဲမှု ဖြစ်ပေါ်၏။ ထိုအခါ အမျိုးအမည် ကွဲပြားခြားနားလာသော ထိုဥမှ ပေါက်လာသည့် သတ္တဝါသည် မိခင်နှင့်မတူဘဲ၊ နောင်ဖြစ်ပေါ်လာမည့် ကြက်မျိုးတို့အတွက် ကနဦးကြက်ကို ပေါက်ဖွားပေးမည့် အစ ပထမ ကြက်ဥဖြစ်လာ၏။

ယင်းဥမှနေ၍ ယနေ့ ကြက်များနှင့် မျိုးတူသော ကြက်တစ်ကောင် ပေါက်ဖွားလာမည်ဖြစ်ရာ၊ ယင်းသဘောအရမူ၊ ကြက်ဥနှင့် ကြက်မတွင် ကြက်ဥကစသည်ဟု ဆိုရပေမည်။

ဥအဖြစ်မှ စတင်၍ ကြက်မျိုးတို့ ပေါ်ပေါက်သည်ဟူသော 'ကြက်' နှင့် 'ကြက်မျိုး ...'သဘော။

* * *

သို့သော်

ဒါဝင်သီအိုရီက 'ကြက်'နှင့် 'ကြက်မျိုးတို့ကို ပေါက်ဖွားပေးမည့် ကြက်နှင့်ဆင်တူသော သတ္တဝါ'အကြား ခွဲခြားသတ်မှတ်ပေးလိုက်သဖြင့်သာ အထက်က အဖြေမျိုး ထွက်လာခြင်းဖြစ်၏။

အကယ်၍၊ ကြက်ဟု မဆိုဘဲ ဥနှင့် အကောင်တွင် ဘယ်ဟာက အရင်လဲ စဉ်းစားလျှင်မူ၊ အထက်မှာတုန်းကလို ကရွတ်ကင်းလျှောက်ပတ်ချာလည်နေမည်သာ ဖြစ်သည်။

## ၇။ ရွေးချယ်စရာများလွန်းသည့်အခါ

(၁)

ရွေးချယ်စရာများပြားခြင်းသည် တိုးတက်ခြင်း လက္ခဏာတစ်ရပ်ဖြစ်ပါသည်၊ တဲ့။

The Art of Thinking Clearly (ရှင်းလင်းစွာ စဉ်းစားခြင်းအတတ်ပညာ) စာအုပ်ရေးသားသူ ရော့ဖ်ဒိုဘယ်လီ (Rolf Dobelli) က ဆိုသည်။

လူ့အဖွဲ့အစည်းတစ်ရပ် တိုးတက်ခြင်း မတိုးတက်ခြင်းကို အဲသည် လူ့အဖွဲ့အစည်းထဲရှိ လူတွေမှာ ရွေးချယ်စရာ အခွင့်အလမ်း ဘယ်လောက်များပြားစွာ ရှိသလဲဟူသော ပေတံနှင့် တိုင်းတာရသည်ဟု သူဆိုလိုက်ခြင်း ဖြစ်သည်။

ပြီးတော့ သူက နှိုင်းယှဉ်ပြသည့် အနေဖြင့် ဆိုပါသေးသည်။

သမိုင်းဦးကာလ ခက်ခဲရှားပါးလှသော ကျောက်ခေတ်လို အနေအထားမျိုးတွေ၊ စီမံကိန်း စီးပွားရေးစနစ် ကျင့်သုံးသည့် ဆိုရှယ်လစ် ကွန်မြူနစ် လူ့အဖွဲ့အစည်းတွေနှင့်၊ သူတို့အနောက် နိုင်ငံများက လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတွေ ကွဲပြားခြားနားသွားစေသည့် အဓိကအကြောင်းသည် သူတို့မှာ ရွေးချယ်စရာတွေ များပြားလှခြင်း ပါပဲ၊ တဲ့။

ဥပမာ သာဓကတွေလည်း သူက ပြပါသည်။

သူ့ရပ်ကွက်က ကုန်စုံဆိုင်မှာ ဒိန်ချဉ် ၄၈ မျိုးရသည်။ ဝိုင်သောက်ချင်၍ သွားဝယ်လျှင် ဝိုင်နီချည်းပင် ၁၃၄ မျိုး ရှိသည်၊ တဲ့။ ကြိုက်ရာ ရွေးပေတော့။

စာအုပ်ဆိုင်ကျတော့ကော ...။

သူ့အိမ်နားကဆိုင်ဟု မဆိုနိုင်သော်လည်း အိမ်နားမှာရှိသည့် အလား သူ့ထံ အိမ်တိုင်ရာရောက် လာပို့သည့်၊ တစ်ကမ္ဘာလုံးက မှာကြားလျှင်လည်း ပို့ပေးနေသည့် အင်တာနက်စာအုပ်ဆိုင် အမေဇုံ (Amazon) မှာ စာအုပ်အမျိုးအစားပေါင်း ၂ သန်း ရနိုင်သည်၊ တဲ့။

ရွေးချယ်စရာတွေ ပေါလှပုံအကြောင်း ပြောခြင်းဖြစ်သည်။

(၂)

အဲသည်နောက်မှာတော့ သူက "ရွေးချယ်စရာတွေပေါတိုင်း ကောင်း သလား" ဟု မေးလာပြန်သည်။ ပြီးတော့ သူပဲဖြေသည်။

ရုတ်တရက်ဆိုလျှင်တော့၊ ဟေး အများကြီးပဲ၊ ပျော်စရာကြီးဟု ထင်လိမ့်မည်တဲ့။ သို့သော် များသည်ဆိုတာ အတော်အတန်ပဲ ကောင်းသည်၊ များလွန်းလျှင် ခင်ဗျားစိတ်ညစ်လိမ့်မည်ဟု သူက

ဆိုသည်။

ဘက်စုံရှားပါးသည့် ခေတ်ကျပ်တွေထဲ နေလာခဲ့ရသည့် ကျွန်တော်တို့အဖို့တော့ သူ့စကားက အတော်ခွကျနေသည်။

ကျွန်တော်တို့က၊ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ဒါတစ်ခု ရှိတယ်။ ယူချင်ယူ မယူချင်နေ၊ ဆိုတာမျိုးတွေ ကြားထဲမှာ ကာလ ရှည်ကြာ စိတ်ညစ်လာခဲ့ရသူတွေ ဖြစ်သည်။ အမျိုးအမည် များပြား စုံလင်မည်၊ နှစ်သက်ရာကိုလည်း ရွေးချယ်၍ရမည်ဆိုလျှင် ကျွန်တော်တို့ သေချာပေါက် ပျော်ရွှင်ကြမည်ပေါ့။

သို့သော် သူကပြောသည်။

နှစ်သက်ရာကိုတော့ ယူနိုင်သည်၊ သို့သော် ဆင်တူယိုးမှား အမျိုးအမည်တွေ တပြုံတခေါင်းကြီး ချထားပေးလိုက်မည်ဆိုလျှင် ခင်ဗျား ခေါင်းမူးသွားလိမ့်မည်။ ဘာရွေးချယ်ရမှန်းမသိဖြစ်က သည်ဟာ ကောက်ကိုင်၊ ဟိုဟာမြင်တော့ ပြန်ချထား၊ နောက်တစ်ခု ကောက်ကိုင်၊ အတင်းစိတ်ဖြတ်ကာ တစ်ခုဝယ်လာပြီးကာမှ အိမ် ပြန်ရောက်တော့ ဟိုဟာယူခဲ့ရ အကောင်းသားဟု တွေးကာ စိတ်မချမ်း သာ၊ အဲသလို ဖြစ်လိမ့်မည်၊ တဲ့။

ဒါကို စိတ်ပညာသမား၊ အတွေးအခေါ်သမားများက ရွေးချယ်မှုပြဿနာ သို့မဟုတ် ရွေးချယ်စရာ များလွန်းခြင်း ပြဿနာ (Paradox of Choice) ဟု ဆိုကြပါသည်။

* * *

သည်ပြဿနာအကြောင်းကို စိတ်ပညာရှင် ဘယ်ရီရှဝါ့ဇ် (Barry Schwartz) က Paradox of Choice ခေါင်းစဉ်ဖြင့် စာတစ်အုပ် ရေးသားခဲ့ရာ ၄င်း၌ သူက အဓိကအချက် (၃) ချက် ဖော်ပြသည်။

**ပထမအချက်** ။ ။ ရွေးချယ်စရာများလွန်းလျှင် ခေါင်းက မလုပ်တတ် မကိုင်တတ် (inner paralysis) ဖြစ်သွားကြောင်း သူကဆိုပြီး သာဓကအဖြစ် ဆူပါမားကက်တစ်ခုက ပြုလုပ်သည့် စမ်းသပ်မှုတစ်ခု ကို တင်ပြသည်။

ဆူပါမားကက်က ပထမတစ်နေ့တွင် ဂျယ်လီ ၂၄ မျိုးကို မြည်းစမ်းရန် နမူနာများနှင့်တကွ ခင်းကျင်းပြသထားပြီး ဈေးဝယ် သူတို့ ကြိုက်သလောက်မြည်းကာ နှစ်သက်ရာကို ဝယ်နိုင်ရန် စီစဉ် ပေးသည်။ နောက်တစ်နေ့တွင် ရွေးချယ်စရာ ဂျယ်လီ ၆ မျိုးသာ ခင်းကျင်းထားပြီး ယမန်နေ့ကအတိုင်း မြည်းစမ်း ဝယ်ယူစေသည်။ နှစ်ရက်အရောင်းစာရင်းကို နှိုင်းယှဉ်ကြည့်သည့်အခါ ဒုတိယနေ့တွင် ပထမနေ့ထက် ၁၀ ဆပို၍ ရောင်းရသည်ဟု ဆိုသည်။

စမ်းသပ်သူတို့က ပထမနေ့တွင် ဈေးဝယ်သူများသည် ရွေးချယ် စရာ အများအပြားကြားမှာ ဆုံးဖြတ်ချက် မကျနိုင်ကြသဖြင့် အတော် များများက ဘာမှ မဝယ်ဖြစ်တော့ဘဲ၊ နောက်နေ့တွင်မူ ရွေးချယ်စရာ နည်းနည်းထဲမှာ ဘယ်ဟာက ပိုကောင်းသည် သို့မဟုတ် ဘယ်ဟာကို မိမိပိုနှစ်သက်သည်ဟု ခွဲခွဲခြားခြား သိရှိနိုင်ကြသဖြင့် များများ ဝယ်ဖြစ်ကြခြင်း ဖြစ်သည်ဟု သုံးသပ်သည်။

အဆိုပါ စမ်းသပ်မှုမျိုးကို အခြားကုန်ပစ္စည်း အမျိုးမျိုးတို့၌လည်း အကြိမ်ကြိမ် ပြုလုပ်ကြည့်ရာ အထက်က ရလဒ်မျိုးပင် ထွက်ပေါ် ကြောင်း ၎င်းတို့က ဆိုကြသည်။

**ဒုတိယအချက်** ။ ။ ရွေးချယ်စရာတွေ များလာသည်နှင့်အမျှ ရွေးချယ်ဆုံးဖြတ်ရတာ ပို၍ မသေမချာ မရေမရာ ဖြစ်လာသည်ဟု ဆိုသည်။ ဥပမာအဖြစ် သူက အိမ်ထောင်ဖက် ရွေးချယ်မှုကို ပေးသည်။

သူက၊

လူငယ်များအား မိမိ၏ ဘဝလက်တွဲဖော်မှာ ဘယ်အရည်အချင်းမျိုးတွေ ရှိစေချင်သလဲမေးလျှင် ဉာဏ်ရည်ထက်မြက်တာ၊ ယဉ်ကျေးသိမ်မွေ့တာ၊ နွေးထွေးပျူငှာတာ၊ တစ်ဖက်သားကို သိတတ်တာ (ဥပမာ– စကားကို ကိုယ်ချည်းမပြော၊ တစ်ဖက်သားပြောတာကိုလည်း နားထောင်တတ်တာ)၊ ရွှင်ပျတဲ့စိတ်ထား ရှိတာ၊ ရုပ်ရည်အားဖြင့်လည်း ဆွဲဆောင်နိုင်စွမ်းရှိတာ စသည့်အချက်တွေ တန်းစီပြီး ပြောကြလိမ့်မည်။ သို့သော် အိမ်ထောင်ဖက် တကယ်ရွေးသည့်အခါ အဲသည်အချက်တွေ တကယ်စဉ်းစားဖြစ်ရဲ့လားဟု စစ်ကြောခိုင်းသည်။

ဘယ်ရီက၊ ယခင်ခေတ်တုန်းကဆိုလျှင် အိမ်ခြေအသင့်အတင့်ရှိသည့်မြို့ ရွာတစ်ခုမှာ နေထိုင်သော ယောကျ်ားလေးတစ်ဦးသည် ရွေးချယ် စရာ မိန်းကလေးအဖြစ် သူနှင့်သက်တူရွယ်တူ သို့မဟုတ် ကျောင်း နေဖက် သူငယ်ချင်း အယောက်နှစ်ဆယ်ဝန်းကျင်လောက် ထိတွေ့ခွင့် ရလိမ့်မည်။ တစ်ယောက်အကြောင်း တစ်ယောက်သိ၊ သူ့မိဘ မောင်ဖွား ဆွေမျိုးသားချင်းများကိုလည်း အပြန်အလှန်သိကာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သည့်အခါ၌ အထက်က ပြောခဲ့သည့် အရည်အချင်းတွေအားလုံးကို ထည့်သွင်း တွက်ချက်ဖြစ်ကြသည်။

မြို့ပြဖြစ်လာတော့ ထိတွေ့ရသူတွေက အကန့်အသတ်မရှိ များလာပြီး သူ့အကြောင်းလည်း ကိုယ် ပြည့်ပြည့်စုံစုံ သိဖို့မလွယ်၊ ကိုယ့်အကြောင်းလည်း သူသေသေချာချာ သိဖို့မလွယ် ဖြစ်လာသည်။ နောက်ဆုံးကျတော့၊ တခြားဟာတွေထက် ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု တစ်ခုတည်းအပေါ်မှာ အခြေခံ၍ ရွေးချယ်ဖြစ်သွားပြီး စိတ်နေ စိတ်ထားနှင့် တခြား အရည်အသွေး အစစ်အမှန်တွေကို တကယ် ပေါင်းသင်းကြည့်တော့မှပဲ သိကြရသည်။ အဲသည်အခါ ဘာတွေ

ဆက်ဖြစ်သလဲဆိုတာကတော့ အားလုံး အသိပါပဲဟု သူက ဆိုသည်။

**တတိယအချက်** ကတော့ ။ ။ ရွေးချယ်စရာ သိပ်များလွန်းလျှင် ဘာကိုပဲရွေးရွေး ကျေနပ်မှု မရှိနိုင်ဆိုတာပဲ ဖြစ်သည်။

ပစ္စည်းအမျိုး ၂၀၀ ထဲက ကြိုက်တာရွေးယူခွင့်ရသည် ဆိုပါတော့။ တစ်ခုရွေးပြီးနောက်မှာ ကျန်ခဲ့တာတွေကို ကြည့်လိုက်တော့ ၁၉၉ မျိုးတောင် ရှိနေသည်။ အဲဒါတွေနှင့် ပြန်လည်နှိုင်းယှဉ် စဉ်းစားရင်း ကိုယ်ရွေးလာခဲ့တာက တဖြည်းဖြည်း ပိုပိုပြီး ညံ့လာသလိုလို၊ အညံ့ဆုံးကိုမှ ရွေးချယ်မိခဲ့သလိုလို ဖြစ်လာမည်။

အများအပြားထဲက ရွေးချယ်ခွင့်ရလေ ကိုယ်ရွေးခဲ့သည့် အရာအပေါ် စိတ်ကျေနပ်နိုင်ဖို့ ခဲယဉ်းလေဖြစ်သည်။

* * *

အဲသည်တော့ ဘာလုပ်နိုင်သလဲ။ အဖြေတော့ ပေးဦးမှဖြစ်မည်။

ဒိုဘယ်လီပေးသည့်အဖြေ၊ သို့မဟုတ် ရှေ့ဆက်ရန် နည်းလမ်းကတော့၊

တစ်။ ကိုယ်ရွေးချယ်ခွင့် ရရှိထားသည့် အရာတွေကို မစိစစ်မစောကြောမီ ဦးစွာပထမ၊ ငါဘယ်လိုဟာမျိုးကို လိုချင်သလဲဆိုတာ မိမိဘာသာ သေသေချာချာ စဉ်းစားချမှတ်ထားဖို့ ဖြစ်သည်။

ကိုယ်လိုချင်တာဘာလဲ၊ ဘယ်အရည်အသွေး ဘယ်ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံရမည်လဲ သေသေချာချာစဉ်းစား၊ တိတိကျကျမှတ်သား၊ လိုအပ်လျှင် ချရေးထား။

ပြီးလျှင် အဲသည့်အရည်အသွေး သတ်မှတ်ချက်တွေနှင့် ညီညွတ်မညီညွတ်ကို တိုက်ဆိုင်စစ်ဆေးပြီး အနီးစပ်ဆုံး အညီညွတ်ဆုံးကိုသာ ရွေးချယ်ပါ။

သည်နောက် ဒုတိယအချက်က မိမိထားရမည့် သဘောထား

ဖြစ်သည်။

ရွေးချယ်မှုကို မိမိသတ်မှတ်ထားသည့် စံများပေါ်တွင် အခြေခံ၍ ပြုလုပ်ခဲ့ပြီးပြီပဲ။ အဲဒါသည် လုံးဝ ပြီးပြည့်စုံသော သို့မဟုတ် ရာနှုန်းပြည့် ကျေနပ်နိုင်သော ရွေးချယ်မှုမျိုး မဟုတ်သော်လည်း ဖြစ်နိုင်သမျှ အကောင်းဆုံးဟုလည်း မိမိလက်ခံခဲ့သည် ဆိုပါစို့။ ဒါဆိုလျှင် နောက်ကျမှ ဒွိဟဝိဝါဒတွေ ပွားမနေဘဲ မိမိကိုယ်တိုင် ရွေးချယ်ခဲ့သော အရာသည် ဘာပဲပြောပြော အသင့်တော်ဆုံးပါပဲဟု ဆက်လက်ခံယူတတ်ဖို့လိုကြောင်း သူက ဆိုသည်။

အဲဒါသည်ပင် ရွေးချယ်စရာများသဖြင့် တစ်ကိုယ်တည်း အငြင်းပွားရမည့်ဒုက္ခ ကင်းဝေးစေမည့် အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

# အခန်း (၄)
# စဉ်းစားစရာ ပြဿနာများ
# (ကျင့်ဝတ်ပိုင်း သို့မဟုတ် တရားမျှတမှု ဆိုင်ရာ)

အခန်း (၃)တွင် စဉ်းစားစရာ အထွေထွေ ပြဿနာအချို့ကို စာဖတ်သူတို့ကိုယ်တိုင် စဉ်းစား ဝေဖန်နိုင်ရန် တင်ပြခဲ့သည်။

ယခု ဆက်လက်၍ အဆိုပါ ပြဿနာမျိုးများထဲမှ ပို၍ နက်နဲခက်ခဲသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ သို့မဟုတ် တရားမျှတမှုဆိုင်ရာ ပြဿနာအချို့အား အတွေးသမားတို့ စဉ်းစားထားကြပုံ နမူနာများကို ဖော်ပြလိုက်ပါသည်။

## ၁။ လုပ်သင့် မလုပ်သင့်

တရားမျှတမှု (Justice) အကြောင်း စာအုပ်ရေးသားသူ မိုက်ကယ် ဆင်ဒဲလ် (Michael J.Sandel) က စဉ်းစားစရာ ဒဿန ပြဿနာ

တစ်ခု စိတ်ကူးနှင့် ရေးပြသည်။ ပြီး ခင်ဗျားဆိုလျှင် ဘယ်လိုလုပ်မလဲ မေးသည်။

အဲဒါကို ဆီလျော်သလို ပြန်ပြောပါမည်။

ဆိုပါစို့၊ စာဖတ်သူက ဓာတ်ရထားကို တစ်နာရီ မိုင် ၆၀ နှုန်းလောက်နှင့် မောင်းလာသည်။ အဲသည်ချိန် ရှေ့နားဆီမှာ ရထားလမ်း လုပ်သား ငါးယောက် ရထားကို ကျောပေးပြီး သံလမ်းအတိုင်း လျှောက်နေတာ မြင်ရသည်။ ချက်ချင်း ဘရိတ်အုပ်ဖို့ ကြိုးစားသည်။ မရ။ ဘရိတ်က မမိ။ သည်အတိုင်းဆို အားလုံး တိုက်မိပြီး သေကုန်ကြတော့မည်။

အဲသည် အခိုက်အတန့်မှာပဲ ရှေ့နားမှာ ရထားလမ်းခွဲတစ်ခုရှိတာ သတိပြုမိသည်။ ရထားကို အဲသည်ဘက် ချက်ချင်း ကွေ့ချလိုက်လို့ရသည်။ သို့သော် အဲသည်လမ်းပေါ်မှာလည်း အလုပ်သမား တစ်ယောက် ရှိနေသည်။ တစ်ယောက်တည်း။

သင်ဘာလုပ်မည်လဲ။ တည့်တည့်မောင်းလျှင် ငါးယောက်သေမည်၊ ကွေ့လိုက်လျှင် အဲသည် လူတစ်ယောက်ပဲ သေမည်။ ငါးယောက်နှင့် တစ်ယောက်။

သင် ဘယ်သူ့ကို ရွေးမည်လဲ။

လူ အတော်များများကတော့ ငါးယောက်နှင့် တစ်ယောက်ဆိုရင် တစ်ယောက်ရွေးပေါ့ကွာ၊ သူက်ဆိုးတာတော့ ကံဆိုးတာပေါ့၊ ဒါပေမဲ့ ငါးယောက်သေမယ့်အစား တစ်ယောက်သေတာ တော်တာပေါ့ ဟု ဆိုလိမ့်မည်။

အဲဒါဆို သင်လက်ခံမည်လား။

သို့သော် တစ်မျိုးစဉ်းစားကြည့်ပါ။

လူငါးယောက်ကို ကယ်ဖို့အတွက် လူတစ်ယောက်ကို သတ်မလား မေးလာလျှင်ကော သင်ဘယ်လို ဖြေမည်လဲ။

ဆိုပါစို့။ အထက်က ဇာတ်လမ်းမှာပဲ သင်က ဓာတ်ရထားမောင်းသူ မဟုတ်၊ ဘေးကမြင်နေရသူ။ ရထားလာနေတာကို ရထားလမ်းကျော် တံတားပေါ်က သင်မြင်နေရသည်။ ဟိုလူငါးယောက်ကို ရထားတိုက်မိမှာ သေချာနေပြီ။ သို့သော စောစောကလို ရထားလမ်းခွဲမရှိ။ သည် တစ်လမ်းတည်းပဲရှိသည်။ သို့သော် သည်ရထားကို တားဆီးနိုင်မည့် နည်းလမ်း တစ်ခု သင်စဉ်းစားမိလိုက်သည်။ အဲဒါက ရထားရှေ့ကို လေးလံသည့် ပစ္စည်းတစ်ခု ပစ်ချလိုက်လျှင် အဲဒါနှင့် တိုက်မိပြီး ရထားတုံ့ခနဲ ဖြစ်သွားမည်။ အဲဒါဆိုလျှင် ရထားမောင်းသမားက ရပ်လို့ရသွားမည်။

သို့သော် အဲသည်လို ရထားရပ်သွားအောင် တားဖို့အတွက်၊ တစ်နည်းပြောလျှင် လူငါးယောက်၏ အသက်ကို ကယ်ဖို့အတွက် ရထားရှေ့ကို ကိုယ်တိုင် ခုန်ချလိုက်လျှင် ဘယ်လိုနေမည်လဲ။ အဲမဖြစ်သေး။ ကိုယ့်ခန္ဓာကိုယ်က သေးသေးလေး။ ရထားက ကြွက်ကလေး ငှက်ကလေးတိုက်သလို တိုက်သွား၍ ကိုယ်သေတာပဲ အဖတ်တင်မည်။ ရထား ရပ်လိမ့်မည်မဟုတ်။ သို့သော် ကိုယ့်အနီးမှာပဲ ရပ်နေသော ပုဂ္ဂိုလ်ကြီး တစ်ယောက်ရှိသည်။ ဧရာမ ဗလနှင့် ထွားကျိုင်းလှသည့် ခန္ဓာကိုယ်ကြီး။ သည်ဟာကြီးကို တိုက်မိလျှင်တော့ ဆင်ကို တိုက်သလို မဖြစ်တောင် ကျွဲကို တိုက်မိသလောက် ဖြစ်နိုင်သည်။

သူ့ကို တွန်းချလိုက်လျှင် ဘယ့်နှယ်နေမည်လဲ။

သူတော့ သေမည်။ သို့သော် ဟိုလူငါးယောက် အသက်ကို ကယ်နိုင်မည်။

ကဲ ခင်ဗျား သူ့ကို တွန်းချမည်လား။

လူအတော်များများကတော့ ဒါဆို တွန့်သွားလိမ့်မည်။

လူတစ်ယောက်ကို ရထားတိုက်မိအောင် တွန်းချရမည့်ကိစ္စ။ ဒါတော့ လုပ်ဖို့ခက်သည်။

လူငါးယောက်ကိုကယ်ဖို့ တစ်ယောက်သေစေတာချင်း အတူတူ ရထားလမ်းလွှဲမောင်းတာတော့ လုပ်နိုင်သည်။ တွန်းချတာတော့ မလုပ်နိုင်။

ဘာကြောင့်လဲ၊ ဟိုဟာက မှန်ပြီး သည်ဟာက မမှန်၍လား။ ဟိုဟာက လုပ်သင့်ပြီး သည်ဟာက ဘာကြောင့် မလုပ်သင့်သလဲ။

စဉ်းစားလေ စဉ်းစားလို့ မဆုံးနိုင်လေ။

အကယ်၍ ကိုယ်တွန်းချလိုက်တဲ့အချိန် ရထားက ဘရိတ်မိလို့ ရပ်သွားတဲ့ အချိန်နဲ့ တည့်တည့်ကြီး တိုက်ဆိုင်နေလျှင် ..... စသဖြင့်။

သို့သော် သည်ကိစ္စကို လွယ်အောင်ချုပ်၍ ပြောလျှင်တော့။

သည်လို ဝေခွဲမရသော ကိစ္စတွေသည် ကျွန်တော်တို့မှာ ရှိသည့် မှားသည် မှန်သည်၊ သင့်သည် မသင့်သည် ဟူသော အသိစိတ်များ၊ သိမှတ် လက်ခံထားချက်များနှင့် သက်ဆိုင်သည်။ အဲသည် သိမှတ်ချက်တွေ တစ်ခုနှင့်တစ်ခု လာတိုက်နေမည်၊ ကိစ္စတစ်ရပ်ထဲမှာပဲ ရောယှက် ငြိတွယ်နေမည်ဆိုလျှင် ရွေးချယ်ရခက်သည့် ပြဿနာ ပေါ်ပေါက်သည်။

ယခုကိစ္စမှာလည်း၊ 'တစ်ယောက်နဲ့ အများဆိုရင် အများကို ကယ်ရမှာပေါ့' ဆိုသော သိမှတ်ချက်နှင့် 'ဟာ ကောင်းတဲ့ အကျိုး ရလဒ်အတွက် လုပ်တာမှန်ပေမယ့် လူတစ်ယောက် အသက်ကိုတော့ သတ်လို့ ဘယ်ဖြစ်မလဲကွ' ဟူသော သိမှတ်ချက်တို့ ထိပ်တိုက် လာတွေ့နေကြခြင်း ဖြစ်သည်။

* * *

စိတ်ကူးယဥ်ဇာတ်လမ်းကို သည်မှာရပ်ကာ အဲဒါနှင့် သဘောချင်းဆင်တူသည့် လက်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပါမည်။

ပြဿနာနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့စဥ်က ဘယ်ဟာကို ရွေးရမည်လဲ ဝေခွဲမရ ဖြစ်ခဲ့ပြီး၊ ပြီးသွားပြီဆိုသည့်အခါကျမှ အဲသည်တုန်းက ဘယ်လိုလုပ်ခဲ့သင့်တာဟု ပြောနိုင်သည့်ကိစ္စ။

၂၀၀၅ ခုနှစ် ဇွန်လက ဖြစ်သည်။ အာဖဂန်နစ္စတန်ရှိ အမေရိကန်အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်တစ်စု ပါကစ္စတန် နယ်စပ်အနီးတစ်နေရာသို့ တိတ်တဆိတ် ရောက်လာသည်။ ရေတပ်အရာရှိငယ်မားကပ်(စ) လပ်ထရယ်(လ) အပါအဝင် စစ်သည် လေးဦးသည် ၎င်းနေရာ၌ အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်၏ ညာလက်ရုံး တစ်ဦး ရောက်ရှိနေသည်ဆို၍ လိုက်လံ ရှာဖွေနေခြင်းဖြစ်သည်။ ထောက်လှမ်းရေး သတင်းများအရ သူတို့၏ ပစ်မှတ်ပုဂ္ဂိုလ်သည် သွားလာရခက်သည့် တောင်ပေါ် ရွာတစ်ရွာတွင် ခိုအောင်းနေပြီး ၎င်းနှင့်အတူ လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် တာလီဘန်တိုက်ခိုက်ရေးသမား ၁၄၀–၁၅၀ ခန့် ရှိသည်ဟု သိထားရသည်။

စစ်သည်လေးဦး ရွာကို အပေါ်စီးက မြင်ရသည့် တောင်တန်းတစ်နေရာသို့ ရောက်ရှိ နေရာယူပြီးစတွင် အာဖဂန်ကျေးလက်သားသုံးယောက် ဆိတ်တစ်အုပ်နှင့် ရောက်လာသည်။ လူကြီးနှစ်ယောက်နှင့်ကောင်လေးတစ်ယောက်။ ဆိတ်က အကောင် ၁၀၀ လောက်ပါသည်ဖြစ်ရာ ဆိတ်မြည်သံတို့ ဆူညံနေသည်။

အမေရိကန်စစ်သားတွေ သူတို့ကို သေနတ်နှင့် ချိန်ရွယ်ကာမြေကြီးပေါ် ထိုင်ခိုင်းသည်။ ပြီးနောက် သည်လူတွေကို ဘာလုပ်ကြမလဲ သူတို့အချင်းချင်း ငြင်းခုံကြသည်။ အာဖဂန်တွေ ကြည့်ရတာ

လက်နက်ဘာသာမပါ၊ သာမန်တောသူ တောင်သားများနှင့် တူကြသည်။ သို့သော် တစ်ဖက်က ကြည့်ပြန်တော့ သည်လူတွေကို လွှတ်ပေးလိုက်လျှင် တာလီဘန်တွေဆီ သွားပြီး အကြောင်းကြားနိုင်သည့် အန္တရာယ်ရှိသည်။

သည်လူတွေကို ချည်တုပ်ထားခဲ့ပြီး နောက်ထပ် နေရာသစ်တစ်ခုရှာကာ ပုန်းအောင်းစောင့်ဆိုင်းသည့် အလုပ်ကိုလုပ်ဖို့ကလည်း မဖြစ်နိုင်။ သူတို့မှာ ချည်စရာနှောင်စရာ ကြိုးလည်းပါမလာ။

အဲသည်တော့ ရွေးချယ်စရာက နှစ်ခုပဲ ရှိသည်။ သည်လူတွေကို သတ်ပစ်မည်လား၊ ဒါမှမဟုတ် လွှတ်ပေးလိုက်မည်လား၊ တခြားနည်းမရှိ။

လပ်ထရယ်(လ)၏ အဖွဲ့သားတစ်ယောက်က ဆိတ်ကျောင်းသားတွေ အားလုံး သတ်ပစ်သင့်သည်ဟုဆိုသည်။ 'ကျွန်တော်တို့ကို ရန်သူ့ နယ်မြေထဲအထိ ဝင်တိုက်ဖို့ အထက်က တာဝန်ပေးထားတာ၊ ဒီအနေ အထားမှာ ကိုယ့်အသက်ကိုယ် ကာကွယ်ဖို့အတွက် ဘာမဆိုလုပ်ပိုင်ခွင့်ရှိတယ်၊ စစ်ရေးရှုထောင့်ကကြည့်ရင် ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာ အရှင်းကြီးပဲ၊ လွှတ်ပေးလိုက်ရင် မှားလိမ့်မယ်'

လပ်ထရယ်(လ)က ဝေခွဲမရ။ 'သူပြောတာမှန်တဲ့အကြောင်း ကျွန်တော့် ဦးညာဉ်ထဲက သိနေတယ်၊ ဒီလူတွေ လွှတ်ပေးဖို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကျွန်တော့်မှာ နောက်ထပ် ဝိညာဉ်တစ်ခု ရှိနေတယ်၊ ခရစ်ယာန်ဝိညာဉ်၊ အဲဒါက ကျွန်တော့်အပေါ် ဖိစီးနေတယ်၊ လက်နက်ဗလာနဲ့ လူတွေကို သွေးအေးအေးနဲ့ သတ်ပစ်မယ်ဆိုရင် မှားလိမ့်မယ်ဆိုတဲ့ အကြောင်း ကျွန်တော့် ခေါင်းထဲမှာမပြတ် တီးတိုးပြောနေတယ်'၊ စသဖြင့် နောင်တွင် သူရေးသားခဲ့သည်။

သူတို့မဲခွဲကြသည်။ တစ်ယောက်က သတ်မည်၊ တစ်ယောက်က

လွှတ်မည်၊ တစ်ယောက်က မဲမပေး။ နှစ်ယောက်တိုက်နေတော့ လပ်ထရယ်(လ)က အဆုံးအဖြတ် မဲပေးရသည်။ သူက လွှတ်မည့်ဘက်က ရပ်လိုက်သည်။

အဲသည် အဆုံးအဖြတ်အတွက် နောင်တစ်သက်လုံး သူယူကျုံးမရဖြစ်ရသည်။

ဆိတ်ကျောင်းသားတွေ လွှတ်ပေးလိုက်ပြီး တစ်နာရီခွဲအကြာမှာ တာလီဘန် တပ်ဖွဲ့ဝင် ၈၀–၁၀၀ ခန့် အေကေ ၄၇ တွေ၊ ဒုံးပစ်လောင်ချာတွေနှင့် ရောက်လာကာ သူတို့ကို ဝိုင်းကြသည်။ နှစ်ဖက်အပြန်အလှန် အပြင်းအထန် ပစ်ခတ်ကြပြီးနောက် လပ်ထရယ်(လ)၏ အဖွဲ့သားသုံးယောက် ကျဆုံးသွားသည်။ သူတို့တပ်ဖွဲ့ကို လာရောက်ကယ်ထုတ်ရန် ကြိုးစားသည့် အမေရိကန် ရဟတ်ယာဉ်တစ်စင်းလည်း တာလီဘန်တို့ ပစ်ချခံရသဖြင့် ယာဉ်ပေါ်တွင် ပါလာသည့် စစ်သည် ၁၆ ဦးလုံး ကျဆုံးရသည်။

လပ်ထရယ်(လ) ကိုယ်တိုင်လည်း ဒဏ်ရာပြင်းထန်စွာရသည်။ သို့သော် တောင်စောင်းက လိမ့်ချပြီး ခုနစ်မိုင်ခရီးလောက်ကို ခက်ခက်ခဲခဲ ပုန်းလျှိုးဝပ်တွားသွားကာ ရွာတစ်ရွာသို့ရောက်သည်။ အဲသည် ရွာသားများ ကာကွယ်စောင့်ရှောက်သဖြင့် သူပြန်လွတ်မြောက်ခဲ့သည်။

သည်အတွေ့အကြုံကို စာအုပ်တစ်အုပ်ထဲမှာ ပြန်ရေးသည့်အခါ လပ်ထရယ်(လ)က ထိုစဉ်က ဆိတ်ကျောင်းသားများကို မသတ်မည့်ဘက်က သူမဲပေးခဲ့ခြင်းအတွက် သူ့ကိုယ်သူ ခါးခါးသီးသီး ပြစ်တင်ဝေဖန်သည်။ 'ကျွန်တော့်တစ်သက်တာမှာ ချမှတ်ခဲ့မိသမျှ အမိုက်မဲဆုံး၊ အညံ့ဖျင်းဆုံး၊ ဉာဏ်အနည်းဆုံး ဆုံးဖြတ်ချက်ပဲ' ဟု သူရေးသည်။ 'ကျွန်တော် ကျိုးကြောင်းဆင်ခြင်ဉာဏ်ကင်းမဲ့သလို ဖြစ်ခဲ့တာပေါ့ဗျာ၊

ဒီမဲဟာ တို့ကို သေမိန့်ပေးမယ့်မဲ ဖြစ်သွားနိုင်တယ် ဆိုတာ သိသိကြီးနဲ့ ကျွန်တော်ပေးခဲ့တာ၊ ကျွန်တော့်မဲက နောက်ဆုံး အဆုံးအဖြတ်ပေးတဲ့ ဒီအဖြစ်ကြီးဟာ ကျွန်တော်သင်္ချိုင်းတွင်းမှာ လဲလျောင်းအိပ်စက်ရတဲ့ အထိ ကျွန်တော့်ကို လိုက်ခြောက်လှန့်နေမှာ' ဟူ၍ သူဆိုခဲ့သည်။

ယခုအချိန်မှာတော့ သူ့ကို အဲသည်တုန်းက ဘယ်လိုဆုံးဖြတ်သင့်ခဲ့သလဲ မေးလျှင် အဖြေက ရှင်းနေပြီပေါ့။

ဆိတ်ကျောင်းသားတွေ အားလုံး သတ်ပစ်လိုက်ရမည်။

မသတ်ခဲ့သဖြင့် သူ့ရဲဘော် အမေရိကန်စစ်သည် ၁၉ ဦးကျဆုံးသည်၊ သူလည်း ဒဏ်ရာရပြီး စစ်ဆင်ရေးလည်း ပျက်သွားခဲ့သည် မဟုတ်လား။

ထို့ကြောင့် သတ်သင့်သည်ပေါ့။

နောက်တစ်ကြိမ် ဒါမျိုးကြုံလာလျှင် သူသတ်တော့မည်ပေါ့။

သို့သော် ပြန်စဉ်းစားလျှင် ....။

အကယ်၍ အဲသည်တုန်းက ဆိတ်ကျောင်းသားတွေ လွှတ်ပေးလိုက်သဖြင့် ဘာပြဿနာမှမပေါ်၊ မိမိတို့သာ အိုစမာဘင်လာဒင်ကို လက်ထောက်ကို ချောင်းမြောင်း သုတ်သင်နိုင်၍ စစ်ဆင်ရေး အောင်မြင်ခဲ့သည် ဆိုပါစို့။

လွှတ်ပေးခဲ့တာ မှားသည်ဟု သူဆိုနေဦးမည်လား။

ယခုတော့ သူက အရင်အကြွေးကို ချေချင်သဖြင့် သို့မဟုတ် နောက်ထပ် ကြွေးတွေထပ်မှာစိုးသဖြင့် ဒါမျိုးကြုံလာလျှင် သတ်ရမည် သတ်တာမှန်သည်ဟု အကြိတ်အနယ် ပြောနေတာ ဖြစ်နိုင်သည်။

သူ့လို ခါးသီးသော အတွေ့အကြုံမျိုး ရှိမထားသည့် အခြားသူ တစ်ယောက်ဆိုလျှင်ကော။

ရန်သူ့နယ်မြေထဲ ထိုးဖောက်ဝင်ရောက်စဉ် တွေ့ရှိသည့် မည်သူ

ကိုမဆို စစ်ဆင်ရေး ပေါက်ကြားမှာ စိုးရိမ်ရသည်ဟူသော အကြောင်းတစ်ခုတည်းဖြင့် သတ်ပစ်ဖို့ ဆုံးဖြတ်မည်လား။

ဒါမှမဟုတ်၊

အပြစ်မရှိသူတို့ ဒုက္ခမရောက်စေလိုသည့် စာနာစိတ်၊ လူလူချင်း သတ်ဖြတ်မှု မပြုလိုသည့် လူ့အခြေခံစိတ်တို့ဖြင့် စဉ်းစားမည်လား။

ဆုံးဖြတ်ရခက်တာတော့ အမှန်ပင်။

သို့သော် ခေါင်းထဲမှာ စွဲလာသည့် သိမှတ်ချက်နှစ်ခု လာတိုက်နေသည့် ယခုလို အနေအထားမျိုးတွင် အထောက်အကူ ပြုနိုင်သည့် အရာတစ်ခု ရှိသည်။

အဲဒါက

လက်ရှိ အခြေအနေတွင် ဘယ်သိမှတ်ချက်ကို ပိုအလေးထား စဉ်းစားတာ ဆီလျော်သင့်မြတ်သလဲ စဉ်းစားဖို့ ဖြစ်သည်။

ဒါကို စဉ်းစားရွေးချယ်နိုင်လျှင် ဆုံးဖြတ်ချက်လည်း ပို၍ နီးစပ်မှန်ကန်နိုင်ပါသည်။ စဉ်းစားကြည့်ပါ။

## ၂။ စားသင့် မစားသင့်

မယ်လမင်းပါသော နို့မှုန့်၊

ဆိုးဆေးပါသော လက်ဖက်၊

ရောဂါဖြစ်နေသော ကြက်၊ ဝက် စသည်တို့ မဟုတ်ပါ။

ယခုကိစ္စက အဲသည်လို ကျန်းမာရေးနှင့်မဆိုင်။ အဲမဆိုင်ဘူးလည်း ပြောလို့တော့မရ။

သို့သော် အဓိကအားဖြင့်တော့ ယဉ်ကျေးမှု၊ ထုံးစံလေ့ သို့မဟုတ် ကျင့်ဝတ်ရေးရာနှင့် ပတ်သက်သည်။

အဲဒါက လူသားစားသည့် ကိစ္စ။

လူလူချင်း စားသင့် မစားသင့်ဆိုသည့်ကိစ္စ။

ရှေးတုန်းကတော့ ကမ္ဘာမှာ လူတွေ လူသားစားခဲ့ဖူးကြသည်။ ဥပမာ သာဓကတွေ အများကြီး ရှိသည်ပေါ့။

သို့သော် သည်ကနေ့ခေတ်၊ ယဉ်ကျေးလာပြီဆိုသော ခေတ်မှာတော့ မစားကြတော့ပါ။ စားသောသူ သို့မဟုတ် စားရန်ကြိုးစားသူ တစ်ယောက်တစ်လေကို စိတ်ဝေဒနာသည်လို သဘောထားကြသည်။

ထို့ပြင် ယဉ်ကျေးမှုဆိုတာ သူ့အရပ်နဲ့ သူ့ဓာတ်ပဲ၊ သူ့ယဉ်ကျေးမှု သူ့ဓလေ့နဲ့ လုပ်တာကို သင့်တော်တယ်၊ မသင့်တော်တယ် ပြောလို့ မရဘူးဟူ၍ သဘောထားကြသူများကပင် လူသားစားခြင်းကိုတော့ လက်ခံနိုင်သော လူ့အပြုအမူ နယ်နိမိတ်၏ ပြင်ပမှာရှိသော အခြင်းအရာတစ်ရပ်ဟု မှတ်ယူလျက် ရှိကြပြီ။

သို့သော် ရှေ့ဘက်က 'လုပ်သင့် မလုပ်သင့်' ဟူသောကိစ္စတွင် လူငါးယောက်ကို ကယ်ရန်အတွက် လူတစ်ယောက်ကို စတေးသင့် မစတေးသင့် စဉ်းစားသလို စစ်ဆင်ရေး မပေါက်ကြားအောင် ကာကွယ်ရန်အတွက် ဆိတ်ကျောင်းသားတစ်သိုက်ကို သတ်သင့် မသတ်သင့် စဉ်းစားသလို ယခုလည်း လူသုံးယောက် အသက်ရှင်ဖို့ အတွက် လူတစ်ယောက်ကို သတ်စားသင့် မစားသင့် စဉ်းစားကြည့် စေချင်သည်။

ပြဿနာတင်သော ပုဂ္ဂိုလ်က လုပ်သင့် မလုပ်သင့် ပြဿနာ တင်ပြသူ မိုက်ကယ်ဆင်ဒဲလ်ပဲ ဖြစ်ပါသည်။ အဖြစ်အပျက်က ....။

**အသက်ကယ် လှေကလေးထဲမှာ**

၁၈၈၄ ခုနှစ် နွေရာသီက ဖြစ်သည်။ အင်္ဂလိပ် သင်္ဘောသားလေးယောက်

အသက်ကယ်လှေတစ်စင်းနှင့် ပင်လယ်ထဲ မျောနေကြသည်။ ကုန်းမြေနှင့် မိုင် ၁၀၀၀ လောက်အကွာ အတ္တလန်တိတ် သမုဒ္ဒရာထဲမှာ ဖြစ်သည်။

သင်္ဘောသားလေးယောက်က ကပ္ပတိန် တောမတ်(စ)ဒပ်ဒလီ၊ ၎င်း၏ လက်အောက်အရာရှိ အက်ဒဝပ်စတီဖင်းစ်၊ သင်္ဘောသား အက်ဒမန်ဘရွတ်(ခ)(စ)နှင့် အခိုင်းအစေကောင်လေး ရစ်ချတ်ပါကာတို့ ဖြစ်သည်။ သူတို့က အင်္ဂလန်မှ ရွက်သင်္ဘောကို သြစတြေးလျားသို့ သွားပို့ကြခြင်းဖြစ်ရာ သင်္ဘောပေါ်တွင် သူတို့အပြင် တခြား ဘယ်သူမှ မပါခဲ့။

သူတို့သင်္ဘော မှန်တိုင်းမိ၍ ရုတ်တရက် နစ်မြုပ်သွားသည့်အခါ အသက်ကယ်လှေပေါ် အနိုင်နိုင် လုတက်ကြရသဖြင့် စားနပ်ရိက္ခာဟူ၍ မုန်လာဥစည်သွတ်ဘူး နှစ်ဘူးသာ ယူလာနိုင်ခဲ့သည်။ ရေပင် တစ်ပေါက်မှ ပါမလာခဲ့။

သူတို့ လေးဦးအနက်တွင် လူကြီးသုံးဦးက ပင်လယ်ပြင် အတွေ့အကြုံ ရှိပြီးသူတွေ ဖြစ်သည်။ ပါကာကတော့ ဝေးလံသော ရေကြောင်းခရီးကို ပထမဆုံးအကြိမ် ထွက်ခဲ့ခြင်းဖြစ်သည်။ သူ့အသက် ၁၇ နှစ်ပဲ ရှိသေးသည်။ သူ့မှာ မိဘများ မရှိတော့။ မိတ်ဆွေများကတော့ သူ့အား သည်ခရီးမှာ မလိုက်ပါဖို့ တားမြစ်ကြသေးသည်။ သို့သော် သူနားမထောင်ခဲ့။ သည်ခရီးကြောင့် သူ့မှာ အဖိုးတန်သည့် ဘဝ အတွေ့အကြုံတွေ ရရှိလိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

သို့သော် သူ မှားခဲ့သည်။ သည်ခရီးအတွက် သူပေးခဲ့ရသည့် အဖိုးစားနားက ကြီးမားလှသည်။

သူ့မှာရှိသမျှ အားလုံးဟုပင် ဆိုကြပါစို့။

## မုန်လာဥနှင့် လိပ်သား

ကမ်းမမြင်သော သမုဒ္ဒရာပြင်တွင် ၁၃ ပေလောက်သာရှိသည့် လှေငယ်နှင့် မျောနေသော သင်္ဘောသားလေးယောက်သည် မိုးကုပ်စက်ဝိုင်းဆီမှ သင်္ဘောတစ်စင်းယခု ပေါ်လာမည်လား၊ ခဏကြာလျှင် မြင်ရမည်လား မှန်းမျှော်ကြည့်ရှုရင်း တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့သည်။

ပင်လယ်ပြင်မှာ ဘယ်လောက်ကြာကြာ မျောကြမည်မသိသဖြင့် ပါလာသည့် ရိက္ခာကို အစွမ်းကုန် ချွေတာ၍ စားရာ သုံးရက်ကြာသည့် အခါ စည်သွတ်ဘူးတစ်ဘူး ကုန်သွားသည်။

လေးရက်မြောက်နေ့တွင် ကံအားလျော်စွာ လိပ်တစ်ကောင် ဖမ်းဆီးရမိသည်။

သည်လိပ်ကို ဖြည်းဖြည်းစားသည်။ အရိုးပါမကျန်စားသည်။ ထို့နောက်တွင် ကျန်သည့်စည်သွတ်ဘူး တစ်ဘူးဖောက်ရသည်။ ပြီးလျှင် ကုန်ပြီ။

နောက်ထပ် ဘာကောင်မှလည်း ဖမ်း၍မရ။

ထို့ကြောင့် နောက်ရှစ်ရက်လုံးလုံး သူတို့ ဘာမှမစားကြရ။

အဲသည်အချိန်လောက်မှာ အသက်ကယ်လှေ၏ ထောင့်တစ်နေရာ၌ ခွေခွေလေးနေသည့်ပါကာ နေမကောင်းဖြစ်လာသည်။ သူ့အား ရေဘယ်လောက် တော်တော် ပင်လယ်ရေငန်တွေ သွားမသောက်နှင့်ဟု တားထားသည့် ကြားက သောက်မိသဖြင့် ဒုက္ခရောက်ရခြင်း ဖြစ်သည်။ အစာမစားရသည့်ကြား သည်ဝေဒနာဖြစ်တော့ သည်ကောင် ကြာကြာခံမှာ မဟုတ်ဘူးဟု ကျန်လူတွေက မြင်ကြသည်။

သို့သော် သူသာ ကြာကြာမခံမှာ မဟုတ်၊ တခြားလူတွေလည်း ယဲ့ယဲ့သာ ကျန်တော့သည်။

## မဲနှိုက်ကြမလား

၁၉ ရက်မြောက်နေ့မှာတော့ ကပ္ပတိန်ဒပ်ဒလီက မဲနှိုက်ကြမလား မေးသည်။

သည်အတိုင်းဆိုလျှင် အားလုံးသေကြမည်၊ အဲသည်တော့ မဲနှိုက်မည်၊ မဲကျသော သူကိုစားပြီး ကျန်လူများ အသက်ရှင်နိုင်မည် ဟူသော သဘော။

သည်လို လုပ်ကြတာတွေ ရှေးကလည်း ရှိခဲ့သည်။ ဒါကြောင့် ပင်လယ်ပြင်ထုံးစံ (custom of the sea) ဟူသော အခေါ်အဝေါ် တစ်ခုပင် ရှိနေသည်။

ယခု အဲသည်ထုံးစံအတိုင်း လုပ်ကြမလား တိုင်ပင်တော့ ဘရွတ်(ခ)(စ)က ငြင်းသည်။ သူလက်မခံသဖြင့် မဲမနှိုက်ဖြစ်။

နောက်တစ်နေ့ ရောက်လာသည်။ ကယ်မည့် သင်္ဘောမမြင်ရသေး။

သို့နှင့် ဒပ်ဒလီက ဘရွတ်(ခ)(စ)ကို မင်းမျက်နှာလွှဲနေဟု ဆိုလိုက်ပြီး စတီဖင်း(စ)အား ပါကာကို သတ်ရတော့မည့်အကြောင်း မျက်နှာရိပ် မျက်နှာကဲ ပြသည်။ ထို့နောက် ဒပ်ဒလီက ဆုတောင်း စာတစ်ပိုဒ်ရွတ်ပြီး ပါကာအား သူ့အချိန် ကျရောက်ပြီဖြစ်ကြောင်း ပြောလိုက်သည်။ ပြီးလျှင် သူ့လည်ပင်းသွေးကြောကြီးကို မောင်းချ ဓားနှင့် လှီး၍သတ်သည်။

မူလက သည်အလုပ်မျိုး မလုပ်သင့်ဟု ကန့်ကွက်ခဲ့သော ဘရွတ်(ခ)(စ)က စားစရာ ဝေစုခွဲသည့် အခါမှာတော့ ပါဝင်လာသည်။ ပါကာ၏ သွေးကိုသောက်ကြသည်။ သူ့အသားကို စားကြသည်။

တကယ်က ပါကာကို သူ့ဘာသာသေတာစောင့်ပြီး စားလျှင်လည်း ရသည်။ သို့သော် သည်လူတွေက အစာရော ရေပါငတ်နေကြတာ

ဖြစ်၍ သူသွေးတွေ မပျက်စီးမီ သောက်လို့ရအောင် မသေမီသတ်လိုက်ကြတာ ဖြစ်သည်။

လေးရက်လုံးလုံး ပါကာကို စားသောက်နေခဲ့ပြီး နောက်တွင်မှ ကယ်ဆယ်မည့် သင်္ဘောရောက်လာသည်။

ဖြစ်စဉ်တစ်ရပ်လုံးကို နေ့စဉ်မှတ်တမ်းတင်သည့် ဒပ်ဒလီက ၂၄ ရက်မြောက်နေ့ မိမိတို့ နံနက်စာစားနေချိန်တွင် သင်္ဘောတစ်စင်း လှမ်းမြင်လိုက်ရကြောင်း ရေးသားခဲ့သည်။

၎င်းတို့ သုံးဦးကို သင်္ဘောပေါ်တင်ဆောင်ခဲ့ပြီး အင်္ဂလန်သို့ ပို့သည်။ အင်္ဂလန်တွင် အဖမ်းခံရပြီး သူတို့အား ရုံးတင်စစ်ဆေးသည်။ သည်အမှုကို ပရိသတ်က အကြီးအကျယ် စိတ်ဝင်စားပြီး အမျိုးမျိုး အဖုံဖုံ ငြင်းခုံဝေဖန်ကြသည်။

ဒါလူသတ်မှုပဲ၊ ဒါနဲ့ထိုက်တန်တဲ့ အပြစ်ဒဏ်ပေးရမယ်၊ အစာတော့လို့ လူသတ်စားတယ်ဆိုတာ လူ့ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့ စက်ဆုပ်စရာ အလုပ်ဖြစ်တယ်၊ တော်လို့သေစရာရှိရင် အတူတူသာ သေရမယ်၊ လူစင်စစ်က တိရစ္ဆာန်အဆင့် ကျဆင်းမသွားသင့်ဘူး စသဖြင့် ရှုမြင်သူတွေရှိသည်။

တချို့ကလည်း ဒါ ပင်လယ်ပြင်ထုံးစံပဲ၊ ထုံးစံဆိုတာလည်း ဒီအနေအထားမျိုးရဲ့ လိုအပ်ချက်အရ ဖြစ်ပေါ်လာတာ၊ တိရစ္ဆာန်တွေဆိုရင် ဒီလောက်ငတ်ရင် အချင်းချင်း အပြန်အလှန် ကိုက်သတ်ရင်း အားလုံး သေကုန်ကြမှာပေါ့၊ လူတွေမို့လို့ ဒီလို အဆုံးစွန် အနေအထားမှာတောင် အကျိုးအကြောင်းနဲ့ စဉ်းစားပြီး အသင့်တော်ဆုံးကို ရွေးချယ်လုပ်ကိုင်ခဲ့ကြတာ၊ သူတို့မှာ အပြစ်မရှိဘူးဟူ၍ ဆိုသူတွေ ဆိုကြသည်။

သင်ဆိုလျှင် ဘယ်လို စဉ်းစားမည်လဲ။

**စားမလား မစားဘူးလား**

လှေထဲမှာ ငုတ်တုတ် အစာတော်ခံရင်း လေးယောက်လုံး သေသွားမယ့်အစား တစ်ယောက်ကိုစားပြီး သုံးယောက်အသက်ရှင်တော့ တစ်ခုခု အကျိုးမရှိဘူးလားဟူသော ဂဏန်းသင်္ချာနည်း တွက်ချက်ပုံကို သင် လက်ခံနိုင်သလား၊ လက်မခံနိုင်ဘူးလား။

အင်း ဒါတော့ စဉ်းစားစရာဟု သင်ဆိုမည်လား။

ဒါဖြင့်လျှင် ...

ဟိုကောင်ကလည်း နေမကောင်းတဲ့လူ၊ ဒီအတိုင်းလည်း သေမှာပဲ၊ သူ့ကိုစားပြီး တို့သုံးယောက် အသက်ရှင်တော့ သူသေတာ အချည်းနှီး မဖြစ်ဘူး၊ သူတစ်ပါး အသက်ကို ကယ်ဆယ်သွားရာရောက်လို့ တန်ဖိုးရှိတယ် ဟူသော စဉ်းစားပုံ စဉ်းစားနည်းမျိုးကိုကော ဘယ်လို သဘောထားမည်လဲ။

အင်း ဒါကတော့ တိတ်တိတ်ကျိတ်ကြံစည်တဲ့သဘော သက်ရောက်တယ်၊ အချင်းချင်း သစ္စာဖောက်ရာ ရောက်တယ်၊ ဒါနဲ့စာရင် မဲနှိုက်ပြီး ရွေးတာကမှ ဘာပဲပြောပြော တရားသဖြင့် ဖြစ်နိုင်တယ်ဟု ဆိုမည်လား။

ဒါဆိုလျှင် ...

အစာရေစာပြတ်ပြီး ဘယ်နှရက်ကြာလျှင် မဲနှိုက်ဖို့ ဆုံးဖြတ်ကြမည်လဲ။

ခင်ဗျားနှင့် နောက်တစ်ယောက်၊ သူငယ်ချင်းနှစ်ယောက်တည်း ဆိုလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မဲနှိုက်ကြမည်လား။

အကယ်၍ အစားခံရမည့်သူက သင်ဆိုလျှင် ဘယ်လိုနေမည်လဲ။

မဲကျသည့်နောက်မှာတော့ သင့်ကံကြမ္မာကို သင်မငြင်းဆန်ဘဲ ခံယူလိုက်မည်လား။

သို့သော် အကယ်၍ သင်က စားရမည့် သူဆိုပါစို့၊ သင့်သူငယ်ချင်းက ကတိတည်စွာ အစားခံသည့်အခါ သင်က ဘာပဲပြောပြော တို့နှစ်ယောက်ထဲမှာ ငါတစ်ယောက် ရှင်ကျန်တယ်ဆိုလည်း တော်သေးတာပေါ့ဟု စိတ်ဖြေကာ အာဟာရဖြည့်တင်းမည်လား။

ဒါမှမဟုတ် ဒီအလုပ်မျိုးတော့ ငါလုံးဝ မလုပ်နိုင်ဘူးဟု တူးတူးခါးခါးငြင်းကာ၊ တိရစ္ဆာန်ဘဝတော့ အရောက်မခံ အသက်သာ အသေခံမည်ဟု သင်ဆုံးဖြတ်မည်လား။

**တရားရုံး အဆုံးအဖြတ်**

စားသင့်မစားသင့် ကိစ္စမှာ ပြင်ပပုဂ္ဂိုလ်များအနေနှင့် မိမိအယူအဆရှိသလို အမျိုးမျိုး အဖုံဖုံ ငြင်းခုံ ပြောဆိုနိုင်ကြသည်။

သင်က အသက်အသေခံမည်ဟု ပြောနေချိန်တွင် ခင်ဗျားက တကယ်မငတ်သေးလို့ ပြောနေတာဟု ဝေဖန်သူက ဝေဖန်နိုင်သည်။

တရားသူကြီးကတော့ ပြောဆိုဝေဖန်နေရုံနှင့် မပြီး၊ တကယ်ဆုံးဖြတ်ချက်ချပေးရသည်။

ရစ်ချတ်ပါကာကို သတ်၍စားခဲ့သည့် အမှုအတွက် ဒပ်ဒလီနှင့် စတီဖင်း(စ)ကို တရားရုံးက သေဒဏ်ပေးသည်။ ဘရွတ်(ခ)(စ)က အစိုးရသက်သေဖြစ်၍ လွတ်သည်။

ဒပ်ဒလီတို့အား သေဒဏ်ပေးသည့် ကိစ္စကို အများပြည်သူက မကျေနပ်ကြ။ ဖြစ်ဒဏ်သည် တရားမျှတမှုမရှိဟု ယူဆသည်။ သည်အနေအထားမှာ သည်လိုစားတာကို နားလည်ခွင့်လွှတ်သူက အများစုဖြစ်သည်။ ထူးထူးခြားခြား အံ့သြစရာက သတ်စားခံရသူ ပါကာ၏ အစ်ကို ကိုယ်တိုင်က သဘောတူခြင်း ဖြစ်သည်။ သူကိုယ်တိုင်လည်း သင်္ဘောသားတစ်ဦးဖြစ်ရာ ပင်လယ်ထုံးစံကို သူလက်ခံသည်။

တရားရုံးမှာ ဒပ်ဒလီတို့ကို လက်ဆွဲနှုတ်ဆက်ကာ ၎င်းတို့ဘက်က ရပ်ကြောင်းပြခဲ့သည်။

တရားရုံးက အခြေအနေကို သဘောပေါက်သည်။ မိမိတို့ စီရင်ချက်သည် အရပ်၏ သဘောထားနှင့် ဆန့်ကျင်နေမည်ဆိုတာ သိသည်။ သို့သော် အများပြောနေကြသည့် ပင်လယ်ထုံးစံဟူသည် ရှိုင်းစိုင်းနေသည်၊ ရာဇဝတ်ကြောင်းနှင့် ငြိစွန်းနေသည်။

ထို့ကြောင့် သည်ထုံးစံကို ပယ်ဖျက်ရန်အတွက် ပါကာအမှုကို အသုံးပြုခဲ့ကြသည်။

ပထမဦးစွာ လူသတ်မှု ကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေဒဏ်ချပေးလိုက်သည်။

ထို့နောက်တွင် တရားရုံး လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တွေ အားဖြင့် အယူခံခြင်း၊ သက်ညှာစွာ ပြန်လည်စဉ်းစားခြင်းများ ပြုလုပ်ကာ အများကျေနပ်အောင် လျှော့ပေါ့ပေးလိုက်သည်။

ထောင်ဒဏ် ခြောက်လ။

ခြောက်လအချခံရသည့် ဒပ်ဒလီတို့က သူတို့ကို ကွင်းလုံးကျွတ် မလွှတ်ရကောင်းလားဟု မကျေနပ်။ တစ်ဖက်တွင်၊ သေဒဏ်ကို ခြောက်လအထိ လျှော့ချရကောင်းလားဟု ဒေါသထွက်သူကထွက်သည်။

သို့သော် တရားရုံးကတော့ အဲသည်ခြောက်လနှင့်ပင် ပင်လယ် ထုံးစံကို တရားဥပဒေက လက်မခံကြောင်း အတည်ပြု ပြဋ္ဌာန်းနိုင် ခဲ့သည်။

သည်လူတွေသာ ခြောက်လ၊ နောက်လူများဆိုလျှင် လူသတ်မှု နှင့် ထိုက်တန်သော အပြစ်ဒဏ်ပဲ ခံယူရတော့မည်။

## ၃။ အများအကျိုးအတွက် လူတစ်ယောက်ကို နှိပ်စက်ရန် သင့်၊ မသင့်

ရှေ့တွင်၊ လူငါးယောက်ကို ကယ်ဆယ်ရန်အတွက် လူတစ်ယောက်ကို စတေးသင့် မစတေးသင့်။

လူသုံးယောက် အစာငတ်ပြီး အသက်သေမသွားစေရန်အတွက် လူတစ်ယောက်ကို သတ်စားသင့် မစားသင့် စတာတွေ စဉ်းစားခဲ့သည်။

လုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့် ဖြစ်လာမည့် အကျိုးခံစားမှုနှင့် ဆုံးရှုံးနစ်နာမှုတို့ကို နှိုင်းယှဉ်တွက်ချက်ကာ အကျိုးကျေးဇူးပိုမည် ဆိုလျှင် လုပ်လိုက်မည်လား၊ ဒါမှမဟုတ် အရှုံးအမြတ် ဆိုတာတွေထက် လူ့ကျင့်ဝတ်၊ လူ့သိက္ခာဟူသည်ကိုသာ ပို၍ တန်ဖိုးထားမည်လား စဉ်းစားခြင်း ဖြစ်သည်။

ယခု ဆက်လက်၍ အလားတူ အနေအထားအချို့ စဉ်းစားကြည့် စေချင်ပါသေးသည်။

### ခြသေ့်စာ ကျွေးခံရသူများ

ရှေးရောမခေတ်က Coliseum ခေါ် လူသတ်ကစားကွင်းကြီးထဲတွင် လူလူချင်း အသေခုတ်ထစ် သတ်ဖြတ်သည့် ပွဲကြီးတွေ ကျင်းပလေ့ ရှိခဲ့သည်။ များသောအားဖြင့် ဖမ်းဆီးထားသော ကျွန်တွေကို အသတ် အပုတ်လေ့ကျင့်စေကာ လက်နက်ကိရိယာအမျိုးမျိုး ကိုင်စွဲယှဉ်ပြိုင် စေလေ့ရှိသည်။ နှစ်ယောက်သတ်ပုတ်ကြ၍ တစ်ယောက်လဲကျသွားပြီ၊ မသေသေး၊ သို့သော် ဘာမှပြန်မလုပ်နိုင်တော့သည့် အနေအထားမျိုးတွင် ပြိုင်ပွဲအနိုင်အရှုံးပေါ်ပြီဆိုပြီး ပွဲကိုမရပ်။ ရှုံးနိမ့်သူကို အသေသတ်ဖို့ ပရိသတ်က အော်ဟစ်တောင်းဆိုကြသည်။ တောင်းဆိုချက်ကို

မလွန်ဆန်နိုင်သည့် အနိုင်ရသူက သတ်ချင်သည်ဖြစ်စေ မသတ်ချင်သည်ဖြစ်စေ၊ လဲနေသူအား လှံနှင့်ထိုး၍ဖြစ်စေ၊ ဓားနှင့်ခုတ်ပိုင်း၍ဖြစ်စေ အသေသတ်ပြရသည်။

အဲဒါမှ ပရိသတ်က ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာ ပေးကြသည်။

သည်လိုပဲ၊ ခရစ်ယာန်ဘာသာ ပေါ်စကလည်း ခရစ်ယာန်တွေကို ဖမ်းကာ အဲသည်သတ်ကွင်းကြီးထဲတွင် ခြင်္သေ့နှင့် တိုက်သည့်ပွဲ သို့မဟုတ် ခြင်္သေ့စာကျွေးသည့်ပွဲများ ကျင်းပလေ့ရှိရာ ရောမသားတွေ ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်သလို အားပါးတရ ကြည့်ရှုခဲ့ကြသည်။

အဲဒါကို လူမဆန်သော လုပ်ရပ်၊ တိရစ္ဆာန်သဖွယ် ရက်စက်ကြမ်းကြုတ်သော အပြုအမူဟူ၍ တစ်စုံတစ်ယောက်က ဝေဖန်ပြစ်တင်သည့်အခါ၊ ရောမသားက၊ တစ်မြို့လုံးရှိ လူအများ ပျော်ရွှင်အားရဖို့အတွက် ကျွန်တစ်ယောက် နှစ်ယောက်ကို စတေးရခြင်းဖြစ်သည်ဟု ဆင်ခြေပေးမည် ဆိုပါစို့။

သင် လက်ခံမည်လား။

အဓိပ္ပာယ်မရှိတာကွာ၊ ကျွန်ဆိုတာလည်း လူတွေပဲ၊ ဒါမလုပ်သင့်တဲ့ ကိစ္စ၊ ဒါမျိုး စဉ်းတောင် မစဉ်းစားသင့်ဘူးဟု သင်ဆိုမည်လား။

## အကြမ်းဖက်သမားအား နှိပ်စက်စစ်ဆေးမည့်ကိစ္စ

လွန်ခဲ့သော နှစ်အနည်းငယ်က အမေရိကန်ပြည်တွင် အယ်(လ)ကေဒါ အကြမ်းဖက်သမား ဆိုသူများအား အကျဉ်းစခန်းများတွင် နှိပ်စက်ညှဉ်းပန်း စစ်ဆေးသည့်ကိစ္စများ ဟိုးလေးတကျော် ပေါ်ပေါက်ခဲ့၏။ သည်အခါ ပြစ်တင်ဝေဖန်သူတွေ အပြင်းအထန် ဝေဖန်ကြသလို

ဝေဖန်ခံရသူတို့ကလည်း ဆင်ခြေဆင်လက်မျိုးစုံဖြင့် ကာကွယ်ကြတာ တွေ့ခဲ့ရ၏။

စစ်ဆေးသူတို့ဘက်က ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီပေးသည့် ဆင်ခြေတစ်ခုက အဲသလို စစ်ဆေးသဖြင့် အယ်(လ)ကေဒါတို့ အမေရိကန်ပြည်ကို အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်တစ်ခု ကြိုတင်သိရှိပြီး အဲသည်အန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်ဟူ၍ ဖြစ်၏။

အင်း ဟုတ်တာပေါ့ဟု သင်လက်ခံမည်လား။ မှန်တယ်၊ အဲသည်လို တိုက်ခိုက်ခံရရင် လူတွေထောင်နဲ့ချီသေကြမှာ၊ အရင်တုန်းကလည်း သေပြီးပြီ၊ ဒါမျိုးကို ကာကွယ်ဖို့အတွက် ဆိုရင်တော့ စစ်ဆေးတဲ့အခါ လိုအပ်တဲ့ နည်းလမ်းတွေသုံးရမှာပဲ၊ ဒါက စစ်ဖြစ်တဲ့ အနေအထားကိုး၊ ဟူ၍ သင်စဉ်းစားမည်လား။

ဒါမှမဟုတ် သူ့ဘာသာလုပ်ချင်လို့ အကြောင်းပြနေတာပါကွာ၊ သူပြောတာ အမှန်အတိုင်း ဟုတ်ချင်မှဟုတ်မှာဟု သင်ဆိုမည်လား။

စဉ်းစားရတာ ထိထိမိမိ မရှိသေးလျှင် နည်းနည်း ပိုတိတိကျကျ စဉ်းစား၍ ရစေမည့် နမူနာအနေအထားတစ်ခု ပြောပါမည်။

သင်နေသောမြို့တော်မှာ သင်က လုံခြုံရေးကိစ္စ တာဝန်ယူထားရသော အကြီးအကဲ ပုဂ္ဂိုလ်ဖြစ်သည်ဆိုပါစို့။

အကြမ်းဖက်သမားဟု ယူဆရသူတစ်ယောက်ကို သင့်လက်အောက် လူတွေ ဖမ်းမိလာသည်။ အဲသည်ပုဂ္ဂိုလ်သည် မြို့ထဲတစ်နေရာမှာ အဏုမြူဗုံးတစ်လုံး အချိန်ကိုက်ဖောက်ခွဲရန် ဆင်ထားခဲ့သည်၊ ဗုံးက သည်ကနေ့ပဲ ပေါက်ကွဲလိမ့်မည်၊ သည်လူကို မြို့မှမထွက်ခွာမီ လေဆိပ်တွင် ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု သင်သိရမည်ဆိုပါစို့။

သင် ဘာလုပ်မည်လဲ။ သူထောင်ထားခဲ့တာ အဏုမြူဗုံးဖြစ်သည်။

သင့်မျက်စိထဲမှာ အဏုမြူဗုံးတစ်လုံးနှင့်၊ ၎င်းနှင့် ချိတ်တွဲထားသော နာရီဒိုင်ခွက်ကို မြင်နေမည်၊ နာရီစက် တချက်ချက် မြည်သံကို နားထဲကြားနေမည်၊ ဟီရိုရှီးမားနှင့် နာဂါဆာကီမှ အဏုမြူမှိုပွင့်ကြီးများနှင့် မြို့ပျက်မြေတလင်းကို သင်မြင်ယောင်လာမည်။

ဖမ်းမိလာသူကလည်း ဘာတစ်ခွန်းမှ ထုတ်ဖော်မပြော။

သင့်အဖွဲ့သားတွေကလည်း သူ့ကို အဆင့်မြှင့် စစ်ဆေးဖို့ သင့်ထံမှ အမိန့်တောင်းခံနေသည်။

သင်ဘာလုပ်မည်လဲ။

အဏုမြူဗုံးပေါက်လျှင် သင်သေမည်၊ သင့်မိသားစု သင့် ဆွေမျိုးသားချင်းတွေ သေမည်၊ သင့်ရဲဘော်ရဲဘက်၊ သင့်တပ်ဖွဲ့၊ သင့်ခေါင်းဆောင် အကြီးအကဲ၊ သင့်မြို့သူမြို့သား၊ သင့်လူမျိုး အမြောက်အမြား သေကျေကြမည်။ သင့်မြို့တော်ကြီးလည်း ဗုံးဗုံးလဲ ပြိုကျပျက်စီးမည်။ ဒီကောင်တစ်ယောက်အတွက် ...။

ကိုင်း လုပ်ကွာ၊ မပေါ်မချင်း အမြင့်ဆုံးအဆင့်ထိ နှိပ်စက်ပြီး စစ်ကွာဟု သင် အမိန့်ပေးလိုက်မည်လား။

အဲသည်နောက်တွင် နှိပ်စက်ပြီး လက်လွန်၍ ဟိုလူသေသွားမည်၊ သို့သော် သူမသေမီ ဗုံးဆင်ထားသည့် နေရာကို ဖော်ထုတ်နိုင်ခဲ့သည် ဆိုပါစို့၊ တကယ်လည်း ဗုံးကိုတွေ့၍ စနက်တံကို ဖြုတ်နိုင်ခဲ့သည် ဆိုပါစို့။

အဲဒါဆိုလျှင် မသက်ဆိုင်သူများအား ဖမ်းဆီးနှိပ်စက် စစ်ဆေးခြင်းသည် လူမဆန်သော လုပ်ရပ်ဖြစ်သည်၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း ဖြစ်သည်၊ မလုပ်သင့်၊ လုပ်သူများအား အပြစ်ပေး အရေးယူသင့်သည်၊ စသဖြင့် ဝေဖန်ပြစ်တင်သူတို့အား အနိမ့်ဆုံးတော့ ဒစ်ချေနီပြောသော

စကားမျိုး လေသံမှန်မှန်နှင့် ပြောကာ သင်တုံ့ပြန်လိမ့်မည်။

အဲဒါနှင့်မှ မကျေနပ်သေးလျှင်၊ ဟော့၊ သိန်းနဲ့ချီတဲ့ လူတွေရဲ့ အသက်ကို ကာကွယ်ဖို့ကိစ္စမှာ အဲဒီလူဆိုးတစ်ယောက်ရဲ့ လူ့အခွင့်အရေးဆိုတာ လာမပြောနဲ့၊ နောက်လည်း ဒါမျိုးကြုံရင် ဒီအတိုင်း ဆက်လုပ်ရလိမ့်မယ်ဟု သင် ဆိုကောင်း ဆိုပါမည်။

သို့သော် အဖြစ်အပျက်က အထက်ကလို မဟုတ်ဘဲ၊ အဲသည်လူက ဗုံးဆင်ထားသည့် နေရာကိုဖော် ပြောပြီး သေသွားပြီ၊ သွားကြည့်တော့ အဏုမြူဗုံးဝေးစွ ရိုးရိုးဗုံးပင်မဟုတ်၊ ကလေးကစားသလို လုပ်ထားသည့် ဗုံးလိုလို ဘာလိုလိုဟာလေး တစ်ခုသာဖြစ်နေသည်။ အဲသည်နောက်မှ ဆက်စုံစမ်းတော့ သည်လူက အကြမ်းဖက်သမားမဟုတ်၊ ဘာကောင်မှ လည်းမဟုတ်၊ သနားစရာ စိတ်ဝေဒနာသည် တစ်ယောက်သာ ဖြစ်နေတာ တွေ့ရသည် ဆိုပါစို့၊ သင့်စိတ်ထဲ ဘယ်လိုနေမည်လဲ။

တစ်ဖန် အကယ်၍ အဲသည်ပုဂ္ဂိုလ်က နှိပ်စက်သည့် ဒဏ်မခံနိုင်လွန်း၍သာ တွေ့ကရာ အဖြေတစ်ခုပေးပြီး သေသွားသည်၊ တကယ်က ဘာဗုံးမှလည်းမရှိ၊ သူကလည်း ဘယ်အဖွဲ့က အကြမ်းဖက်သမားမှလည်း မဟုတ်၊ ကံဆိုးရှာသော သာမန်အရပ်သားတစ်ဦး ဖြစ်နေမည် ဆိုပါစို့။

သည့်အပြင် အကယ်၍၊ မသင်္ကာသူက လုံးဝဖွင့်ဟပြောဆိုခြင်း မရှိသဖြင့် သူ၏တစ်ဦးတည်းသော သမီးငယ်လေးကိုပါ ဖမ်းဆီးပြီး သူ့ရှေ့မှာ နှိပ်စက်ပြကာ မရှိသည့်အဖြစ်ကို ထုတ်ဖော်ပြောဆိုလာအောင် လုပ်ခဲ့ကြသေးသည် ဆိုပါစို့။

ဝေဖန်သူတို့က၊ ထစ်ခနဲရှိ မသင်္ကာသူဖမ်းပြီး သေအောင်ကျေအောင် နှိပ်စက်စစ်ဆေးတတ်သည့် လက်မရွံ့သမားတွေပဲဟု စွပ်စွဲသည့်အခါ သင်ဘယ်လို ဖြေရှင်းမည်နည်း။

အများအသက်ကို ကယ်ဆယ်ဖို့ လုပ်ရတာပါဆိုသော ဆင်ခြေကို ဘယ်ပရိသတ်ရှေ့မှာ ဘယ်လိုပြောမည်လဲ။

* * *

သို့သော် လူတွေသည် မိမိအပါအဝင် အများစုကောင်းဖို့ အတွက်ဆိုလျှင် မိမိမဟုတ်သော အခြားတစ်စုံတစ်ယောက်အား နှိပ်စက်ညှဉ်းဆဲရသော အလုပ်ကို ဣန္ဒြေရစွာ လိပ်ပြာလုံစွာ လုပ်တတ်သော သဘောရှိကြောင်းလည်း ပြောချင်သည်။

သင်သာ အဲသည်အများစုမျိုးထဲမှာဆိုလျှင် အဲသည်အတိုင်း လုပ်မည်လား၊ စဉ်းစားကြည့်ပါ။

## ယဇ်ပူဇော်ကြသည့်ဓလေ့

ရှေးခေတ်က မြို့ပြများ တည်ဆောက်သည့်အခါ မြို့ရွာအန္တရာယ်ကင်းအောင် စောင့်ရှောက်ရန်အတွက် မြို့တံတိုင်းအောက်တွင် ဇာဒင်ကိန်းခန်းအရ လူဘယ်နှေ့ဘယ်မျှ မြှုပ်နှံစတေးခြင်း၊ ကပ်ရောဂါဘေး၊ မြေငလျင်ဘေး၊ မီးဘေး စသည်များ ကျရောက်သည့်အခါ သည်ဘေးရန်တို့ဖြင့် လူကို ဒဏ်ခတ်သည့် နတ်ဘုရားများ အမျက်ပြေစေရန်အတွက် လူစတေးပူဇော်ခြင်း စသည်များ ရှိခဲ့ကြသည်။

မြေထဲပင်လယ် ကမ်းရိုးတန်းရှိ ဖိနီရှန်လူမျိုးတို့မှာ မိုလော့ခ်အမည်ရှိ ယဇ်နတ်ထံကလေးငယ်များကို သတ်ဖြတ် ပူဇော်လေ့ရှိကြပြီး အမေရိကတိုက် အလယ်ပိုင်းရှိ အက်ဇတက်လူမျိုးတို့မှာည်း နေနတ်ကို နေ့စဉ်လူတစ်ယောက် ပူဇော်သည့် အလေ့အထ ရှိခဲ့ကြသည်။

ရိုးရိုးစဉ်းစားသော် အများအသက်ရှင်သန်ဖို့ မင်းက အသက်အသေခံဟု စီမံသတ်မှတ်သည့် သဘောဖြစ်သည်။

သည့်အကြောင်းအရာကို ကျကျနန စဉ်းစားပြသည့် ဇာတ်လမ်း ရှိရာ အဲသည့်အထဲက အတန်အသင့် ကောက်နုတ်ဖော်ပြလိုသည်။

**သူ့စမြို့တော်မှ စတေးခံဝှကျိုလ်**

စာရေးဆရာမ အာဆူလာလဂွင်း(န်)(Ursula K.Le Guin) ၏ The Ones Who Walked Away from Omelas အမည်ရှိ ဝတ္ထုတို ဖြစ်သည်။

ဝတ္ထုထဲက အိုမဲလတ်(စ)မြို့မှာ လူတွေပျော်ရွှင်ကြသည်။ သူတို့မှာ ရှင်ဘုရင်မရှိ၊ ဓားလုံမရှိ၊ ကျေးကျွန်မရှိ။ သူတို့ကို ချုပ်နှောင် မည့် ဥပဒေ စည်းမျဉ်းတို့လည်း နည်းပါးလှ၏။

သို့သော် သူတို့မှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိ၏။

အဲဒါက မြို့ထဲရှိ အဆောက်အုံတစ်ခု၏ မြေအောက်ထပ်မှာ သော့ခတ်ထားသော အခန်းလေးတစ်ခုဖြစ်၏။

တံမြက်စည်း စသည့် တိုလီမိုလီများထားသည့် အခန်းလေး ဖြစ်သဖြင့် အလွန်ကျဉ်းမြောင်း၏။ ဟိုဘက် ခြေနှစ်လှမ်း၊ သည်ဘက် ခြေသုံးလှမ်း လှမ်းနိုင်ရုံမျှလောက်သာ ဖြစ်၏။ ပြီး အလင်းရောင် ကောင်းစွာ မဝင်နိုင်သဖြင့် အထဲမှာ မှောင်မိုက်၏။ ညစ်ထေးပေကျံ နေသော အရာများကြောင့် အနံ့အသက်လည်းဆိုးလှ၏။

အဲသည်အခန်းကျဉ်းထဲမှာ ကလေးတစ်ယောက် ထိုင်နေသည်။ ယောကျ်ားလေးလား၊ မိန်းကလေးလား မသိရ။ အသက်ခြောက်နှစ်လား ၁၀ နှစ်ရှိပြီလား ခန့်မှန်း၍မရ။ ကလေးက အသိဉာဏ်လည်း ပြည့်ပြည့်ဝဝရှိပုံမရ။ အဲဒါသည် မွေးရာပါချို့တဲ့မှုလား၊ ကာလရှည်ကြာ သည်အခန်းလေးထဲ ထိတ်လန့်စွာနေခဲ့ရ၍ ဦးနှောက်မကောင်း ...ခဲ့ခြင်းမရ။

စောစောပိုင်းတုန်းကဆိုလျှင် အပြင်မှာ လူရှိသည့်အခါများတွင် သူ့ကို လွှတ်ပေးပါ၊ အပြင်ထွက်ခွင့်ပေးပါ၊ လိမ်လိမ်မာမာနေပါမည် စသဖြင့် ပြောတတ်၏။ ညဘက်တွင် ကယ်ကြပါ၊ ကယ်ကြပါဟူ၍ ကြောက်လန့်တကြား အော်တတ်၏။ အတော်မသတ် အသည်းအသန် ငိုကြွေးသည့်အခါလည်း ငိုကြွေး၏။ နောက်ပိုင်းမှာတော့ ငိုသံလည်း သိပ်မထွက်တော့၊ စကားလည်း သိပ်မပြောတော့။

ကလေးက အစာရေစာ ကောင်းစွာမစားရသဖြင့် တစ်ကိုယ်လုံး ပိန်ချုံးပြီး ဗိုက်ကလေးတစ်ခုသာ ရူထွက်နေ၏။ အညစ်အကြေး အလိမ်းလိမ်းနှင့် နေရသဖြင့် ကိုယ်ပေါ်မှာ အနာအဆာတွေ ဗရပွ ဖြစ်နေ၏။ သည်အခန်းလေးထဲမှာ အဲသည်လို ကလေးတစ်ယောက် သော့ခတ် ပိတ်လှောင်ထားတာကို တစ်မြို့လုံး သိကြ၏။

တချို့က သွားကြည့်ဖူးကြ၏။ တချို့က မကြည့်။ သို့သော် သူရှိနေတာတော့ သိ၏။ ဘာကြောင့် ရှိနေရသလဲဆိုတာလည်းသိ၏။

သူတို့အားလုံး နားလည်ထားသည်က သူတို့မြို့၏ သာယာလှပမှု၊ မြို့သူမြို့သားတွေ၏ လွတ်လပ်ပျော်ရွှင်မှု၊ သူတို့ကလေးတွေ ကျန်းမာသန်စွမ်းမှု၊ အသိပညာရှင်တွေ ဉာဏ်ပညာကြွယ်ဝမှု၊ အတတ်ပညာရှင်တွေ လက်ရာမြောက်မှု စသည်တို့မှသည် ရာသီဥတု ကောင်းမွန်မှု၊ စပါးဆန်ရေ ပေါများမှုတို့အထိ အရာအားလုံးသည် အဲသည်ကလေးငယ် အဲသလို ဆင်းရဲဒုက္ခခံနေရခြင်းပေါ်တွင် လုံးဝ မူတည်နေသည်ဟူ၍ ဖြစ်၏။

သည်ကလေးကို တံခါးဖွင့်ပြီး အပြင်ထုတ်လာမည်၊ ဆေးကြော သုတ်သင်မည်၊ အစာရေစာ ဝလင်အောင် ကျွေးမည်ဆိုလျှင် အဲသည်လို လုပ်သည့်နေ့ရက် နာရီမှ စတင်ကာ တစ်မြို့လုံး၏ ကောင်းသော အခြင်းအရာတွေ အားလုံး ချုပ်ငြိမ်း ကွယ်ပျောက်သွားလိမ့်မည်။

အဲသည်လို ပြဋ္ဌာန်းချက်ရှိသည်။

သူ့ကို အဲသည်အတိုင်း နှိပ်စက်ထားရမည်။ ကြင်နာသော စကားတစ်ခွန်းတစ်လေမျှပင် မပြောရ။

သူ့ကို ကြင်နာသနားကာ စိတ်ချမ်းသာ ပျော်ရွှင်အောင် လုပ်ပေးလိုက်လျှင် တစ်မြို့လုံးက လူတွေ၏ ပျော်ရွှင်မှုများ ဆိတ်သုဉ်းသွားမည်။

တစ်ယောက်၏ ဒုက္ခနှင့် တစ်မြို့လုံး၏ သုခ။

အဲဒါသည် အလဲအလှယ်ပြုသင့်သည့် အရာမျိုး ဟုတ်သလား၊ မဟုတ်ဘူးလား။

သည်ကလေးကို သွားကြည့်ပြီး စိတ်မချမ်းသာသူ၊ ဒေါသဖြစ်သူ၊ ယူကျုံးမရသူ၊ တုန်လှုပ်ချောက်ချားသူတွေလည်း ရှိကြသည်။

ကိုယ်လည်း ဘာမှမတတ်နိုင်၊ သည်ဟာကြီးကိုလည်း ခေါင်းထဲ လက်ခံမထားနိုင်သဖြင့် မြို့ကထွက်ခွာသွားကြသူတွေ ရှိသည်။

သို့သော် သည်ကိစ္စကို အထူးတလည် ပွားများ ခံစားမနေဘဲ အစားအသောက် အပျော်အပါးမပျက် ဆက်လက် နေထိုင်သွားကြသူတွေက အများဖြစ်သည်။

သင်သာဆိုလျှင် ဘယ်လိုစဉ်းစားမည်လဲ။ အဲသည် အနေအထားသည် တရားသလား၊ မတရားဘူးလား။

## ၄။ လူတွေ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် ပိုင်သလဲ၊ ဘယ်အတိုင်းအတာအထိ သုံးစွဲပိုင်ခွင့် ရှိသလဲ

မော်တော်ကားပြိုင်ပွဲတွေ ရုပ်မြင်သံကြားမှာ ကြည့်ဖူးကြပါလိမ့်မည်။ တိုက်မိခိုက်မိပြီး ကျွမ်းထိုးမှောက်ခုံတွေဖြစ်ကာ ကားမောင်းသူကို ဆွဲထုတ်ရသည်။ တစ်ခါတစ်ရံလည်း တွဲထုတ်၍မရ၊ လူနာတင်ကပ်နှင့် တင်ယူသွားရသည်။

သည်လိုဖြင့် ဇက်ကျိုး ခါးကျိုးကာ ခန္ဓာကိုယ်အောက်ပိုင်း သေသွားတာတွေ၊ တချို့လည်း လုံးဝဇီဝိန်ချုပ်သွားတာတွေ ဖတ်ရကြားရသည်။

သည်လိုပဲ တောင်စောင်းထိပ်က အရှိန်နှင့် ထိုးဆင်းချသွားသည့် နှင်းလျှောစီးသမားတွေ။ လေထဲမှာ ကျွမ်းတစ်ပတ်နှစ်ပတ် သုံးလေးပတ်လည်ပြီးမှ ဆီးနှင်းပေါ်ကျ၊ ဆက်စီးသွား။ တချို့လည်း အဆင်မသင့်သဖြင့် ခြေကားရား လက်ကားရား ပစ်စလက်ခတ် လွင့်စဉ်ကျသွားပြီး ကျိုးကြ၊ ကြေကြ၊ သေကြ။

အဲသည်လူတွေကို နိူင်းယှဉ်စရာ နမူနာများအဖြစ် ပြသပြီး မူးယစ်ဆေးသုံးစွဲသူတို့က စောဒကတက်သည်။ ပြိုင်ကားမောင်းသူ ... အစရှိသည့် အဲသည်ပုဂ္ဂိုလ်တွေသည် ကိုယ့်ကိုယ်ကို မသေမချင်း သတ်နေကြသူများ ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ပြောလျှင်သည် လူတွေသည် မိမိတို့ မူးယစ်ဆေးသမားများထက်ပင် အသေအပျောက် များသေးသည်။ သည်လူတွေကို အရေးယူခြင်း၊ ဝိတ်ပင်တားမြစ်ခြင်း မပြုဘဲ သူတို့လောက် အန္တရာယ်မများသော အလုပ်ကို လုပ်ကြသည့် မိမိတို့ကျမှ ဘာကြောင့် ပိတ်ပင်တားမြစ်ရသနည်း၊ ဟူ၍။

ထိုသူတို့ကို လွတ်လပ်စွာ သတ်သေခွင့်ပေးထားနိုင်လျှင်

မိမိတို့ကို ဘာကြောင့် ပေးမထားနိုင်ရသလဲ ဟုသောသဘော။

## သူ့အသက် သူပိုင်သလား၊ မပိုင်ဘူးလား

သူ့အသက်သူ မနှမြော၍ သူလုပ်ချင်ရာ သူ့ဘာသာ လုပ်နေသည့် ကိစ္စကို တခြားသူများက တားမြစ်ပိုင်ခွင့် ရှိသလား။

သူတစ်ဦးတည်းအတွက် အသက်အန္တရာယ်ရှိသော အလုပ်ကို တစ်ပါးသူတားမြစ်၍ သူမလုပ်ရဘူးဆိုလျှင် သူ့အသက် သူမပိုင်၊ သူတစ်ပါးက ပိုင်သလို ဖြစ်မနေဘူးလား။

အဲသလို စဉ်းစားကြတာတွေ ရှိသည်။

မူးယစ်ဆေးကိစ္စမှာ အခြားဆက်စပ်နေသော အကြောင်းအရာများစွာ ရှိသဖြင့် ခဏထားပါဦး။

ဆိုင်ကယ်စီးသူတွေ ဦးထုပ်မဆောင်းလျှင် ဒဏ်ရိုက်သည့်ကိစ္စ။

ဦးထုပ်မဆောင်းတော့ ဆိုင်ကယ်မှောက်ပြီး ကျွမ်းပစ်ကျ၍ ဦးခေါင်းကို ထိခိုက်မိလျှင် အသက်အန္တရာယ်ရှိသည်။ သေနိုင်သည်၊ အဲဒါ ဖြစ်လေ့ရှိသည့်ကိစ္စ။ သို့သော် သေမည့်သူက သူပဲဖြစ်သည်၊ သူဦးထုပ်မဆောင်းသဖြင့် တခြားလူပါ လိုက်သေရစရာ အကြောင်းမရှိ၊

အဲဒါကို ဘာကြောင့် ဒဏ်ရိုက်ပြီး တားသလဲ။ တားစရာရှိလျှင် သူ့မိဘ ညီအစ်ကို မောင်နှမ တားလိမ့်မပေါ့။

တချို့ တိုင်းပြည်များတွင် ကားစီးသည့်အခါ ထိုင်ခုံခါးပတ် ပတ်မထားလျှင် ဒဏ်ရိုက်ခံရသည်။ ဒါလည်း ထိုနည်းလည်းကောင်း မတော်တဆဖြစ်လျှင် ထိခိုက်မှာ သူ့အသက်။

သူ့အသက်သူ မကာကွယ်သည့် ကိစ္စကို လိုက်တားမြစ်နေ၊ ပြစ်ဒဏ်ပေးနေရအောင် သူ့အသက်ကို တားမြစ်သူတွေ ပိုင်သလား။

## ကိုယ့်အသား ကိုယ်အနာခံသည့်ကိစ္စ

လူတစ်ယောက်၏ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ပိုင်ချင်းပိုင်လျှင် ၎င်းလူကိုယ်တိုင်ပဲ ပိုင်သင့်သည်ဟု စဉ်းစား၍ရသည်။ တခြားလူက ပိုင်ဆိုင်ချင်မည်ဆိုလျှင် သဘာဝမကျ။ တရားသဖြင့် ဖြစ်မည်မဟုတ်။

အဲသည်တော့ သူပိုင်သော ပစ္စည်းဖြစ်သည့် သူ့ခန္ဓာကိုယ်ကို သူနှစ်သက်သလို အသုံးပြုတာ တခြားလူ တားခွင့်ရှိသလား။

လူတစ်ယောက်က သူ့ကိုယ်ပေါ်မှာ ဆေးမင်ကြောင်တွေ ထိုးလာသည်။ သင်ကြည့်မရ။ သေရာပါမည့် အမှတ်အသားတွေ ကိုယ်ပေါ်မှာ ရေးထိုးခြင်းသည် အဓိပ္ပာယ်မရှိ၊ မလုပ်သင့်၊ ထို့ကြောင့် ဒါတွေကို တားမြစ် ပိတ်ပင်သင့်သည်ဟု သင်ဆိုမည်လား။

စဉ်းစားစရာရှိသည်က သည်အရုပ်တွေကို သင့်ကိုယ်ပေါ်မှာ လာရေးတာမဟုတ်၊ သူ့ဘာသာ အသားအနာခံကာ လုပ်ထားခြင်း ဖြစ်သည်။ တစ်နည်းပြောသော် ကိုယ့်အရေပြားကို ကိုယ်နှစ်သက်လို အသုံးချသည့်ကိစ္စ။

သည်လိုပဲ လူတစ်ယောက်က လျှာမှာအပေါက်ဖောက်ပြီး သတ္တုကွင်းကလေးတစ်ခု တပ်ထားသည်။ မဟုတ်တာကွာ၊ လျှာမှာ ဘာလို့ ဒါကြီးလုပ်ထားတာလဲ၊ ဖြုတ်ပစ်လိုက်လို့ ပြောမည်လား။

ခင်ဗျားကျတော့ ဘာကြောင့်နားမှာ အပေါက်ဖောက်ထားသလဲ မေးလျှင် ဘယ်လိုဖြေမည်လဲ။

အာဖရိကနှင့် တောင်အဖရိကရှိ အချို့သော လူမျိုးများမှာ အောက်နှုတ်ခမ်းသားမှာ အပေါက်ဖောက်ပြီး သစ်သားပြား စသည်များ တပ်သော အလေ့ရှိသည်။ ပထမတော့ အပြားဝိုင်းသေးသေး၊ အဲသည် နောက် တဖြည်းဖြည်း ပို၍ ပို၍ကြီးသော သစ်သားပြားတွေ ပြောင်း၍

တပ်သည့်အခါ ဒိုးလုံးလောက်ကြီးသည့် အပြားကြီးတွေ ဖြစ်လာသည်။

သူတို့တွေ အလှဆင်သည့်ကိစ္စ၊ သင့်မျက်စိမှာတော့ အကြည့်ရဆိုး နေနိုင်သည်။

သို့သော် အဲဒါကြီးတွေ မတပ်ရဟု ပိတ်ပင်လျှင် တရားမည်လား မတရားဘူးလား။

## ကိုယ့်ခန္ဓာကိုယ် ကိုယ်ရောင်းစားသည့်ကိစ္စ

ရပ်ကွက်ထဲက မိန်းကလေးတစ်ယောက် ပျက်စီးစပြုနေတာ သင်မြင် သည်။ ကြာလျှင် လုံးဝအဖတ်ဆယ်မရ ဖြစ်မှာ စိုးရိမ်သဖြင့် မိန်းကလေးနှင့် ဆွေမျိုးမကင်းသူတစ်ယောက်ကို ထိန်းကွပ်စေလိုသော စေတနာဖြင့် သင်အသိပေးစကားပြောသည် ဆိုပါစို့။

တစ်ဖက်လူက 'အဲဒါ ခင်ဗျားအပူလား၊ ကိုယ့်ကိစ္စ မဟုတ်ဘဲ ဝင်မပြောပါနဲ့၊ သူပိုင်တဲ့ပစ္စည်း သူရောင်းနေတာ၊ ခင်ဗျားပစ္စည်း ယူရောင်းစားတာ မဟုတ်ဘူး၊ ဒါဈေးကွက်စီးပွားရေးစနစ်၊ ကိုယ့်ရှိတာ ကိုယ်ရောင်းမှာပဲ' ဟု ဆတ်ဆတ်ထိမခံ တုံ့ပြန်လျှင် သင်ဘာပြောမည် လဲ။

အဲသည်လို မိန်းကလေးမျိုးတွေ၊ ဆိုပါစို့၊ sex worker လို့ ဆိုကြသူတွေကို ခန္ဓာကိုယ်ကို သူတစ်ပါးအသုံးပြုဖို့ အချိန်ပိုင်းနှင့် ငှားရမ်းစားသူတွေ ဖြစ်သည်ဟု သဘောထားမည်ဆိုလျှင် မိမိကိုယ်အင်္ဂါ အစိတ်အပိုင်းကို ဖြတ်တောက်ထုတ်ယူ ရောင်းချသူများကိုတော့ ဘယ်သို့သဘောထားမည်နည်း။

## ကျောက်ကပ်တစ်လုံး နှစ်လုံး ဖြုတ်ရောင်းသူများ

ဆေးပညာတိုးတက်လာတော့၊ ရှေးတုန်းက လူတစ်ယောက်သည်

မိမိခန္ဓာကိုယ်က သွေးကိုသူတစ်ပါးအား လှူတာ ရောင်းတာလောက်ပဲ လုပ်နိုင်ခဲ့ရာက၊ ယခုအခါ မျက်ကြည်လွှာကအစ ကျောက်ကပ်၊ အသည်း စသည့်အင်္ဂါအစိတ်အပိုင်းများအထိ ဖြုတ်လှူ၊ ဖြုတ်ရောင်း၍ ရလာသည်။

တိုင်းပြည် အများအပြားကတော့ ဖြုတ်ရောင်းတာတွေ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ရောင်းဝယ်ဖောက်ကားတာတွေကို ဥပဒေနှင့် တားမြစ်ကြသည်။

တချို့ကတော့ သူ့ပစ္စည်း သူရောင်းသည့်ကိစ္စ ဘာကြောင့် တားသလဲဟု ဆိုကြသည်။

စာဖတ်သူ ဘယ်လိုမြင်ပါသလဲ။ ယခုအခါ အရောင်းအဝယ် များနေသည့် ကျောက်ကပ်ကိစ္စပဲ စဉ်းစားကြည့်ပါ။

လူတစ်ယောက်မှာ ကျောက်ကပ်နှစ်လုံးရှိသည်။ အဲသည် နှစ်လုံး ထဲက တစ်လုံးကောင်းလျှင် အသက်ရှင်နိုင်သည်။ အဲသည်လို ယေဘုယျ သိမှတ် လက်ခံထားကြသည်။

ဒါကြောင့် လူတစ်ယောက်က ကျောက်ကပ်ရောဂါကြောင့် အသက်အန္တရာယ် ဖြစ်နေသည့် သူ့သားသမီး၊ မိဘဆွေမျိုး၊ သို့မဟုတ် သူသနား ကရုဏာသက်မိသူ တစ်ယောက်ယောက်ကို မိမိထဲက တစ်လုံးဖြုတ်လှူမည်ဆိုလျှင် ...။

ရက်ရော သဘောကောင်းသူ၊ သူတစ်ပါးအား ကြင်နာသနား တတ်သူ၊ စွန့်လွှတ်အနစ်နာခံတတ်သူ၊ သတ္တိရှိသူ စသဖြင့် ရှုမြင်ကြ လိမ့်မည်ထင်သည်။

သို့သော် အကယ်၍ အဲသည်လူက ကရုဏာဖြင့် လှူဒါန်းတာ မဟုတ်၊ ငွေလိုသဖြင့် သူ့ကျောက်ကပ်တစ်လုံး ဖြုတ်ရောင်းခြင်း ဖြစ်သည် ဆိုပါစို့။

ဘယ်လို လူစားမျိုးဟု သင်ဆိုမည်လဲ။

အကယ်၍ သူရောင်းရခြင်းသည် ပိုလီယိုရောဂါဖြစ်နေသော သူ့ကလေးငယ်အား ဆေးဝါးကုသရန်အတွက် ဖြစ်သည်ဆိုလျှင်ကော။

အကယ်၍ သူ့ရောင်းတာသည် သူ့ကလေးအသက်ကို ကယ်ရန် မဟုတ်၊ ဆယ်တန်းအောင်သော သူ့သားကို တက္ကသိုလ်ပို့ဖို့ အခက်အခဲ ဖြစ်နေချိန်တွင် ကျောက်ကပ်ပွဲစား အဆွယ်ကောင်းသဖြင့် ရောင်းမိခြင်း ဖြစ်သည်ဆိုလျှင်ကော။

ပွဲစားကတော့ ကျောက်ကပ်ဆိုတာ တစ်လုံးရှိလျှင် ဖြစ်သည်၊ နောက်တစ်လုံးက အပိုပဲဟုဆိုလိမ့်မည်။ သို့သော် တစ်လုံးဖြုတ်ပြီးခါမှ ကျန်သည့် တစ်လုံးက ရောဂါရလျှင် သူ့အတွက် အန္တရာယ်ရှိသည်။

အကယ်၍ အဲသည်လူက အန္တရာယ်ကို ဂရုမစိုက်၊ ငါ့ဘဝက သေမထူးနေမထူး၊ ကလေးတွေအတွက် နောင်ရေးစိတ်အေးရဖို့ အရေးကြီးသည်၊ နောက်တစ်လုံးပါရောင်းပြီး ပေးခဲ့မည်ဟု စိတ်ကူးမည် ဆိုပါစို့။

သင်ဘယ်လို မှတ်ချက်ချမည်နည်း။

အကယ်၍ သည်လူက တကယ်သွားရောင်းပြီ ဆိုပါစို့။ ဝယ်သူက ဝယ်မည်လား၊ ဝယ်သင့်သလား။ ဝယ်ရောင်းသမားက ဖြုတ်ယူရောင်းချ သင့်သလား၊ မသင့်ဘူးလား။ ကျောက်ကပ်အစားထိုးဖို့ လိုအပ်နေ ပါသည်ဆိုသူကကော သည်လို လူမျိုးဆီက ပစ္စည်းကိုယူမည်လား၊ မယူဘူးလား။

အဲ၊ ခွဲစိတ် ဖြုတ်တောက်ရမည့် ဆရာဝန်ကကော သူ့ကျောက်ကပ် ကို ဖြုတ်တောက် ထုတ်ယူပေးမလား၊ မယူပေးဘူးလား။

အကယ်၍ ဒါကို လုပ်ပေးခဲ့လျှင် ကိုယ်အင်္ဂါ အစိတ်အပိုင်း

ရောင်းဝယ်မှု သာမက လူသေမှု လူသတ်မှုများအထိ ဖြစ်မည်လား။

ကာယကံရှင်က သူ့သဘောဆန္ဒအလျောက် အသက်အသေခံကာ သူ့ပစ္စည်း သူရောင်းချသည့် ကိစ္စဖြစ်သည်။

ဒါမျိုးက မဖြစ်နိုင်ပါဘူးဗျာ၊ မဖြစ်နိုင်တာတွေ ဘာကြောင့် စဉ်းစားနေမှာလဲဟု ဆိုသူက ဆိုနိုင်ပါသည်။

သို့သော် မဖြစ်နိုင်တာမဟုတ်ပါ၊ ဒါမျိုး တကယ်ဖြစ်ခဲ့ဖူးသည်။

၁၉၉၀ ကျော် နှစ်များအတွင်းက အမေရိကန် အကျဉ်းထောင် တစ်ခုမှာ အကျဉ်းသား တစ်ယောက်က သူ့မှာ ကျန်ရှိသည့် တစ်ခု တည်းသော ကျောက်ကပ်ကို သူ့သမီးလေးအတွက် ပေးလှူချင်ပါသည် ဟု တင်ပြခဲ့ဖူးသည်။

အဲသည်တုန်းက သက်ဆိုင်ရာ ဆေးရုံဘုတ်အဖွဲ့က ငြင်းပယ် ခဲ့သည်။

ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်း ဟူသည် လူ့အသက်ကို ကယ်ဆယ်ရန်အတွက်ဖြစ်ရာ အလှူလက်ခံသူက ရှင်မည် မရှင်မည် မသိ၊ လှူဒါန်းသူက သေမှာသေချာနေလျှင် သည်ကိစ္စသည် ဘာမှ အဓိပ္ပာယ်မရှိဟု ယူဆကြသော သဘောဖြစ်သည်။

သို့သော် ပိုင်ဆိုင်မှု ရှုထောင့်မှ စဉ်းစားသူကတော့ သူ့အသက် သူလှူတာ တခြားလူ ပူစရာမရှိဟု ဆိုလိမ့်မည်။

## သတ်သေရာမှာ ကူညီသူများ

ရောရောရှုရှု အသက်ထွက်နိုင်အောင် ကူညီသည်ဆိုသော ကိစ္စတစ်ခု ရှိသေးသည်။

ဒါကို လက်ခံသူတို့က euthanasia (သက်သာစွာ သေစေခြင်း၊ ကောင်းသောသေခြင်း) ဟု ဆို၍ လက်မခံသူတို့ကမူ သတ်သေမှုကို အားပေးကူညီခြင်း သို့မဟုတ် သူတစ်ပါး အကူအညီဖြင့် သတ်သေခြင်း (assisted suicide) ဟု ဆိုကြသည်။

အမေရိကန်ပြည်တွင် ဒေါက်တာကီဗော်ကီယန် အမည်ရှိ ဆရာဝန်ကြီး တစ်ယောက်က ကင်ဆာကဲ့သို့သော ရောဂါမျိုး အဆင့်လွန်နေပြီး ဝေဒနာခံစားကာ သေနေ့ကို စောင့်နေရသည့် လူနာများအား ၎င်းတို့ကိုယ်တိုင် သေချင်ပါပြီဟုဆိုလျှင် အသက်သေ နိုင်သည့်ဆေးများ ထိုး၍ သတ်ပေးခဲ့သည်။

အဲသည်လို သူကူညီခဲ့တာ စုစုပေါင်း လူ ၁၃၀ မျှ ရှိသည်။

သူက သက်သာစွာ အသက်ထွက်နိုင်အောင် ကူညီသော အလုပ်ကို တရားဝင် လုပ်ကိုင်ခွင့်ရရန်အတွက် ယင်း၏ အကျိုးကျေးဇူး များကို လူအများ ရှင်းလင်းစွာ သိမြင်အောင် စီဘီအက်(စ)ရုပ်သံ အစီအစဉ်မှ တင်ပြသည့်အခါ Lou Gehrig's disease ခေါ် အာရုံကြော ပျက်စီးမှုဝေဒနာ ခံစားနေရသူတစ်ဦးအား သူကိုယ်တိုင် သေဆေးထိုးပေးနေသည့် မှတ်တမ်းဗီဒီယိုကိုပါ ထုတ်လွှင့်ပြသခဲ့သည်။

အဲသည်နောက်တွင် ဖမ်းဆီးခံရကာ သူ့အား လူသတ်မှု (second degree murder) ဖြင့် အရေးယူ အပြစ်ပေးခဲ့သည်။

ထောင်ရှစ်နှစ်ကျခံပြီးနောက် ၂၀၀၇ ခုနှစ်တွင် သူ့အား နောက် ဒါမျိုးမလုပ်ပါ ဟူသော ခံဝန်ချုပ်ဖြင့် ပြန်လွှတ်ပေးခဲ့သည်။

သူဆော်ဩခဲ့သည့် သတ်သေလိုသူအား တရားဝင် ကူညီခွင့် ဟူသည်ကို အမေရိကန်ပြည်တွင် ပြည်နယ်သုံးခုက တရားဝင် လက်ခံထားသည်။ ကျန်ပြည်နယ် အားလုံးက လက်မခံကြ။ ကမ္ဘာ့ နိုင်ငံပေါင်း ၁၉၀ ကျော်တွင်လည်း ဘယ်(လ)ဂျီယမ်၊ ဆွစ်ဇာလန်၊

နယ်သာလန် စသည့် နိုင်ငံအနည်းငယ်မှအပ အခြားမည်သည့် တိုင်းပြည်ကမှ လက်မခံကြ။

ဘာကြောင့် လက်ခံကြ၊ လက်မခံကြသနည်း။

ပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အလေးထားသူတို့ကတော့ လူတစ်ယောက်၏ အသက်သည် သူပိုင်ဖြစ်သည်၊

သေမလား နေမလား ဆိုတာ သူ့သဘော ဖြစ်သည်၊

ကယ်ကြပါဗျို့ဟု အော်သံကြားလျှင် သွားကယ်ချင်ကယ်၊ မကယ်ချင်နေ၊

သေချင်လှပါပြီ၊ သတ်ပေးကြပါဗျို့ ဆိုလျှင်လည်း သတ်ပေးချင်ပေး၊ မပေးချင်နေ၊ အဲသလို သဘောထားသည်။

စာဖတ်သူဆိုလျှင် ဘယ်လို စဉ်းစားမည်နည်း။

## အခန်း (၅)
## စဉ်းစားကြသည့်အခါ စဉ်းစားစရာ

ဤအခန်းတွင်၊

ပြဿနာများ ကိစ္စရပ်များကို စဉ်းစားဝေဖန်ကြရာ၌ လူတို့မှာ ရှိနေတတ်ကြသည့် အစွဲအလမ်းများ၊ စိတ်သန်ရာဆီသို့ တိမ်းညွတ်တတ်သော သဘောများကြောင့် ဖြစ်သည့် ချွတ်ချော်လွဲမှားမှုများကို ထောက်ပြပြီး၊ အစွဲကင်းရန်၊ ဓမ္မဓိဋ္ဌာန်ကျရန် အားထုတ်သည့် သိပ္ပံသမားတို့၏ စဉ်းစားပုံ နည်းစနစ်အကြောင်းကို ရှင်းလင်းတင်ပြထားပါသည်။

### ၁။ ကျွန်တော်က ပြတ်သားတယ်၊ ခင်ဗျားက ခေါင်းမာတာ၊ ဟိုလူကတော့ တစောက်ကန်း

ခေါင်းစဉ်ကို ခဏထားပါဦးမည်။

ကျွန်တော်ပြောချင်သည်က စကားလုံးများ၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ ဖြစ်သည်။

ကျွန်တော်တို့ စဉ်းစားရာမှာ စကားလုံးများကို အသုံးပြုရ၏။ စကားမပါဘဲ စဉ်းစားလို့ မရဘူးလား။

ဟုတ်ကဲ့ ရနိုင်ပါသည်။ ဘာသာစကား မပေါ်ခင်တုန်းကလည်း လူတွေစဉ်းစားခဲ့ကြပါလိမ့်မည်။ သို့သော် ဝေါဟာရစကားလုံး မရှိသူ၏ စဉ်းစားနိုင်မှု အတိုင်းအတာသည် အလွန်သေးကွေးကျဉ်းကျုံ့နေပါလိမ့်မည်။ ဝေါဟာရကြွယ်သည့်အခါ ပြောဆိုရေးသားရာမှာ ပို၍ ဝေဆာပြည့်စုံသကဲ့သို့ စဉ်းစားတွေးခေါ်ရာ၌လည်း ပို၍ နက်ရှိုင်းကျယ်ဝန်းလာပါသည်။

ထို့ကြောင့် စဉ်းစားခြင်းအရာ၌ စကားလုံးများသည် အထူးအရေးပါသည်ဟု ဆိုပါမည်။

သည်တွင် ပြဿနာတစ်ခုက စကားလုံးများ၏ အဓိပ္ပာယ်နှင့် ပတ်သက်သည်။ အဓိပ္ပာယ် အကောက်အယူ မတူကြသည့်ကိစ္စ။ သို့သော်တစ်ဖက်တွင် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှာဖွေဇေ့ငုခြင်းသည်လည်း စဉ်းစားတွေးတောမှု အလုပ်တစ်ခု ဖြစ်ပြန်ပါသည်။

ဆရာဇော်ဂျီ ဘာသာပြန်သည့် ပလေးတိုးနိဒါန်းကို လှန်ကြည့်ပါ။

ပလေးတိုး၏ဆရာ တွေးခေါ်ရှင်ကြီး ဆော့ခရတ္တိ၏ ဒဿနဆွေးနွေးပွဲများတွင် မှန်ခြင်း မှားခြင်း၊ ကောင်းခြင်း ဆိုးခြင်း၊ တရားခြင်း မတရားခြင်း စသည့် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အတိကျ အမှန်ကန်ဆုံး ဖွင့်ဆိုဖို့ အားထုတ်နေကြပုံကို တွေ့မြင်ရပါလိမ့်မည်။

ဆော့ခရတ္တိ၏ ဆွေးနွေးဝိုင်းက ကြီးကျယ်ပါသည်။

အများသူငါတို့ စကားပြောဆိုရာ၌လည်း သုံးစွဲသော စကားလုံးတို့ အပေါ် အဓိပ္ပာယ်ကောက်ယူပုံ မတူသဖြင့် ပြဿနာဖြစ်ကြရတာတွေ အများကြီး ရှိသည်။

နမူနာလေးတစ်ခု ပြောပါမည်။

**မနက်စောစောဆိုတာ**

လူတစ်ယောက်က ဆိုပါသည်။

'ဒါဆို ကျွန်တော် နက်ဖြန်မနက်စောစော လာခဲ့မယ်'

'ကောင်းတယ်ဗျ၊ လာခဲ့'

တစ်ဖက်လူက အားတက်သရော။ သို့သော် စောစောဆိုတာ ဘာလဲ။

မနက်ဘယ်အချိန်၊ ဘယ်နှနာရီကို စောစောခေါ်မည်လဲ။

ပြောသူက စောစောဟုပြောသည်။ သူ့စိတ်ထဲမှာ အကြမ်းဖျင်း ခန့်မှန်းထားသည့် အချိန်နာရီရှိကောင်း ရှိလိမ့်မည်။ သို့တည်းမဟုတ် ဘယ်နှနာရီလောက်ဆိုတာမျိုး စဉ်းစားမထားဘဲ အလွယ်တကူ ကောက်ပြောလိုက်တာမျိုးလည်း ဖြစ်နိုင်သည်။

နားထောင်သူကလည်း စောစောဆိုတာ ဘယ်အချိန်လဲ မမေး လိုက်ဘဲ လက်ခံထားလိုက်ပြီး နောက်တော့မှ အခက်တွေ့သည်။

သူကစောစောရောက်လာ၍ ကိုယ်က စောင့်ခိုင်းထားရလျှင် အားနာစရာ။

ထို့ကြောင့် ခါတိုင်းထက် စောစောအိပ်ရာထ၊ လုပ်စရာရှိတာ လုပ်ကိုင်ပြီး အသင့်စောင့်မျှော်နေသည်။

မျှော်သာမျှော်သည် ပုဂ္ဂိုလ်က ပေါ်မလာ။

ကြာတော့ စိတ်မရှည်၊ 'ဘာလဲဟ စောစော၊ ဗမာစော ရှမ်းစောက ပြန်ဆိုတာလို ဖြစ်နေပြီ'

သူစိတ်တိုတိုနှင့် ပြောဆိုနေတုန်း ဟိုလူရောက်လာတော့ ဆီးမေးသည်။

'ဘယ်လိုလဲဗျ၊ စောစောလာမယ်ဆို'

'ဟာ၊ ဒါမစောဘူးလား' တဲ့ တစ်ဖက်လူက ပြန်မေးသည်။

ပြဿနာက သူစောတာနှင့် ကိုယ်စောတာ မတူတာဘဲ ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် စောတာချင်း မတူသလို နောက်ကျတာချင်းလည်း တူမည်မဟုတ်ပါ။

အချိန်ကာလ အတိုင်းအတာနှင့် ပတ်သက်၍ အဲသည်လို အငြင်းပွားဖွယ် စကားလုံးတွေ သုံးနှုန်းပြောဆိုတာ မကြာခဏ တွေ့ရတတ်သည်။ (အဲ မကြာခဏဆိုတာကကော ဘယ်လိုလဲ၊ ဘယ်လောက်လဲ။)

ပုဂ္ဂိုလ်တစ်ယောက်က 'အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်ပေးနေပါတယ်' ဟု ဆိုသည်။

ဘာလဲ တစ်ပြေးညီ၊ ဘယ်လောက် တစ်ပြေးညီသလဲ။

'မကြာမြင့်မီကာလမှာ မြင်တွေ့ရပါလိမ့်မယ်' တစ်ယောက်က ဆိုသည်။ ရက်ပိုင်းလား၊ လပိုင်းလား၊ နှစ်ပိုင်းလား။

'သင့်တော်တဲ့ အချိန်မှာ ဆောင်ရွက်ပေးဖို့ စီစဉ်ထားပါတယ်'

ဘယ်အချိန်သည် သင့်တော်တဲ့ အချိန်လဲ၊ ဘယ်သူ့အတွက် သင့်တော်တာကို ဆိုလိုသလဲ။

စကားလုံးတွေကတော့ ရှင်းနေသည်။ သို့သော် အဓိပ္ပာယ်က သဲ့ မတိကျ မသေချာဖြစ်နေသည်။ သို့မဟုတ် သည်စကားကိုပဲ သူ နားလည်တာနှင့် ကိုယ်နားလည်တာမတူ။

စကားလုံးများ၏ အဓိပ္ပာယ်ကိစ္စမှာ ပြဿနာဖြစ်ပုံ နောက်တစ်မျိုး ရှိသေးသည်။

အဲဒါက ....။

**အဓိပ္ပာယ်ကတော့ ဒါပဲ၊**
**သို့သော် စကားလုံးအမျိုးမျိုးမှာ**
**ဆင့်ပွားအနက် အမျိုးမျိုး**

ရှေ့ဘက်မှာ ခေါင်းစဉ်တင်ထားသည့် ဝါကျတို သုံးခုတွဲကလေးကို ပြန်ပြောပါမည်။

ကျွန်တော်က ပြတ်သားတယ်၊

ခင်ဗျားက ခေါင်းမာတာ၊

ဟိုလူကတော့ တဇောက်ကန်း၊ ဟူသော ဝါကျတွဲ။

အဲသည်မှာ အဓိက စကားသုံးလုံးပါသည်။

ပြတ်သားတာ၊ ခေါင်းမာတာနှင့် တဇောက်ကန်းနိုင်တာ၊

သည်စကားသုံးလုံးတူသလား။

ဘယ်မှာ တူပါ့မလဲ၊ အဓိပ္ပာယ်က တခြားစီပဲ။

သို့သော် စဉ်းစားကြည့်ပါ။ သည်စကားတွေကို ဘယ်မှာ ဘယ်လိုသုံးကြသလဲ။

ပြတ်သားသည်ဆိုတာကို ယခုစကားမှာတော့ ကိုယ့်ကိုယ်ကိုယ် ပြောနေခြင်းဖြစ်သည်။ သို့သော် ကိုယ်သဘောကျသူ ဆိုလျှင်လည်း ၎င်းလူ၏ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ချီးကျူးသော သဘောဖြင့် ပြတ်သားသူဟု ဝိသေသပြု ပြောဆိုနိုင်သည်။ ပြောဆို လေ့ရှိသည်။

ခေါင်းမာသည်ဆိုတာက၊ မိမိက မိမိအမြင်အရ အကျိုးသင့် အကြောင်းသင့်ဟူ၍ ပြောသည်ကို လက်မခံသူ နားမထောင်သူ မိမိ ပြောသလို လိုက်မလုပ်သူအားပြောသည့် မှတ်ချက်စကား၊ မကြိုက်သော သဘောဖြင့်ပြောခြင်း။

တဇောက်ကန်း ဆိုတာကတော့ အလွန်ရှင်းသည်။ အဲသည်လူ လုပ်တာကိုင်တာတွေ မိမိလုံးဝ သဘောမကျ။ သည်လူက ဖျောင်းဖျ နားချ၍လည်း နည်းနည်းလေးမှ မရ။ ထို့ကြောင့် မိမိအလွန်စိတ်ပျက်သူ၊ အယူအဆအရ မိမိနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေသူ၊ ဘယ်သောအခါမှလည်း တိုက်ဆိုင်တူညီလာဖွယ် မရှိသူ၊ သည်လို လူမျိုးကို ပြစ်တင် ဝေဖန်သောသဘောနှင့် ပြောသည့်စကား။

ပြတ်သားသူ၊

ခေါင်းမာသူ၊

(တစ်ယူသန်) တဇောက်ကန်း။

အဓိပ္ပာယ်သက်ရောက်မှုတွေကမတူ။

သို့သော် တစ်လုံးချင်း သေသေချာချာ ပြန်စဉ်းစားကြည့်လျှင်မူ အရင်းမူလသဘောမှာ တူနေတာ တွေ့ရလိမ့်မည်။

ပြတ်သားသည်ဆိုတာ သည်ဟာဆိုသည်ဟာပဲ၊ အလျှော့အတင်း အတိမ်းအစောင်း မပြုနိုင်သော သဘောဖြစ်သည်။ ပြတ်သားသော သူသည် သူသတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းပဲ သူသွားမည်။ တစ်ပါးသူ ချော့မော့တောင်းပန် ခြိမ်းခြောက်သဖြင့် ပြောင်းလဲသွားမည် မဟုတ်။

ခေါင်းမာသည်ဆိုတာကကော ဘာထူးသလဲ။ သူ့သဘော သူ့ဆန္ဒအတိုင်းပဲ၊ ဘယ်သူပြောလို့မှ မပြောင်းလဲ။

တအောက်ကန်းကတော့ ပြောမနေနှင့်တော့။ သူယုံကြည် လက်ခံ ကျင့်ကြံလျက်ရှိသည့် အနေအထားမှ တစ်ရွေးသားမျှ တိမ်းစောင်း ပြောင်းလဲမည်မဟုတ်။ ဒါကလွဲ၍ ဘာမှလက်မခံ။ သူ့ထက် ပြတ်သား စရာ ဘယ်မှာ ရှိဦးမည်လဲ။

ပြန်ချုပ်မည်။

ပြတ်သားသူ၊ ခေါင်းမာသူနှင့် တစ်ယူသန် တအောက်ကန်းသမား၊ သည်သုံးယောက်လုံးသည် သူတစ်ပါးသဘောကြောင့် တိမ်းစောင်း ပြောင်းလဲခြင်းမရှိ၊ ကိုယ့်သဘောအတိုင်း ရပ်တည်ကြသူတွေချည်း ဖြစ်သည်။

သို့သော် သည်အထဲမှာမှ ကိုယ်ကြိုက်သူ၊ ကိုယ်နှင့် သဘောချင်း တူသူကျတော့ ပြတ်သားသည်ဟု ဆိုသည်။

ကိုယ်မကြိုက်သူ၊ ကိုယ်နှင့်သဘောချင်း မတိုက်ဆိုင်သူကျတော့ ခေါင်းမာသည်ဟု ပြောသည်။

ကိုယ်လုံးဝမကြိုက်သူ၊ ကိုယ်နှင့်ဆန့်ကျင်ခြားနားသူကျတော့ တစ်ယူသန် တအောက်ကန်းဟု သမုတ်သည်။

ထို့ကြောင့် လျှော့တင်းပြောင်းလဲမှု မပြုနိုင်သူချင်း အတူတူတွင် ပြောသူ၏ အတ္တနောမတိကိုလိုက်၍ အပြောခံရသူသည် ပြတ်သားသူ၊ ခေါင်းမာသူ၊ တစ်ယူသန်တအောက်ကန်း စသဖြင့် အမျိုးမျိုး ဖြစ်နေ ရသည်။

ပြောသူ၏ အတ္တနောမတိသည် အမှန်နှင့် နီးစပ်ကောင်း နီးစပ် မည်။ အဂတိ လေးပါးကြောင့် အများကြီး တိမ်းစောင်းနေတာလည်း ဖြစ်နိုင်သည်။ သို့သော် သူသုံးလိုက်သော စကားလုံးတို့၏ ဂယက်ကား ကြားရသူအပေါ် သက်ရောက်မှုများ ရှိနေမည်သာ ဖြစ်သည်။

အဲသည်လူဟာ ပြတ်သားတယ်လို့ ပြောတယ်၊ လူတော်နေမှာ ...

အဲသည်လူဟာ ခေါင်းမာတယ်လို့ ပြောတယ်၊ အတော်စိတ်ပျက်စရာကောင်းတဲ့လူ ဖြစ်လိမ့်မယ် ...

အဲသည်လူဟာ တစ်ယူသန် တခြောက်ကန်းလို့ ပြောတယ်၊ အတော်ကြောက်စရာကောင်းမယ့် လူမျိုးပဲ၊ ရှောင်ရလိမ့်မယ် ...

စသဖြင့် ကြားရသူစိတ်ထဲတွင် ထိုလူ့အပေါ် ခံစားမှုနှင့် ယှဉ်သော စွဲမှတ်မှုများ ဖြစ်ပေါ်ပေမည်။

လူတစ်ဦးတစ်ယောက်အပေါ် အထင်အမြင် သို့မဟုတ် ခံစားမှုဖြင့် ပြောလိုက်သော စကားလုံး အသုံးအနှုန်းများက ကြားရသူတို့ စိတ်ထဲတွင် မှန်/မှား မသေချာသည့် အထင်အမြင်အစွဲအလမ်းများ ငြိတွယ်သွားစေနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

## သက်ရောက်မှုပြင်းသော စကားလုံးများ

နေ့စဉ်ဆက်ဆံ ပြောဆိုရာများတွင် ကြားရသူ၌ အစွဲတစ်ခု ဖြစ်ပေါ်သွားစေနိုင်သည့် အဲသည်လို သက်ရောက်မှုပြင်းသော စကားလုံး အများအပြား ရှိပါသည်။

သည်ဟာတွေသည် နားထောင်သူတို့ သတိထားရမည့် အရာများ ဖြစ်သည်။ သို့သော် အသုံးမဝင်သော စကားများကား မဟုတ်။ ပြောဆိုရာ၌ ထိရောက်မှုရှိပြီး မိမိသဘော မိမိအမြင်ကို ထင်ရှား ပေါ်လွင်စေသည့် စကားများ ဖြစ်ပါသည်။

လူတို့၏ စိတ်လှုပ်ရှား ခံစားမှုများကို ပီပြင်စွာ ဖော်ကျူးမည့် ဝတ္ထု၊ ပြဇာတ်၊ ကဗျာလင်္ကာစသည့် ရသစာပေများ ဖန်တီးရာ၌ သည်စကားလုံးတွေ အလွန်အရေးပါသည်။ ၎င်းတို့မရှိလျှင် မဖြစ်။

သို့သော် ခံစားချက်များကို ထိန်းချုပ်ကာ ဓမ္မိဋ္ဌာန်ကျကျ စဉ်းစားရမည့်နေရာမျိုးတွင်မူ ၎င်းတို့က အနှောင့်အယှက် အဟန့်အတား များ ဖြစ်နေတတ်သည်။ ၎င်းတို့ကြောင့် တိမ်းစောင်းချွတ်ချော်မှု များ ဖြစ်စေသည်။

ထို့ကြောင့် သတိထားဖို့လိုသည်။

အဲဒါမှန်သလား၊ အဂတိနဲ့ ပြောနေတာလား၊ တခြားသူတွေ အမြင်က ဘယ်လိုရှိသလဲ၊ တခြား ဘာအထောက်အထားရှိသလဲ၊ စသဖြင့်။

အဲသည်လို စဉ်းစားရမည့် စကားလုံး နမူနာတချို့ ဆက်လက် ဖော်ပြရသော် ....။

သည်စာပိုဒ်ခေါင်းစဉ်တွင်၊ မပြောင်းလဲသော သူများနှင့် စပ်လျဉ်း သည့် အသုံးအနှုန်းသုံးမျိုးကို ဖော်ပြခဲ့သည်။ ၎င်းတို့နှင့် ဆန့်ကျင်ဘက် ဟု ဆိုရမည့် အလွယ်တကူ ပြောင်းလဲနိုင်သူများနှင့် ပတ်သက်၍လည်း ကြိုက်လျှင် ကြိုက်သလို၊ မကြိုက်လျှင် မကြိုက်သလို ပြောနိုင်တာတွေ ပြောကြတာတွေ ရှိသည်။

ဥပမာ၊ ကျွန်တော်က တစ်ယူသန်သမား မဟုတ်ဘူး၊ အယူအဆ တစ်ခု မမှန်ဘူးထင်ရင် ပြောင်းလဲဖို့ ဝန်မလေးဘူး။

ခင်ဗျားက flexible ဖြစ်တယ်။ အဲဒါ ကျွန်တော် သဘောကျတယ်။ လူဆိုတာ အခြေအနေ အချိန်အခါကိုကြည့်ပြီး လိုက်လျောညီထွေ အလုပ်လုပ်တတ်ဖို့ လိုတယ်။

အဲသည်လူက မှုမရှိဘူးဗျ။ သူ့ရာဇဝင်ကြည့်၊ ပုတ်သင်ညိုလို အမြဲအရောင်ပြောင်းနေတယ်၊ သုံးကျောင်းပြောင်းသောရှင်၊ သုံးလင် ပြောင်းသော မိန်းမဆိုတဲ့ အစားမျိုး။

ပြောင်းလဲသူချင်းအတူတူ အဲသည်လို အမျိုးမျိုး ပြောနိုင်ကြသည်။

ထို့နည်းတူ စစ်ပွဲများမှာ အသက်ပေးတိုက်ခိုက်တာချင်းအတူတူ ကိုယ့်လူကျတော့ ဂုဏ်ရောင်ပြောင်သည့် မျိုးချစ်သူရဲကောင်းများ၊ သူ့လူကျတော့ စဉ်းစားဉာဏ်နည်းသည့် မိုက်ရူးရဲများ။

ပါတီအတွက် မဲဆွယ်တာချင်းအတူတူ သူ့လူကျတော့ အပေါစား မြှူဆွယ်ဖြားယောင်းမှုများ။ ကိုယ့်လူကျတော့ လေးနက်တည်ကြည်သော နိုင်ငံရေး ကတိကဝတ်များ။

ဘောလုံးပွဲမှာ ဂိုးရတာချင်း အတူတူ ပွဲအစမှာ အနီအသင်းက ဂိုးတစ်ဂိုး ခပ်ချောင်ချောင် ရသွားသော်လည်း၊ အပြာအသင်း ဘောလုံးသမားများ အပေးအယူ အချိတ်အဆက်မိစွာ ခြေစွမ်းပြကစားနိုင်သဖြင့် ဒုတိယပိုင်းတွင် ချေပဂိုးရရှိသွားပြီး၊ စသည်ဖြင့် ကိုယ်သန်ရာ စွဲရာကို ဖေးမသည့် ဘက်လိုက်သော စကားလုံးတွေ သုံးပြီး ပြောနိုင်ကြသည်။

အလားတူ တစ်ချိန်က မြန်မာပြည်တွင် တိုးတက်သောလမ်းစဉ်၊ တိုးတက်သော လူငယ်များ၊ တိုးတက်သော စာရေးဆရာများ စသည်ဖြင့် ပြောကြတာရှိသည်။

ဘာတိုးတက်သလဲ၊ တိုးတက်တယ်ဆိုတာဘာလဲ၊ ဘယ်ကဘယ်ထိ တိုးတက်သွားသလဲ စသည်ဖြင့် မေးမြန်းလေ့မရှိ။ တိုးတက်သော .... လို့ ဆိုတာပဲ ဟူ၍သာ မပြည့်မစုံကို အပြည့်အစုံလုပ်၍ မှတ်သားကြသည်။ ထို့ကြောင့် ခေါင်းထဲမှာမရှင်း။

သည်လိုပဲ၊ အန္တရာယ်ရှိသော အယူအဆတဲ့။

ကိုယ့်အယူအဆနှင့် မတူညီသော အယူအဆ၊ ဆန့်ကျင်ကွဲလွဲသော အယူအဆ။ သို့သော် အဲဒါကို ထိထိရောက်ရောက် ငြင်းပယ်ချေဖျက်ခြင်းလည်း မပြုနိုင်၊ သို့သော် အဲဒါကို သူတစ်ပါး လက်ခံချင်

လက်ခံသွားနိုင်သည့် အတွက်လည်း စိုးရိမ်သည်။ သည်အခါမျိုးမှာ အကြောင်းအကျိုး ဘာဘာညာညာ မပြောနိုင်ဘဲ အဲသည်အယူအဆ ကတော့ အန္တရာယ်ရှိတဲ့ အယူအဆပဲလို့ သုံးနှုန်း ပြောဆိုလေ့ရှိကြသည်။

အဲဒါကို အလွယ်တကူ နားထောင်သူက အဲဒါ အန္တရာယ်ရှိတဲ့ အယူအဆလို့ ပြောတာပဲဟု ယောင်ဝါးဝါး မှတ်သားသွားသည်။

* * *

စကားလုံးတို့၏ ဟိတ်ဟန်ကြောင့် စဉ်းစားရာမှာ လွဲချော်ကာ သို့မဟုတ် မစဉ်းစားမစိစစ်ဘဲ လက်ခံမိကာ မှန်မှားမသိ တစ်ဖက်သား ဆွဲဆောင်ရာ ပါသွားတတ်သည့် သဘောကို ပြောခြင်းဖြစ်ပါသည်။

အမှန်ကိုလိုသော် စကားပြောရာ၌ ဖြစ်စေ၊ စာဖတ်ရာ၌ဖြစ်စေ ကြားရတွေ့ရသည့် စကားလုံးများကို အမှုမဲ့ အမှတ်မဲ့ မထား ဝေဖန် စဉ်းစားဖို့လိုသည်။

သူကတော့ သည်စကားလုံး သုံးနှုန်းလိုက်ပြီ။ အဲဒါသည် ဘာအဓိပ္ပာယ်လဲ၊ အမှန်နှင့် ဘယ်လောက်နီးစပ်တူညီသလဲ၊ စဉ်းစား ကြဖို့လိုပါသည်။

## ၂။ တစ်ဖက်သားနေရာကလည်း စဉ်းစားဖို့လိုသည်

တစ်ခါတစ်ရံ တိရစ္ဆာန်တစ်ကောင်၏ အသက်ကို ကယ်ဆယ်ရန်အတွက် သူ့အသားကို စားရတာမျိုးလည်း ရှိတတ်သည်တဲ့။ တစ်ခါတုန်းက Time မဂ္ဂဇင်းတစ်စောင် (မတ် ၂၆၊ ၂၀၀၇) မှ စာတစ်ပုဒ်က အစချီ သည်။

နောက်နေတာလား၊ အတည်လား။

အတည်ဆိုလျှင်တော့ ရတ်တရက် မျက်စိလည်ချင်စရာစကား

ကံဆိုး၍ ရှေ့မှာ မတ်စောက်သော ချောက်ကမ်းပါးမျိုးနှင့် တည့်တည့် တိုးခဲ့သော် ချောက်ထဲ အစုလိုက် အပြုံလိုက်ကျ၍ သေကျေကြမည် ဖြစ်သည်။

အဲသည် နွားရိုင်း၊ သို့မဟုတ် ကျွဲရိုင်း၊ သို့မဟုတ် ပြောင်နှင့် ဆင်တူသည့် သတ္တဝါကြီးတွေ တစ်ခါတုန်းက မြောက်အမေရိကမှာ အမြောက်အမြား ရှိခဲ့သည်။ သူတို့ကို buffalo ဟုလည်း ခေါ်ကြသည်၊ bison ဟုလည်း ခေါ်ကြသည်။ သို့သော် သတ္တဗေဒ အလိုအရ bsion ဟုခေါ်တာ ပိုမှန်သည်ဟုဆိုရာ ကျွန်တော်တို့လည်း bison (ဘိုင်ဆင်) ဟုပဲ သုံးနှုန်းကြပါစို့။

အဲသည်ဘိုင်ဆင်ကြီးတွေသည် ဥရောပသားတွေ အမေရိက ရောက်ခါစ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ လောက်တုန်းက အရေအတွက် သန်း ၃၀ လောက် ရှိသည်ဟု ခန့်မှန်းကြသည်။ နောက်ပိုင်းတွင် သူတို့ လှည့်လည်ကျက်စားရာ နေရာများတွင် လူတွေ အခြေချ နေထိုင်လာကြသဖြင့် သူတို့၏ သဘာဝပတ်ဝန်းကျင်ကြီး ပျက်စီးခြင်း၊ ယင်းနှင့် တွဲဖက်ဖြစ်ပေါ်သည့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံရခြင်း၊ သူတို့ ကိုယ်ပေါ်က သားရေကို အဓိက လိုချင်၍ ပစ်ခတ် သတ်ဖြတ်ခြင်းစသော အကြောင်းများကြောင့် အလျင်အမြန် ပြုန်းတီး ကာ ၁၉ ရာစုနှောင်းပိုင်းလောက် ရောက်လာသည့်အခါ၌ ကောင်ရေ ၁၀၀၀ ခန့်သာ ကျန်ရစ်တော့သည်ဟု ဆိုသည်။ သည်တော့မှ တောရိုင်း သဘာဝ ထိန်းသိမ်းသူတို့ အရေးတကြီး ကာကွယ် စောင့်ရှောက်ကြသဖြင့် မျိုးမပြုတ်ခဲ့ခြင်း ဖြစ်သည်။

သည်ကနေ့မှာတော့ မြောက်အမေရိကတွင် ဘိုင်ဆင် ကောင်ရေ သည် ၄၅၀,၀၀၀ မျှအထိပြန်၍ ရှိလာခဲ့သည်။ သို့သော် သည်လောက် များများ ပြန်တိုးပွားလာရခြင်းသည် အမျိုးသား သဘာဝဥယျာဉ်များ၊

ဘေးမဲ့တောများက ထိန်းသိမ်းစောင့်ရှောက်ကြခြင်းကြောင့် ဒေမြို့ လူအတော်များများ ဘိုင်ဆင်သားကို နှစ်ခြိုက်စွာ စားသုံးလာခြင်းကြောင့် မဟုတ်ဘဲ ကြောင့်သာ ဖြစ်သည်ဟု ကလောက်(ဒ)က ဆိုလိုက်ပါသည်။

ဘာကြောင့် သည်လိုဆိုသလဲ။ ဘယ်လို စဉ်းစားပြီး သည်ကောက်ချက်မျိုး သူရလာသလဲ။ ဘိုင်ဆင်သား ရာဇဝင်ကို နည်းနည်း ပြန်ကြည့်လျှင်၊ ဟိုတုန်းကတော့ နယ်သစ်ပယ်သစ် ချဲ့ထွင်စ အမေရိကန်တွေ ဘိုင်ဆင်သားကို ဖောဖောသီသီစားသုံးခဲ့ကြသည်။ အကြောင်းကြောင်းကြောင့် ဘိုင်ဆင်တွေ မျိုးပြုတ်သလို ဖြစ်သွား၍ ရှားပါးသတ္တဝါအဖြစ် ဝိုင်းဝန်းထိန်းသိမ်းကြသည့်အခါ ဘိုင်ဆင်သားသည် မစားကောင်းသော အရာတစ်ခုလို ဖြစ်သွားခဲ့သည်။ မနေ့တစ်နေ့ကျခါမှ အစားသမားတွေက ဘိုင်ဆင်သားကို လူအများ စိတ်ဝင်စားအောင် ပြန်လည် မြှင့်တင်လာကြသည်။ ဘိုင်ဆင်သားသည် အမဲသားထက်ပို၍ အရသာရှိသည်။ အဆီနည်းပြီး အသားကဲသဖြင့် ကျန်းမာရေးနှင့် ပိုညီညွတ်သည် စသဖြင့် ကြော်ငြာပြောဆိုကာ ဘိုင်ဆင်သား အထူးရောင်းသည့် စားသောက်ဆိုင်များ ဖွင့်လှစ်လာကြသည်။ သည်အခါ သည်ဆိုင်တွေ စားသုံးသူတွေထံ ပေးသွင်းနိုင်ဖို့ ဘိုင်ဆင် မွေးသူတွေလည်း တိုးပွားလာသည်။ သည်ကနေ့ ကမ္ဘာမှာရှိသည့် ဘိုင်ဆင်ဦးရေ၏ ၉၅ ရာခိုင်နှုန်းသည် ပုဂ္ဂလိက လုပ်ငန်းရှင်တွေ အစားအစာ ဈေးကွက်မှာ ရောင်းချနိုင်ရန်အတွက် မွေးမြူထားတာ ဖြစ်သည်ဟု ဆိုသည်။

ကလောက်(ဒ)က အဲသည် အနေအထားကို အကြောင်းပြုကာ လူတွေစားသဖြင့် ဘိုင်ဆင်တွေ ရှင်သန်တိုးပွားလာခြင်း ဖြစ်သည်ဟု ကောက်ချက်ချခဲ့တာ ဖြစ်သည်။ ဘိုင်ဆင်သား စားသူတွေ သည်

ထက်မက များပြားလာလျှင် ကမ္ဘာမှာ ဘိုင်ဆင်အရေအတွက်သည့်ထက် အဆမတန် တိုးပွားလာလိမ့်ဦးမည်ဟု ဆက်လက်ကောက်ချက်ချစရာ ကိန်းဂဏန်းတွေလည်း သူဖော်ပြထားပါသေးသည်။

အမဲသားကြိုက်သော အမေရိကန်တွေ နေ့စဉ် နွားကောင်ရေ ၉၀,၀၀၀ မျှ စားသုံးနေကြစဉ် ယခုနှစ်တစ်နှစ်လုံးတွင်မှ သားသတ်ရုံများသို့ အပို့ခံရမည့် ဘိုင်ဆင်ကောင်ရေ စုစုပေါင်းသည် ၅၀,၀၀၀ မျှသာ ရှိသည်တဲ့။

ဘိုင်ဆင်သား လူတွေ စားလာကြသည် ဆိုသော်လည်း နွားနှင့်စာလျှင် နည်းနေသေးသည်။ အကယ်၍ အမဲသား၏ ၁၀ ရာခိုင်နှုန်းမျှ စားကြမည်ဆိုလျှင်ပင် တစ်နှစ်အတွက် လိုအပ်မည့် ဘိုင်ဆင်ဦးရေသည် သုံးသန်းကျော်မျှ ရှိလိမ့်မည်။ အဲဒါဆိုလျှင် မွေးမြူရေးသမားတို့ကလည်း ကောင်ရေ သန်းချီ၍ မွေးလာကြမည်။ အဲဒါဆိုလျှင် ...။

သည်ပုံစံမျိုး စဉ်းစားလျှင်တော့ အတော်ဟုတ်နေသည်။ ဘိုင်ဆင်တို့အတွက် ရှေ့ဆီတွင် ခေတ်ကောင်းကြီးတစ်ခု ပေါ်ထွန်းလာမည့်သဘော။ လူတွေအတွက်ရော ဘိုင်ဆင်များအတွက်ပါ ဟန်ကျသည့်အနေအထား။

ကလောက်ဒ်ကတော့ win-win situation ဟူသည့် ခေတ်စားနေသော စကားကို ယူကာ we win and bison win ဟူ၍ပင် ဆိုလိုက်သေးသည်။

သို့သော် သူပြောတာ ဟုတ်သလား။

စာရေးသူကတော့ တချို့ကိစ္စသည် ရိုးရိုး သာမန်ဉာဏ်ဖြင့် ဖြောင့်ဖြောင့်စင်းစင်း စဉ်းစားတာ ပိုကောင်းသည်၊ အဲဒါဆိုလျှင် အဖြေမှန်နှင့်လည်း ပိုနီးစပ်နိုင်သည်ဟု မြင်သည်။

ဘိုင်ဆင်သားစားလျှင် စားသည်ပေါ့။ ကြိုက်သူတွေများလာသဖြင့် အများကြီးမွေးပြီး အများကြီး စားလာကြသည် ဆိုလျှင်လည်း အများကြီး စားကြသည်ပေါ့။ ဒါကို သည်အတိုင်း လက်ခံထားလိုက်လျှင်လည်း ရပါသည်။ သို့သော် ဘိုင်ဆင်ကိုသတ်ပြီးမှ စားရသည့်ကိစ္စတွင် ဘိုင်ဆင်များကပင် ကျေးဇူးတင်ရမလို ပြောဆိုနေခြင်းကတော့ အားမနာတတ်သော သဘောဟု ဆိုချင်သည်။

ရိုးရိုးစဉ်းစားလျှင် ရှင်းနေသည့် သည်ကိစ္စမျိုးကို အဲသည်လို ပဋ္ဋလက်နည်းတွေဖြင့် လှည့်ပတ်ဆင်ခြင်ကာ တလွဲအဖြေထွက်အောင် စဉ်းစားပြတာမျိုးတွေ မကြာခဏ တွေ့ရတတ်သည်။

နမူနာတစ်ခု ပြပါဦးမည်။ စာရေးဆရာ ရောဘတ်ဖူးလဂမ်း (Robert Fulghum) ၏ Uh-Oh ဆိုသော စာအုပ်မှာ ဖြစ်သည်။

သူရေးသည်က စာကလေးတွေ လွှတ်သည့်ကိစ္စ။

* * *

တွေ့ဖူး မြင်ဖူး ကြပါလိမ့်မည်။

စာကလေးတွေ လှောင်အိမ်နှင့်ထည့်ထားမည်။ မွေးနေ့ဖြစ်လို့၊ ဗေဒင်ဆရာက ဟောထားလို့၊ တခြားအကြောင်းထူး မရှိသော်လည်း ကုသိုလ်လိုချင်လို့ဟူ၍ စာကလေးတွေ ဘေးမဲ့ လွှတ်နိုင်ကြသည်။ စာလေးတစ်ကောင်အတွက် ဘယ်လောက်ဟူ၍ သူတောင်းသည့် နှုန်းအတိုင်းပေးလျှင် လှောင်အိမ်ရှင်က စာကလေးတွေ နှိုက်ယူကာ လွှတ်မည့်သူလက်ထဲ ထည့်ပေးမည်။

သည်လို နေရာမျိုးရောက်လျှင် တချို့က ကြံကြိုက်တုန်း တစ်ကောင်နှစ်ကောင် လေးငါးဆယ်ကောင် ဝယ်၍ လွှတ်လိမ့်မည်။

စာကလေးရေ လွှတ်ရာကျွတ်ရာသွားပေတော့၊ နှင့်အသက် တစ်ခါလွှတ် ငါ့အသက် ဆယ်ခါလွှတ်။

တချို့ကျတော့လည်း သည်အလုပ်ကို အယုံအကြည်မရှိကြ။ သည်လို လွှတ်နိုင်းဖို့အတွက် တမင်တကာ ဖမ်းထားတာတွေပဲ၊ သူတို့ဆီက ဝယ်ပြီး လွှတ်ပေးခြင်းအားဖြင့် စာကလေးကို ကယ်ဆယ်ရာ မရောက်၊ သည်ပုံစံအတိုင်း ဆက်ဆက်ပြီး လုပ်စားဖြစ်အောင် အားပေးရာသာ ရောက်သည်ဟူ၍ မြင်တတ်သည်။ သတ္တဝါငယ်များကို သနားတတ်သော သူတွေ၏ ကရုဏာစိတ် အပေါ်မှာ လှည့်ဖြား စားသောက်ခြင်း ဖြစ်သည်ဟူ၍လည်း စွပ်စွဲချင်တတ်သည်။

ဖူးလဂမ်းမှာလည်း မူလက အဲသည်သဘောထားမျိုး ရှိခဲ့သည်ဟု ဆိုသည်။ သူက ကျွန်တော်တို့အနီးရှိ တိုင်းပြည်တစ်ခုမှာ ပုဂ္ဂိုလ်တစ်ဦး နှင့် တွေ့ရပြီးနောက် သူ့အယူအဆ ပြောင်းလဲသွားပုံကို ရေးသားထား သည်။

သူကအထက်တွင် ဖော်ပြခဲ့သည့် ငှက်ကလေးများ ဘေးမဲ့လွှတ်ရာ နေရာမျိုးတစ်ခုနား ရောက်သွားသည်။

ဘုရားကျောင်းအို တစ်ခုရှေ့မှာ မိန်းကလေးတစ်စု ငှက်လှောင်အိမ် ကလေးများနှင့် ထိုင်နေကြသည်။ ဖူးလဂမ်းက ဘုရားကျောင်းအနီးရှိ စားသောက်ဆိုင်မှာ ထိုင်ကာ ဆိုင်ရှင်နှင့် အာလာပသလ္လာပပြောရင်း ငှက်လွှတ်စားသည့် ကိစ္စကို ဝေဖန်စကားဆိုမိသည်။ သည်အခါ ဆိုင်ရှင်က၊ သူ့အယူအဆ လွဲမှားနေကြောင်း၊ တကယ့် အခြေအနေမှန်ကို မသိ၍သာ သည်လိုပြစ်တင် ဝေဖန်ခြင်းဖြစ်ကြောင်း ပြောဆိုပြီး၊ သူ့အား ဘုရားကျောင်းဆီ ခေါ်သွားသည်။

ဆိုင်ရှင်ခေါ်သွားသည်က ကျောင်းရှေ့မဟုတ်၊ ကျောင်းနောက်ဘက် ဖြစ်သည်။ ကျောင်းရှေ့က ကိစ္စမှာ ဧည့်သည်လည်း မြင်ပြီးသားဖြစ်၍ အထူးပြနေစရာမလိုတော့။ ကျောင်းနောက်ဘက် တစ်နေရာမှာ စားပွဲခုံတစ်လုံး ရှိသည်။ စားပွဲပေါ်မှာ ရေခွက်ရှိသည်။ လှောင်ချိုင့်

အလွတ်များရှိသည်။ လျှောင်ချိုင့်များကို တံခါးဖွင့်ထားပြီး အထဲမှာ အစာနည်းနည်းစီ ထည့်ထားသည်။

ကျောင်းရှေ့က လွှတ်လိုက်သော စာကလေးသည် ကျောင်းကြီးကို ပတ်၍ နောက်ဘက်သို့ ပျံသွားပြီး စားပွဲပေါ်က ရေခွက်မှာ ရေအရင်သောက်သည်။ ပြီးလျှင် လှောင်ချိုင့်တစ်ခုထဲဝင်ပြီး အစာစားသည်။ သည်အခါ၊ ကျောင်းနောက်ပိုင်းကိစ္စ တာဝန်ယူထားသော မိန်းကလေးက လှောင်ချိုင့်တံခါးကို အသာပိတ်လိုက်သည်။ ပြီး၊ အတန်ကြာတော့ လှောင်ချိုင့်ကို တောင်းကြီးကြီးတစ်လုံးထဲ ထည့်ကာ ရှေ့ဘက်ဆီသို့ သယ်ယူလာမည်ဖြစ်သည်။

သည်ဟာကိုပြပြီးနောက် စားသောက်ဆိုင်ရှင်က ဒါသည် လိမ်ညာတာ မဟုတ်ကြောင်း၊ လူမသိအောင် လျှို့ဝှက်ထားတာလည်း မဟုတ်ကြောင်း၊ ဘုရားကျောင်းမှာ တာဝန်ရှိသူ လူကြီးများအနေနှင့် မိမိတို့ကိုယ်တိုင် မလုပ်သော်လည်း သည်ကိစ္စသည် ဘုရားကျောင်း၏ အဆုံးအမနှင့် လိုက်လျောညီထွေရှိသဖြင့် ခွင့်ပြုထားခြင်း ဖြစ်ကြောင်း၊ သည်ကိစ္စတွင် အကျိုးဝင်နေသူအားလုံးပင် စိတ်ကောင်းစေတနာ ကောင်းနှင့် ပါဝင်နေကြခြင်းဖြစ်ကြောင်း၊ မိန်းကလေးများက ငှက်ကလေးများကို အစာရေစာကျွေးမွေး၍ ငှက်ကလေးများကလည်း ကုသိုလ်ယူလိုသူများအတွက် အဖမ်းခံ အလွှတ်ခံပေးကြောင်း၊ ကုသိုလ်ယူသူများလည်း မများလှသော အခကြေးငွေကလေးများ အားဖြင့် ကလေးများ၏ စားဝတ်နေရေးကို ကူညီဖြေရှင်းပေးကြောင်း၊ ထို့ကြောင့် ဒါသည် ဘယ်သူကမှ ဘယ်သူ့ကို လိမ်ညာ လှည့်ဖြားနေတာ မဟုတ်ဘဲ သုံးဦးသုံးဖလှယ် ပါဝင်ကာ ကိုယ်တတ် နိုင်သည့်အပိုင်းကို ကိုယ်ဖြည့်ဆည်း၍ ကိုယ်စီကိုယ်င အကျိုးခံစား နေရသည့် ညီညွတ်မျှတသော အစီအစဉ်လေးတစ်ခုသာ ဖြစ်ကြောင်း ရှင်းပြသည်။

သည်ဟာကို နားထောင်ပြီး ဖူးလဂမ်းက သူ့အမြင်တွေ လုံးဝ ပြောင်းလဲသွားသည်ဟု ဆိုပါသည်။

သည်အလုပ်မှာ ငှက်ကလေးတွေကို အကြမ်းပတမ်း ကိုင်တွယ်နေတာလည်း မတွေ့ရ၊ သူတို့ကို ဖမ်းပြီး သတ်စားတာမဟုတ်သဖြင့် မျိုးပြုတ်မှာလည်း ပူစရာမလို၊ ထို့ပြင် သူတို့တစ်တွေ လှောင်ချိုင့်ထဲ ဝင်လိုက်ထွက်လိုက် လုပ်နေပုံကို ကြည့်ကာ ဘဝသံသရာသဘောကို ဆင်ခြင်၍ တရား သံဝေယူမိနိုင်စရာပင် အကြောင်းရှိသည်ဟု သူမြင်သွားသည်။

တစ်နည်း ပြောရသော် စောစောက အလကား လိမ်ညာစားနေတာဟု သူမြင်ထားခဲ့သော အရာသည် ယခုတော့ သူတော်ကောင်းတို့ ချီးမွမ်းအပ်သောအရာ ဖြစ်သွားသည်။

* * *

သူရေးသားထားသည်များကို ဖတ်ရှုကာ သည်ပုဂ္ဂိုလ် သဘောထား ပြောင်းလဲတာ မြန်လှချေကလားဟု ကျွန်တော် တွေးမိသည်။

ကိုယ်မစဉ်းစားမိခဲ့သည့် ရှုထောင့်သစ်တစ်ခုမှ စဉ်းစားပြလိုက်တာနှင့်ပင် သဘောကျကာ အဲသည်ဘက်က အမြင်ကို အမှန်ဟု ထင်သွားလေသည်လား။

သူက စားသောက်ဆိုင်ရှင် အဓိပ္ပာယ်ဖွင့်သည့် နည်းတူပင် သည်ကိစ္စမှာ သုံးဦးလုံး သာတူညီမျှ လိုရာရသည်ဟု မြင်သွားသည်။ တစ်နည်းပြောလျှင် အားလုံး အနိုင်ရသည့်အနေအထား (win-win-win situation) ဆိုပါတော့။

အဲဒါဟုတ်ရဲ့လား။ အတင်းကြီးဆွဲယူသွားသလို ဖြစ်မနေဘူးလား။

စာရေးသူကတော့ ဒါသည် အဓိက အကျိုးခံစားရသူဘက်က ပေးသည့် ဆင်ခြင်ဆင်လက်ဟုသာ မြင်နေသည်။

ကုသိုလ်လိုချင်သည့်အတွက် လှောင်ချိုင့်ထဲမှ ငှက်ကလေးကို ငွေပေး၍ လွှတ်သူမှာတော့ သူ့ပီတိနှင့်သူ ရှိလိမ့်မည်။ သူ့အနေနှင့် အလိမ်အညာ ခံရသည်ဟု ခံစားမိစရာအကြောင်းလည်း မရှိ။ လှောင်ချိုင့်ထဲ ရောက်နေသည်ဆိုကတည်းက သူတို့ကို ဖမ်းလာခဲ့တာ၊ ဒါမှမဟုတ် ငှက်ဖမ်းသူထံမှ ဝယ်ပြီး ထည့်ထားသည်ဆိုတာ ရှင်းနေပြီးသားဖြစ်သည်။

သို့သော် ငှက်ကလေးတွေဘက်ကတော့ နည်းနည်းစဉ်းစားဖို့ လိုဦးမည်ထင်သည်။

သူတို့သည် ငှက်လွှတ်စားနေကြသူများနှင့် စီးပွားဖက်များ ဖြစ်သဖြင့် ကျောင်းနောက်ကလှောင်ချိုင့်ထဲ ပြေးဝင်ကြခြင်း ဖြစ်သည်ဟု အမှန်တကယ် ဆိုနိုင်ပါမည်လား။ ကျောင်းရှေ့က လှောင်ချိုင့်ထဲမှာ အစာငတ် ရေငတ်နေခဲ့ရသောကြောင့်သာ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရေရှိရာ (သည်နေရာမှာ ရေရှိသည်ဟု သူတို့သိအောင် တစ်နည်းတစ်ဖုံ သင်ထားခဲ့သည့်နေရာ) သို့ ပြေးလာခဲ့တာ မဖြစ်နိုင်ဘူးလား။ ရေသောက်ပြီးသည်နှင့် အစာ စားလိုဇောဖြင့် နီးရာ လှောင်ချိုင့်ထဲ အဝင်တွင် ပိတ်အဖမ်းခံရခြင်း ဖြစ်သည်ဟု မဆိုနိုင်ဘူးလား။ သူတို့သည် အသိဉာဏ်နုံ့နဲ့သော သတ္တဝါငယ်လေးများ ဖြစ်သဖြင့် သူတို့ထက် ဉာဏ်ကျယ်သော လူများထံတွင် အကြိမ်ကြိမ် အလီလီ အဖမ်းခံ၊ အလွှတ်ခံ နေရရှာတာ မဟုတ်ဘူးလား။ ကျောင်းနောက်ဘက်မှာသာ သည်လို အစာရယ်၊ ရေရယ်နှင့် ထောင် မထားဘူးဆိုလျှင် သူတို့တစ်တွေ တကယ် လွတ်မြောက်ပျံသန်းကာ သဘာဝ ပတ်ဝန်းကျင်ထဲမှာ ကိုယ့်အစာကိုယ့်ရေကို ကိုယ့်ဘာသာ ရှာဖွေစားသောက်နိုင်ကြမှာ မဟုတ်ဘူးလား။ ကမ္ဘာဦးကတည်းက

သူတို့တစ်တွေ သည်လိုပဲ သူတို့ဘာသာ လွတ်လပ်စွာ နေလာခဲ့ကြသည် မဟုတ်လား။

သည်ဟာကိုပင် ငှက်နှင့်လူတို့ အကျိုးတူစီးပွား လုပ်ကိုင်ခံစားနေကြသည့် လှပသော အစီအစဉ်ကလေးတစ်ခုပမာ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောသူကပြော၍ ကျေကျေနပ်နပ် လက်ခံ ယုံကြည်သူကလည်း ယုံကြည်နေချေသည်။

စာရေးသူကမူ သည်ကိစ္စမျိုးနှင့် ပတ်သက်၍ အခြေအနေမှန်ကို တကယ်သိလိုက ကာယကံရှင် ဘိုင်ဆင်များနှင့် စာကလေးများကိုလည်း မေးကြည့်ဖို့လိုမည်ဟု တွေးမိနေပါသည်။

## ၃။ တစ်လွဲတွေ ဆက်စပ် မှတ်သားထားမိတာ

သတင်းဆိုး သယ်ဆောင်လာသည့် စေတမန်အား ကွပ်မျက်လိုက်သည်ဆိုတာမျိုး ဖတ်ဖူးကြားဖူး ကြလိမ့်မည်။

အင်္ဂလိပ်ကတော့ 'Shooting the messenger', 'Killing the messenger' စသဖြင့် သုံးနည်း၏။

ရာဇဝင်ထဲက လာသော အသုံးအနှုန်း ဖြစ်သည်။

စစ်မြေပြင်၌ မိမိတို့ တပ်များ ရှုံးနိမ့်ပြီဆိုသော သတင်းကဲ့သို့ မိမိ မကြားချင်သော၊ စိုးရိမ်ထိတ်လန့်သော သတင်းမျိုးကို အပြေးအလွှား အမောတကော သယ်ဆောင်လာသော ခြေမြန်တော် စေတမန်အား သူ့ထံက သတင်းစကားကြားရပြီးနောက်တွင် မဆိုင်းမတွ သုတ်သင် ကွပ်မျက်ပစ်လိုက်သည့် အကြောင်း။

တကယ်တော့ စစ်ရှုံးတာသည် သတင်းပို့သူကြောင့် မဟုတ်။ ရှေ့တန်းမှာ စစ်ရှုံးနေပြီဆိုတာ ရှင်ဘုရင်သိအောင် အကြောင်းကြား

ခိုင်းသဖြင့် သူ့ခမျာ နေပြည်တော်အရောက် နေ့မအိပ်ညမအိပ် ပြေးလွှား သတင်းပို့ပေးရခြင်းသာ ဖြစ်၏။ သူ့မှာ ဘာအပြစ်မှ မရှိ။

သို့သော် သူသယ်ဆောင်လာသော သတင်းကြောင့် ရှင်ဘုရင် စိတ်ပြင်ငြင်ရ၊ ပူပန်ဆင်းရဲရသည်။ အထိတ်ထိတ် အပျာပျာ ဖြစ်ရသည်။ ထို့ကြောင့် ကွပ်မျက်သည်။

အမှုသွား အမှုလာအရ သူနှင့်ဘာမှမဆိုင်။ သို့သော် ဘုရင်ကတော့ မကောင်းသတင်းနှင့် သည်သတင်း သယ်ဆောင်လာသူကို တစ်တွဲတည်း မှတ်ယူလိုက်သည်။ မကောင်းသတင်းကို သူ မဖျောက်ဖျက်နိုင်။ သို့သော် သတင်း သယ်ဆောင်လာသူကိုကား ဖျောက်ပယ်ရှင်းလင်းနိုင်သည်။ ထို့ကြောင့် .....

ဥရောပ သမိုင်းတွင်

အာမေးနီးယန်းဘုရင် တိုက်ဂရိန်း(စ) (Tigranes) သည် ရောမဗိုလ်ချုပ် လူကူးလပ်(စ) (Lucullus)၏ တပ်ကြီး မိမိတို့ နယ်နိမိတ်ထဲ ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်ကြောင်း သတင်းလာပို့သည့် စေတမန်ကို ခေါင်းဖြတ်သတ်စေခဲ့သည်။

စပိန်မူးအာ (Spanish Moor) သမိုင်းတွင် ဘုရင် ဘိုအက်(ဘ)ဒီးလ် (Boabdil) သည် သူ၏မြို့တော် အယ်(လ)ဟာမာ ကျဆုံးကြောင်း သတင်းလွှာ ရရှိသည့်အခါ စာလွှာကို မီးရှို့ပြီး စာလွှာ သယ်ဆောင်လာသူအား ကွပ်မျက်သည်။ မြို့တော်ကျဆုံးလျှင် ထီးနန်းဆုံးရှုံးပြီ။ အဲခါဆိုလျှင် သူ၏ ရှင်ဘုရင်ဘဝလည်း နိဂုံးချုပ်ပြီ။ ဒါကို သူ့စိတ်က လက်မခံနိုင်။ ထို့ကြောင့် စာရော၊ စာယူလာသူ ကိုပါ အစဖျောက်ခြင်း ဖြစ်သည်။

သို့သော် သည်လိုလုပ်ရုံနှင့် ဘယ်မှာ ပျောက်ပျက်သွားမည်လဲ၊ သူဖျောက်ဖျက်တာတွေက အမှုကိစ္စနှင့် တကယ်တမ်း မသက်ဆိုင်

တာတွေ ဖြစ်သည်။

သို့သော် လူတွေသည် တကယ်မဆိုင်တာတွေကို ဆိုင်သယောင် တွဲမှတ်ထားတတ်သော သဘောသဘာဝရှိသည်။

အဲဒါမျိုးတွေ အများကြီး ရှိပါသည်။

စဉ်းစားခြင်းကိစ္စကို စူးစမ်းလေ့လာကြသူတို့ကတော့ ဒါကို လိုရာတွဲ ဆက်စပ်မှု သို့မဟုတ် အဆက်အစပ် ဘက်လိုက်မှု (association bias)ဟု ဆိုကြပါသည်။

မာရသွန်ပြေးပွဲမှာ တစ်ကြိမ်နှစ်ကြိမ် ဗိုလ်စွဲသူက နိုင်သည့်ပွဲများမှာ သူဝတ်မိခဲ့သည့် ဘောင်းဘီတိုကို ကံကောင်းသော ဘောင်းဘီဟု စိတ်စွဲကာ နောင်ပြိုင်ပွဲဝင်လျှင် သည်ဘောင်းဘီနှင့်မှ သူ့ကိုယ်သူ စိတ်ချပြီး၊ နောက်ထပ် ဘောင်းဘီအသစ် လဲမဝတ်ခြင်းမျိုးသည် မဆိုင်တာကိုစွဲပြီး အဆက်အစပ်ယူထားမိခြင်း တစ်မျိုးဖြစ်၏။

ယင်းနှင့်စပ်လျဉ်း၍ The Art of Thinking Clearly စာအုပ်တွင် စာရေးသူ ဒိုဘယ်လီ (Rolf Dobelli) က အလားတူ နမူနာ များပေး ထားပါသည်။

ဥပမာ၊ နှစ်စဉ်ကျန်းမာရေး စစ်ဆေးနေကျ လူတစ်ယောက်က ခါတိုင်း ဆေးစစ်လျှင် အားလုံးအကောင်းချည်း ဖြစ်သည်။ တစ်ကြိမ်မှာတော့ ဗိုက်ထဲ မအီမလည် ဖြစ်သဖြင့် ဆရာဝန် သွားပြရာ အူအတက် ရောင်ချင်သည် ဆိုသဖြင့် ခွဲစိတ်လိုက်ရသည်။ အဲသည်နေ့က နေအလွှန်ပူကာ လူက ချွေးတပြိုက်ပြိုက် ဖြစ်နေတာ သူအမှတ်ရသည်။ နောက်တစ်ကြိမ် သည်လိုပဲ၊ နေပူသည့် နေ့တစ်နေ့မှာ ဆရာဝန်သွားပြတော့ ဆီးကျိတ်ရောင်သည်ဆိုပြီး စစ်ဆေးမှုတွေ ဆက်လုပ်ရသည်။ ကံအားလျော်စွာ ကင်ဆာတော့မဟုတ်၊ ရိုးရိုး ရောင်ရမ်းတာ ဖြစ်သည်ဆိုသဖြင့် သူသက်သာရာ ရသည်။ သို့သော်

နေပူသော နေ့ကိုတော့ သူ့ခေါင်းထဲ ဖွဲ့သွားသည်။
နောင်တွင် ဆရာဝန် ချိန်းထားသောနေ့၌ နေပူလျှင် အကြောင်း တစ်စုံတစ်ရာပြကာ သူ ရက်ချိန်းရွှေ့တော့သည်။
သေသေချာချာ စဉ်းစားလျှင်တော့ ဒါတွေသည် မသက်ဆိုင်ဘူး၊ ချိတ်ဆက်ရမယ့် ကိစ္စတွေ မဟုတ်ဘူးဟု သဘောပေါက်နိုင်သည်။
သို့သော် လူ့ဦးနှောက်ဟူသည် ဟိုဟာ သည်ဟာတွေကို ချိတ်တွယ် ဆက်စပ်မှတ်သားတတ်သော ယန္တရားတစ်မျိုး ဖြစ်သည်ဟု ဒိုဘယ်လီက ဆိုသည်။ အထူးသဖြင့်ကား ဟိုဟာကြောင့် သည်ဟာ ဖြစ်တာ မဟုတ်သော်လည်း၊ ဟိုဟာနှင့်သည်ဟာသည် အကြောင်း ကြောင်းကြောင့် တစ်ပြိုင်တည်း ဖြစ်ပေါ်လျှင်ပင် သူတို့ နှစ်ခုသည် ဆက်စပ်နေပြီဟု မှတ်ယူတတ်ခြင်း ဖြစ်သည်။
သာဓက သူပြတာက ရုရှား ဇီဝကမ္မဗေဒ သိပ္ပံပညာရှင်ကြီး ပက်ဗလော့ဗ် (I.P. Pavlov) ၏ စမ်းသပ်တွေ့ရှိမှု ဖြစ်သည်။ ပက်ဗလော့ဗ်က ခွေးတွေ အစာကျွေးကာနီးမှာ ဘဲလ်တီးသည်။ ကြာတော့ ဘဲလ်နှင့်အစာကို တွဲဖက်မှတ်သားကာ ဘဲလ်တီးသံ သက်သက်နှင့်ပင် ခွေးတွေသွားရည်ကျတတ်လာသည်။ ပက်ဗလော့ဗ်က ဒါကို ကျင့်သားရ တုန့်ပြန်မှု (conditioned reflex) ဟု ခေါ်ပါသည်။
သည်လိုပဲ၊
ပူနေသော ဒန်အိုးအဖုံးပေါ်တွင် သွားထိုင်မိသည့် ကြောင်သည် နောင်တွင် ပူပူအေးအေး ဒန်အိုးအဖုံးဆိုလျှင် တက်မထိုင်ရဲ။
မီးပူအိုး ကိုင်မိပြီး အပူလောင်သွားဖူးသည့် ကလေးသည်လည်း မီးပူအိုးနား တော်တော်နှင့် မကပ်ရဲ။
ဒါတွေက တွဲဖက် မှတ်သားမိထားတာတွေ ဖြစ်သည်။
ကြောင်က အဲသည်တွဲဖက် အမှားကို တစ်သက်လုံးစွဲသွားနိုင်

သော်လည်း၊ ကလေးကတော့ နည်းနည်းကြီးလာသည့်အခါ မီးပူအိုး ဆိုတာ အမြဲပူတာ မဟုတ်ကြောင်း၊ ပူနေတုန်းဆိုလျှင်လည်း ဘယ်နေရာကို ကိုင်လျှင်တော့ ကိုင်၍ရကြောင်း သိသွားမည် ဖြစ်သည်။

သို့သော် အဲသည် တွဲဖက်ဆက်စပ်မှု အမှားတွေကို ဖျောက်ပယ် ရေးသည် ထင်သလောက်တော့ မလွယ်။ အထူးသဖြင့် မမေ့နိုင်စရာ အတွေ့အကြုံမျိုးနှင့် ဆက်စပ်မှတ်သား မိထားတာတွေသည် အကျိုး အကြောင်းကို ကောင်းကောင်းသိသည့်တိုင် ဖျောက်ပယ်ရခက်နေတတ် သည်။

ဥပမာတစ်ခု ပြပါမည်။

တစ်ခါတုန်းက ဂျော့ချ်ဖော်စတာ ဆိုသော ပုဂ္ဂိုလ်တစ်ယောက် ရှိသည်။

သူက အိမ်ပေါက်စေ့ တံခါးခေါက်ပြီး ဈေးရောင်းသော အရောင်း ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါသည်။

တစ်နေ့ အိမ်တစ်အိမ် သူရောက်သွားသည်။ အိမ်ထဲမှာ လူမရှိ တာ သူမသိ။ အိမ်ထဲက ဂက်(စ)မီးဖိုမှ ဓာတ်ငွေ့တွေ စိမ့်ထွက်ကာ တစ်အိမ်လုံး ပြန့်နှံ့နေတာ သူမသိ။ ထို့ပြင် အဲသည်အိမ်က လျှပ်စစ် လူခေါ်ခေါင်းလောင်းမှာလည်း ချို့ယွင်းချက် ရှိနေတာ သူမသိ။ သူကတော့ ထုံးစံအတိုင်း အိမ်ပြင်က ခလုတ်ကို သွားနှိပ်သည်။ အိမ်ထဲက ခေါင်းလောင်းမှာ မီးဖျတ်ကနဲ ပွင့်သွားသည်။ ဓာတ်ငွေ့ ကို မီးရှို့သလို ဖြစ်ကာ တစ်အိမ်လုံးပေါက်ကွဲသည်။ ခလုတ်နှိပ်တာ နှင့်ပေါက်ကွဲတာ တစ်ပြိုင်တည်း။

ကံကောင်းသဖြင့် ဖော်စတာ မသေ။ ဆေးရုံ ရောက်သွား သည်။ ပြန်ကောင်းလာသည်။ အလုပ်ဆင်းမည် ဆိုလျှင် ပြန်ဆင်း နိုင်ပြီ။

သို့သော် အိမ်တံခါးဝက လူခေါ်ဘဲလ်များကို သူမနှိပ်ရဲတော့။

အဲသည် အိမ်တစ်အိမ်မှာ ဖြစ်တာနဲ့ပဲ ဘဲလ်ဟူသမျှ မနှိပ်ရဲတော့ဘူးလား။ ဒီဘဲလ်တွေက အိမ်တိုင်းအိမ်တိုင်း သုံးတာပဲ။ နေ့တိုင်းနှိပ်နေကြတာပဲ။ ဘယ်သူမှ ဘာမှမဖြစ်ဘူး။ ဟိုဟာက၊ ဟိုဟာနဲ့ ဟိုဟာနဲ့ တိုက်ဆိုင်သွားတာ။ ဒါကိုချည်း ခေါင်းထဲစွဲထားလို့ ဘယ်ဖြစ်မလဲ။ အခြားသူများက အဲသလို ကျိုးကြောင်းပြသည်။ သူလည်း အဲသည် အကျိုးအကြောင်းများအတိုင်း စဉ်းစားတတ်သည်။ စဉ်းလည်းစဉ်းစားသည်။

သို့သော် အခြားသူတွေ မကြုံဘူးသည့် တုန်လှုပ်ချောက်ချားဖွယ် အတွေ့အကြုံ သူ့မှာ ရှိနေသည်။ ဘဲလ်နှိပ်ရုံနဲ့ တစ်အိမ်လုံး ပေါက်ကွဲသွားတာ။ အဲသည်တုန်းက ကံကောင်း၍ အသက်မသေတာ။

သူမနှိပ်ရဲ။

နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဘဲလ်တွေ သူမနှိပ်ရဲ။

စာဖတ်သူဆိုလျှင်ကော ဘယ်လိုနေမည်လဲ။

## ၄။ သိမ်းကျုံးပြောဆိုခြင်း၊ ခြုံငုံ သုံးသပ်ခြင်း၊ သိပ္ပံနည်းကျ စဉ်းစားခြင်း

ပုံပြင်တစ်ပုဒ် ရှိသည်။

အင်္ဂလိပ်၊ အိုင်းရစ်နှင့် စကော့လူမျိုးများအကြောင်း ပုံပြင်။ သည်လူမျိုးသုံးမျိုးလုံးပင် ဗြိတိသျှကျွန်းစုမှာ အတူ နေထိုင်ကြသည်။ ကျွန်းစု ဒေသသားများဖြစ်သဖြင့် ခရီးသွားလာသည့်အခါ ရေလမ်းခရီးကို အသုံးများကြသည်။

ပုံပြင်၌ ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်စဉ် ၎င်းလူမျိုးသုံးမျိုးက

အမှုအရာများကို ဖော်ပြထားသည်။

ပုံပြင်က၊ သဘော်ဆိုက်ခါနီးလျှင် အင်္ဂလိပ်က အင်္ကျီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆန့်သည်။ ကုတ်အင်္ကျီကို နေသားတကျ ဖြစ်အောင် ပြင်သည်။ ပြီးလျှင် ဆေးတံကို မီးညှိသည်။ ထို့နောက် ဖတ်လက်စ သတင်းစာကို ကောက်၍ ချိုင်းကြားညှပ်ကာ တုတ်ကောက်ကို ဟန်ပါပါ ထောက်လျက် ဆိပ်ကမ်း၌ မိမိအား ဆီးကြိုမည့်သူကို လှမ်းမျှော်ကြည့်သည်။ မိမိလူကို မြင်လျှင် လက်ဖေ့ယမ်းပြပြီးနောက်၊ ဆိပ်ခံတံတားသို့ သဘော်ကပ်သည်နှင့် တစ်ပြိုင်နက် လှမ်းတက်သွားရာ သူ၏ ခရီးဆောင်အိတ်က စောစောက သူ ထိုင်ခဲ့သည့် နေရာနားမှာ ငုတ်တုတ်ကလေး ကျန်ရစ်သည်။

အိုင်းရစ်တို့ကတော့ ခရီးသွားလျှင် တစ်ယောက်တည်း မဟုတ်ဘဲ မိသားစုနှင့်၊ သားတွေ မြေးတွေနှင့်၊ တစ်အုပ်တစ်မကြီးပါနေတတ်သည်။ များသောအားဖြင့် ဆွေမျိုးသားချင်းထံ အလည်အပတ်သွားခြင်း၊ အလည်သွားရာက ပြန်လာခြင်းများဖြစ်ရာ လက်ဆောင်ပစ္စည်းတွေ၊ ဝန်စည်စလယ် စုံစီနဖာတွေနှင့် ရှုပ်နေတတ်သည်။ အဲဒါကြောင့် သဘော်ဆိုက်လျှင် လူစုကွဲမသွားအောင် အော်ရ ဟစ်ရ စုစည်းရသည်။ ပစ္စည်းတွေ မေ့မကျန်အောင်လည်း နှိုးဆော်ရ၊ သတိပေးရ၊ ဂရုစိုက်ရသည်။ ယခုလည်း ထိုနည်းလည်းကောင်း။ အိုင်းရစ်တစ်သိုက် ဆိပ်ခံတံတားပေါ် ပစ္စည်းရောလူပါ ရောက်ဖို့ အချိန်အတော်ယူရသည်။

စကော့ကတော့ အေးအေးဆေးဆေး တစ်ယောက်တည်းသမား အစစ်။ သဘော်ပေါ်မှာ အဖော်မပါသလို ဆိပ်ကမ်းမှာ ကြိုဆိုမည့်သူလည်း မရှိ။ သူက အင်္ဂလိပ်လိုလည်း ရှေ့ဆုံးက ဆင်းမသွား၊ အိုင်းရစ်များလိုလည်း ဗျာမများ။ အားလုံး ရှင်းသွားပြီဆိုတော့မှ စောစောက အင်္ဂလိပ် မေ့ကျန်ခဲ့သည့် လက်ဆွဲအိတ်ကို အသာ

ကောက်ယူပြီး ဆင်းသွားသည်။

အဲသည်လို ဆိုပါသည်။

သည်ပုံပြင်ကို ဖတ်ပြီး ဘာသိရသနည်း၊ သို့မဟုတ် ပုံပြင်ဆရာက သည်ပုံပြင်အားဖြင့် ဘာတွေ ပြောသနည်း။

- အင်္ဂလိပ်တွေသည် ဟိတ်ဟန်များသည်၊ အလွန်ဂိုက်ထုတ်တတ်သည်၊ တစ်နည်းပြောသော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသူများ ဖြစ်သည်။
- အိုင်းရစ်များက တောသူတောင်သား လူရိုးများဖြစ်၍ လည်လည် ဝယ်ဝယ် မရှိကြ။
- စကော့များမှာ အလစ်သုတ်ရန် ချောင်းနေသည့် အကြံသမား လူဆိုးများ ဖြစ်ကြသည်။

အဲသည်လို ကောက်ချက်ချ၍ရသည်။

သည်ပုံပြင်မျိုးကို စကားဝိုင်းများတွင် ဟာသပုံပြင်များအဖြစ် ပြောလေ့ရှိရာ ရယ်ရယ်မောမော နားထောင်ရင်း အထက်က ကောက်ချက်မျိုးတွေ နားထောင်သူ ခေါင်းထဲ ဝင်ရောက်သွားတတ်သည်။

သို့သော် အဲသည် ကောက်ချက်တွေသည် မှန်ကန်ပါသလား။

ပုံပြင်ထဲကအတိုင်း အင်္ဂလိပ်တစ်ယောက်၊ အိုင်းရစ် မိသားစု တစ်စုနှင့် စကော့တစ်ယောက် ပါဝင်သည့် သင်္ဘောခရီးတစ်ခု အမှန်တကယ် ရှိကောင်းရှိခဲ့ပါလိမ့်မည်။ သို့သော် ထိုအဖြစ်အပျက်အား လူမျိုးသုံးမျိုး၏ စရိုက်လက္ခဏာများကို ကိုယ်စားပြုသည့် ပုံပြင် တစ်ပုဒ်အဖြစ် စီစဉ် ဖော်ပြသည့်အခါ ဂိုက်ထုတ်သော အင်္ဂလိပ် တစ်ယောက်ကို အကြောင်းပြု၍ အင်္ဂလိပ်တွေ ဂိုက်ထုတ်တတ်သည်၊ အိုင်းရစ်တစ်စုကို ကြည့်ကာ အိုင်းရစ်တွေ တောကျသည်၊ စကော့ အလစ်သမားတစ်ယောက် မြင်ကာမျှနှင့် စကော့လူမျိုး တွေ့လျှင် သတိထား၊ အလစ်သုတ်တတ်သည်ဟု သိမ်းကျုံး ပြောဆိုပစ်လိုက်သလို

ဖြစ်သွားသည်။

မစဥ်းမစား နားထောင်သူများ စိတ်မှာ အဲဒါတွေသည် အဲသည် လူမျိုးအသီးသီး၏ စရိုက်လက္ခဏာများဟု မှတ်ယူသွားနိုင်သည်။

ပြန်စဥ်းစားကြည့်ပါ။

အကယ်၍ နားထောင်သူသည် အင်္ဂလိပ်လူမျိုးဖြစ်သည် ဆိုပါစို့။ ပုံပြင်ထဲကအတိုင်း အမှန်ဟု သူ ဆိုမည်လား။ တို့အင်္ဂလိပ်တိုင်းလည်း အူကြောင်ကြောင်ကောင်တွေ မဟုတ်ပါဘူးကွာဟုသာ ဆိုဖို့ များသည်။ အကယ်၍ အိုင်းရစ်ဖြစ်ပါက မိမိတို့ကို တောသားတွေဟု အထင်သေး ရကောင်းလားဟု မကျေမနပ် ဖြစ်လိမ့်မည်။ ဘယ်လူမျိုးမှာကော တောသား မရှိသလဲ၊ ဘယ်လူမျိုးတွေကော အားလုံး မြို့မှာချည်း နေကြသလဲ။ ဘယ်လူမျိုးဖြစ်ဖြစ် မြို့မှာ နေရင် မြို့စရိုက်၊ တောမှာ နေရင် တောစရိုက် ရှိမှာပဲ မဟုတ်ဘူးလား။ သည်ပုံပြင်မှာ မိမိတို့ကို ရွေးပြီး တောသားလုပ်ထားတာကတော့ တမင်တကာ ခွဲခြား နှိပ်ကွပ်တာပဲ ဖြစ်သည် စသဖြင့် တုံ့ပြန် ပြောဆိုလိမ့်မည်။ သည်ပုံပြင် နားထောင်ပြီး စကော့လူမျိုးတွေ မည်မျှ ဒေါသထွက်မည် ဆိုတာ ကိုတော့ အထူး ပြောစရာ လိုမည် မထင်။ သူတို့ကို အလစ်သမားတွေ၊ သူခိုးတွေဟု စော်စော်ကားကား ပြောထားသည် မဟုတ်လား။

သို့သော် လူအများ စကားပြောဆိုကြသည့်အခါ အဲသည်လို ဝါးလုံး အညစ်အကြေး သုတ်ယမ်းတာမျိုး ရှိတတ်သည်။

နဂို အစွဲလေးကို အခြေခံကာ တစ်ဆိတ် တစ်အိတ် လုပ်ပြော တာမျိုး၊ တစ်ယောက် တွေ့ဖူးတာနှင့် အားလုံးသည်လိုပဲဟု ပြောတာ မျိုးတွေ နေရာတကာမှာ ကြားရတတ်သည်။

လူတစ်ယောက်က ပြောသည်၊ 'ခရိုက်ချန်းသားတွေ အားလုံး လူလိမ်တွေချည်းပဲ'တဲ့။ ဒါက စာထဲပေထဲမှာ ထင်ထင်ရှားရှားရှိသည့်

စကားတစ်ခုဖြစ်သည်။ [ခရိ (Crete) ကျွန်း ဆိုသည်က မြေထဲ ပင်လယ်တွင်း ဂရိကျွန်းဆွယ်အနီးရှိ ဂရိ (Greek) ကျွန်းတစ်ကျွန်း ဖြစ်သည်။]

နာမည်နှင့်တကွ ပြောချင်သဖြင့် စာထဲက ခရိကျွန်းကို ထည့်ပြောလိုက်ရသော်လည်း စင်စစ် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဟိုရွာသား သည်ရွာသား ဟိုအရပ်သား သည်အရပ်သားများကို လူအတွေ၊ လူနုံတွေ၊ လူလိမ်တွေအဖြစ် သိမ်းကျုံး ပြောဆိုပစ်လိုက်တာ မျိုးတွေ မကြာခဏ ကြားကြရသည်။

အဲသည်ရွာက ခားပြထွက်တဲ့ ရွာဗျ။

အဲသည် ရပ်ကွက်က 'ဘာ'တွေနေတဲ့ ရပ်ကွက်။

တစ်ယောက် နှစ်ယောက် ရှိတာ သို့မဟုတ် တချို့တလေ နေထိုင်ကြတာနှင့် အဲသည်လို သိမ်းကျုံး ပြောဆိုပစ်လိုက်တာ ဖြစ်သည်။

စင်စစ် အတွေ့အကြုံမှ သင်ခန်းစာထုတ်ယူတတ်ခြင်းသည် အသိဉာဏ်ရှိသော လူသား၏ လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ သည်လို သင်ခန်းစာများ အမှတ်သညာများအားဖြင့်ပင် လူသည် နောက်တွေ့ကြုံသည့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရစမြဲ ဖြစ်သည်။ သို့သော် မိမိ တွေ့မြင်မိတာလေးတစ်ခု နှစ်ခုကို အကြောင်းပြုကာ မတွေ့မမြင်မိသေးသည့် အမျိုးအစားတူ အရာများ အားလုံးကို သိမ်းကျုံးစုပေါင်းပြီး ကောက်ချက်ချလိုက်သည့်အခါ တလွဲတချော်တွေ၊ အလွန်အကျွံတွေ၊ တစ်ဖက်စောင်းနင်းတွေ ဖြစ်လာတတ်သည်။

စဉ်းစားတွေးခေါ်မှု ဘာသာရပ်၌မူ အထောက်အထားအချို့ကို အခြေခံကာ တူသော အရာအားလုံးအတွက် ခြုံငုံ ကောက်ချက်ချခြင်း မျိုးကို ယေဘုယျပြုခြင်း သို့မဟုတ် ပေါင်းခြုံခြင်း (generalization)

ဟု ခေါ်ပါသည်။ ယင်းသို့ ယေဘုယျပြုရာ၌ အခြေခံအဖြစ် ယူထားသည့် အထောက်အထားက အလွန်နည်းပါးပြီး ယင်းကို အလွန်အကျွံ ဆွဲဆန့်၍ ကောက်ချက်ချခြင်းမျိုးကိုမူ အဆောတလျင် ယေဘုယျပြုခြင်း (hasty generalization)ဟု သုံးနှုန်းလေ့ ရှိသည်။

ဥပမာ၊ မိန်းမတစ်ယောက် ကားမောင်းသွားပုံ နေရာမကျတာ ကြည့်ပြီး 'အဲဒါ မိန်းမ ကားမောင်းတာလေ၊ မိန်းမတွေ မောင်းရင် ဒီအတိုင်းချည်းပဲ၊ ဘယ်မိန်းမမှ ကားကောင်းကောင်း မမောင်းတတ်ဘူး' ဟု ကောက်ချက်ချခြင်းမျိုး။

နိုင်ငံရေးသမားတစ်ယောက် အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်ပုံအကြောင်း သူတစ်ပါး ပြောသည်ကို နားထောင်ကာ 'ဟ နိုင်ငံရေးသမားဆိုတာ လူလိမ်တွေချည်းပဲဟာ၊ ပြောတဲ့အတိုင်း ဘယ်လုပ်ပါ့မလဲ'ဟု မှတ်ချက်ချခြင်းမျိုးတွေသည် အဆောတလျင် ယေဘုယျပြုခြင်းများ ဖြစ်သည်။ ရိုးရိုးပြောသော် တစ်ယောက် နှစ်ယောက်ကို ကြည့်ကာ အားလုံးကို သိမ်းကျုံး ပြောပစ်လိုက်ခြင်း ဖြစ်သည်။

ဒါကြောင့်လည်း တချို့က သိမ်းကျုံး ပြောဆိုသော စကားတွေ အားလုံး မှားသည်ဟု ဆိုတတ်ကြခြင်း ဖြစ်သည်။

သို့သော် ပြန်စဉ်းစားတော့ အထက်က စကားသည်လည်း ခြုံငုံ သိမ်းကျုံး ပြောဆိုသော စကားပဲ မဟုတ်လား။ အဲဒါဆိုလျှင် သူကော မှန်နိုင်ပါ့မလား။

အလက်ဇန္ဒားချေ့စ် (Alexander Chase) ဆိုသော ပုဂ္ဂိုလ်ကတော့ အဲသည် စကားကိုပင် ပတ်ချာလည်သွားအောင် ယခုလို ပြောသည်။

All generalizations are false, including this one. (ခြုံငုံ

ပေါင်းရုံး ပြောဆိုသည့် စကား အားလုံး မှားသည်၊ အဲသည်အထဲမှာ အခု ပြောတာလည်း ပါသည်၊)တဲ့။

သူ့ထက် မှတ်သားစရာကောင်းသည့် စကားတစ်ခွန်းလည်း ရှိပါသေးသည်။ စောစောပိုင်းက ပြောခဲ့သည့် ခရိကျွန်းသားများနှင့် ပတ်သက်သည့် စကားပါပဲ။ သို့သော် စောစောက ပြောသည့်အခါ စကားတစ်ပိုင်း ကျန်ခဲ့သည်။ အဲသည်ပုဂ္ဂိုလ်ပြောခဲ့သည့် စကား အပြည့်အစုံက 'ခရိကျွန်းသားတွေ အားလုံး လူလိမ်ချည်းပဲ၊ ကျွန်တော် သိတာပေါ့၊ ကျွန်တော်လည်း ဒီကျွန်းသားပဲ' တဲ့။

သူ့စကား မယုံမှာစိုး၍ သူ့ကိုယ်သူ သက်သေထားပြီး ပြောသွားခြင်းဖြစ်သည်။ ခရိကျွန်းသားကိုယ်တိုင် ပြောတာဆိုတော့ ယုံကြပေတော့ပေါ့။

သို့သော် အဲဒါဆိုရင် သူလည်း လူလိမ်ဆိုတော့......၊ အဲဒါဆိုရင် ......။

●

ခြုံငုံ သုံးသပ်ချက် (generalization) များအကြောင်း အထက်တွင် နိဒါန်းချီခဲ့၏။

တစ်ခွန်းတစ်စ အတွေ့အကြုံကို အခြေခံကာ အားလုံး သည်အတိုင်းပဲဟု သိမ်းကျုံး ကောက်ချက်ချလျှင် လွဲနိုင်ကြောင်းလည်း ပြောခဲ့၏။

သို့သော် လူတို့ စဉ်းစားတွေးခေါ်ရာ၌ ခြုံငုံ သုံးသပ်ချက်များ မပါလျှင် မပြီးပေ။ မိမိ အတွေ့အကြုံကို သူတစ်ပါးအား ပြောပြသည့် အခါ မိမိ၏ သုံးသပ်ချက် မှတ်ချက်များပါ ထည့်သွင်း ပြောဆိုတတ်တာလည်း လူ့သဘာဝပင် ဖြစ်သည်။

တစ်ဖန် လူသည် အဆိုပါ ခြုံငုံ သုံးသပ်ချက်များမှ အသိဉာဏ်

အမြင်များ၊ အမှတ်သညာများ ရှိကာ ယင်းတို့အားဖြင့် ဘဝ ခရီး တစ်လျှောက် ဆက်လက် လှုပ်ရှား ဆောင်ရွက်တတ်သော သဘော လည်း ရှိပါသည်။

လူမျိုးတိုင်းမှာပင် စကားပုံများ၊ ဆိုရိုးစကားများ၊ ပညာရှိတို့၏ အဆိုအမိန့်များ စသည်တို့ ရှိကြရာ သည်ဟာတွေကို သေသေချာချာ ကြည့်လျှင် ဘဝအတွေ့အကြုံ သို့မဟုတ် ကိုယ်တွေ့များကို အခြေခံကာ ရှေးလူတို့ ချမှတ်ခဲ့သည့် ကောက်ချက် သို့မဟုတ် ခြုံငုံ သုံးသပ်ချက်များ ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်သည်။

အဲသည်စကားများသည် နောက်လူတို့အတွက် သတိပြုစရာ စဉ်းစား ဆင်ခြင်စရာများ၊ ဘဝလမ်းညွှန်များအဖြစ် အထောက်အကူ ပေးပါသည်။ ဥပမာ 'တစ်နေ့တစ်လံ ပုဂံ ဘယ်ရွှေ့မလဲ' စကားဖြင့် ကြိုးစားအားထုတ်ကာ အောင်မြင်မှုရကြသည်။ 'မုဆိုးနားနီး မုဆိုး တံငါနားနီးတံငါ' စကားကို အကြောင်းပြုကာ နီးစပ်ရာ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို ခံရတတ်သော လူ့သဘောကို နားလည်ရသည်။ ထို့ကြောင့်လည်း သည်စကားတွေကို ကျွန်တော်တို့ တန်ဖိုးထားကြခြင်း ဖြစ်သည်။

သို့သော် အဲသည်စကားတွေ ဘယ်အတိုင်းအတာထိ မှန်ကန်လေ့ ရှိပါသလဲ။ သူတို့မှာ ချွင်းချက်တွေ ရှိမည်ဆိုတာ စဉ်းစားကြည့်လျှင် သိနိုင်သည်။

ဆိုပါစို့၊ ပုဂံနှင့် အလံတစ်ရာ အကွာမှာ ရှိသူကတော့ သုံးလနှင့် ဆယ်ရက်ကြာလျှင် ပုဂံသို့ ရောက်လိမ့်မည်။ သို့သော် အလံ တစ်သိန်းကွာသော အရပ်မှာ နေသူအဖို့ကား ပုဂံ ဘယ်မှ ရွှေ့မသွား သော်လည်း တစ်နေ့တစ်လံနှုန်းဖြင့် ပုဂံ ရောက်နိုင်စရာ မရှိ။

သည်လိုပဲ မုဆိုး–တံငါ ကိစ္စမှာလည်း ပြောစရာရှိသည်။

မုဆိုးရွာ မုဆိုးမိသားစုထဲက ဆေးဆရာ ထွက်လာတာ မရှိနိုင်ဘူးလား တံငါသည် သားသမီးထဲက ဘုန်းကြီးရဟန်းဝတ်သွားသူကော မရှိနိုင်ဘူးလား။

တစ်ခါတလေကျတော့လည်း၊ ဥပမာ၊ မြန်မာဆိုရိုးစကားထဲတွင် ဣတ္ထိဝင်္ကံ နဒီဝင်္ကံ၊ မြစ်တို့သည် ကောက်ကွေ့သကဲ့သို့ မိန်းမတို့သည်လည်း ကောက်ကွေ့ကြကုန်၏ ဟူသော စကားတစ်ခုရှိသည်။ သည်စကားကိုကော ဘယ်လောက် လက်ခံကြမည်လဲ။

စဉ်းစား တွေးခေါ်မှု ပညာကတော့ သည်စကားမျိုးကို ဘက်လိုက်သော ယေဘုယျ ကောက်ချက် (biased generalization) ဟု ဆိုလိမ့်မည်။ မိန်းမများအပေါ် မကောင်းမြင်စိတ် အခံရှိသော သူက ကောက်ကွေ့သော မိန်းမအချို့ကို ကြည့်ကာ မိန်းမ အားလုံး အတွက် ချမှတ်လိုက်သည့် ကောက်ချက်မျိုးဟု ဆိုလိုခြင်း ဖြစ်သည်။

သည်လိုပဲ တိမ်းစောင်းသော အစွဲ (bias) များကို အခြေခံကာ ဆရာဝန်၊ ရှေ့နေ၊ နိုင်ငံရေးသမား၊ ကွန်မြူနစ်၊ အရင်းရှင်၊ ကွန်ဆာဗေးတစ်၊ လစ်ဘရယ် စသည် စသည်တို့နှင့် စပ်လျဉ်း၍ သိမ်းကျုံး ပြောဆိုပစ်လိုက်သော စကားတွေ အများကြီးရှိသည်။ အဲဒါတွေသည် ကိုယ်က ကာယကံရှင် မဟုတ်လျှင် နားထောင်၍ ကောင်းသလိုရှိသည်။ သို့သော် သည်ဟာတွေကို ရယ်စရာ သဘော နားထောင်ရင်း ဒီလူတွေကတော့ ဒီအတိုင်း ဟုတ်တာပါပဲလားဟု နားယောင်သွားနိုင်သည်။

ထို့ကြောင့် သိမ်းကျုံးပြောလိုက်သော ကောက်ချက်မျိုးကြားလျှင် လူတကာ သတိထား စဉ်းစားသင့်သည်။ မစဉ်းမစား နားထောင်လျှင် ရှုပ်ထွေးလာနိုင်သည်။ ခေါင်းထဲက အစွဲပေါင်းစုံတွေ ကိုယ့်ခေါင်းထဲ ဝင်စွဲလာနိုင်သည်။ ဆန့်ကျင် ... ပွဲတော၊ ရှေးအဆိုအမိန့်တွေမှာ တစ်ခုနှင့်တစ်ခု

နေကြတာတွေလည်း အများအပြား ရှိသည်။

ဥပမာ မြန်မာစကားပုံမှာ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' နှင့် 'သေချင်တဲ့ ကျား တောပြောင်း'။

အကျယ်မပြောတော့ပါ၊ စဉ်းစားကြည့်လျှင် အဲသည် စကား နှစ်ခုလုံးသည် တစ်စိတ်တစ်ပိုင်း တစ်ခါတစ်ရံမှန်၍ အခါခပ်သိမ်း မမှန်ကြောင်း သုံးသပ်မိလိမ့်မည်။

အလားတူ အင်္ဂလိပ်မှာလည်း ရှိ၊ မြန်မာမှာလည်း ရှိသည်။ ခွေးအိုမှ လက်ပေးသင် သို့မဟုတ် ခွေးအိုကြီး လက်ပေးသင် ဆိုသော စကား။

အသက်ကြီးမှ ပညာသင်ရင် တတ်မှာ မဟုတ်ဘူး၊ လုပ်မနေနဲ့ဟု တားမြစ်သော သဘောဖြစ်သည်။ သည်စကားကြောင့် နောက်ဆုတ် သွားသဖြင့် အကျိုးယုတ်ခဲ့သူတွေ အများကြီးရှိပါလိမ့်မည်။ သို့သော် နောက်မဆုတ်သူတစ်ယောက်တော့ ရှိသည်။ အဲသည်စကား အမြဲတမ်း မမှန်ကြောင်း သက်သေထူခဲ့သည့် ဆရာတော် ဦးကျည်ပွေ့။

အသက်ကြီးမှ စာသင်ချင်၍ ကုံကူဆံ အလှူခံသော ရဟန်းကြီးကို ဘုရင်နရသီဟပတေ့က 'ကျည်ပွေ့အတက်ပေါက်မှ စာတတ်တော့မည်' ဟု ပြက်ရယ်စကား ဆိုသည်။ စာတတ်ဖို့ မဖြစ်နိုင်ဟု ငြင်းပယ် လိုက်သော သဘော။

သို့သော် ရဟန်းကြီးက နောက်မဆုတ်၊ အပတ်တကုတ် လေ့လာ ဆည်းပူးပြီး ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်လာတော့ ဘုရင်ကို လာတွေ့သည်။ သစ်ခက်တွေ စည်းထားသည့် ကျည်ပွေ့တစ်ချောင်းကိုင်၍ နန်းတော်ထဲ ဝင်လာကာ 'ကျည်ပွေ့အတက်ပေါက်ပြီ'ဟု ရှင်ဘုရင်အား ပြန်ချေပ သည်။

သည်လိုနှင့် နောက်လူများကျတော့ ဆရာတော်ဦးကျည်ပွေ့ကို

သာဓကပြုကာ အသက်ကြီးမှ စာသင်လို့ မတတ်ဘူး မထင်နဲ့၊ 'ကျည်ပွေ့အတက်ပေါက်နိုင်သေးတယ်'ဟု ဆိုလာကြပြန်သည်။

ဆိုချင်သည်က ကိုယ်တွေ့များ၊ စာတွေ့များ၊ တစ်ဆင့်ကြား သာဓကများကို အခြေခံကာ သည်လို ခြုံငုံ သုံးသပ်သည့် စကားတွေ လူတို့ ပြောတတ်ကြသည် ဟူသော အချက်ဖြစ်သည်။

သို့သော် အဲသည် ခြုံငုံ သုံးသပ် စကားတစ်ခုသည် ဘယ်လောက် များပြားသည့် တွေ့ရှိမှုများပေါ်တွင် အခြေခံခဲ့သလဲ သတိပြုဖို့ လိုပါသည်။

စဉ်းစား၍ ကောင်းအောင် နမူနာတစ်ခု ထပ်ပြောချင်သည်။

ဆိုပါစို့၊ လူတစ်ယောက်က မန္တလေးမြို့သို့ အလည်သွားသည်။ တစ်ညအိပ် နှစ်ရက်လောက်နေသည့် အတောအတွင်း မိတ်ဆွေက ကျွေးသဖြင့် စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ ညစာစားသည့်အခါ ဟင်းလျာတွေက အရသာရှိတာ တွေ့ရသည်။ မနက်စောစော လက်ဖက်ရည်ဆိုင်ထိုင်တော့ နန်းကြီးသုပ်က အရသာရှိပြီး ပဲပလာ တာကလည်း စားချင့်စဖွယ် ရှိလှတာ သူ မြင်ရသည်။ နေ့လယ်စာကို မြန်မာထမင်းဆိုင်ကြီး တစ်ဆိုင်မှာ စားတော့ ဟင်းအမယ်တွေ စုံပြီး နှိုက်စားမိသမျှ ခံတွင်းတွေ့သဖြင့် သူ အလွန် သဘောကျသည်။ နေအိမ်ပြန်ရောက်၍ မိသားစုနှင့် တွေ့သည့်အခါ၊ မန္တလေးမှာ ဘယ်ဆိုင်သွားသွား အစားအသောက်တွေ သိပ်ကောင်း တာကွာ၊ မကောင်းတဲ့ဆိုင် တစ်ဆိုင်မှ မရှိဘူးဟု အားပါးတရ ပြောပြသည်။

မန္တလေးမှာ နှစ်ရက် မပြည့်တပြည့် နေပြီးနောက် စားသောက်ဆိုင် တွေ အားလုံး ကောင်းသည်ဟု သူ ကောက်ချက်ချခြင်း ဖြစ်သည်။ ဆိုင်သုံးဆိုင်ကို အခြေခံ၍ တစ်မြို့လုံးအတွက် ခြုံငုံ သုံးသပ်ချက်။ မန္တလေးမှ

သူ ပြောတာ အမှန်နှင့် ဘယ်လောက် နီးစပ်နိုင်သလဲ။ မန္တလေးမှ

လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်တွေ ရာချီ၍ ရှိလိမ့်မည်။ သုံးလေးဆိုင် ရောက်ဖူးရုံနှင့် ရာချီသော ဆိုင်တွေ အားလုံး ကောင်းသည်ဟု ဆိုနိုင်မည်လား။ အစားအသောက် ညံ့သဖြင့် လူကြိုက်နည်းကာ အရှုံးပေါ်ပြီး ပိတ်လိုက်ရသော ဆိုင်တွေ၊ မပိတ်သော်လည်း ခြောက်ကပ်ကပ်နှင့် ဖွင့်ထားရသော ဆိုင်တွေ မရှိနိုင်ဘူးလား။ ပြန်စဉ်းစားကြည့်လျှင် သူ့မိတ်ဆွေ ခေါ်သွားသည့် ဆိုင်က အစားအသောက်ကောင်းသည်ဟု မန္တလေးသားလောကမှာ ထင်ရှားသည့် နာမည်ကြီး ဆိုင်တစ်ဆိုင် ဖြစ်နိုင်သည်။ တက္ကစီသမား ပို့ပေးသဖြင့် သူ ရောက်သွားသည့် မြန်မာထမင်းဆိုင်သည်လည်း အလားတူ ထိပ်တန်း စာရင်းပေါက်သည့် ဆိုင်တစ်ဆိုင်ပဲ ဖြစ်နိုင်သည်။ မနက်အိပ်ရာထ သူ တည်းခိုသည့် နေရာနားမှာ စောစောစီးစီး လူစည်ကားနေတာ တွေ့သဖြင့် သူ ဝင်ထိုင်ခဲ့သည့် လက်ဖက်ရည် ဆိုင်သည်လည်း နာမည်ကောင်းရှိသဖြင့်ပင် လူအများ လာရောက် နေကြတာ ဖြစ်နိုင်သည်။

သို့သော် သည်လို စဉ်းစားပြီး သည်လူက ခဏလေးရောက်တုန်း ကံကောင်းလို့ ကောင်းတဲ့ ဆိုင်တွေချည်း ရောက်ခဲ့စားခဲ့ရတာ၊ တခြား ဆိုင်တွေ ကောင်းချင်မှ ကောင်းမှာပေါ့။ တော်ရိလျော်ရိတွေ အညံ့စားတွေလည်း အများကြီး ရှိမှာဟု ကောက်ချက်ချလျှင်မူ အခြောက်တိုက် သူ့ကို ဆန့်ကျင်ကာ အထောက်အထားမဲ့ ပြောခြင်း ဖြစ်သွားလိမ့်မည်။

အနည်းဆုံးတော့ သူက နှစ်ရက်လုံးလုံး ဆိုင်ကောင်းတွေချည်း ရောက်ခဲ့သည် မဟုတ်လား။

သို့သော် နှစ်ရက် အတွေ့အကြုံနှင့် မန္တလေးဆိုင် အားလုံးအတွက် ကောက်ချက်ချဖို့ဆိုတာ မိမိအတွေ့အကြုံသေးသေးလေးကို အလွန်

အမင်း ဆွဲဆန့်ဖြန့်ကြက်သလို ဖြစ်လိမ့်မည်။ အကယ်၍ နှစ်ပတ် နေခဲ့မည်၊ ဒါမှမဟုတ် နှစ်လနေခဲ့မည်၊ အဲသည် ကာလအတွင်း ဆိုင်မထပ်အောင် ပြောင်းစားခဲ့မည် ဆိုလျှင်တော့ သူ့အတွေ့အကြုံသည် ပို၍ ကြွယ်ဝပြည့်စုံသော အတွေ့အကြုံ ဖြစ်လိမ့်မည်။ ပြီး၊ အဲသည်လောက် တွေ့ကြုံပြီးနောက်တွင် သူ့မှတ်ချက်ကလည်း စောစောကနှင့် နည်းနည်း ကွဲလွဲကောင်း ကွဲလွဲသွားနိုင်သည်။ မန္တလေးမှာ ကျွန်တော် ရောက်ခဲ့သမျှ စားသောက်ဆိုင် အားလုံးနီးပါး ကောင်းတယ်ဗျ၊ သို့မဟုတ် မန္တလေးမှာ စားသောက်ဆိုင် အတော်များများ ကောင်းတယ်ဗျ၊ စသဖြင့်။

'အားလုံးနီးပါး' နှင့် 'အတော်များများ' တို့သည် 'အားလုံး' ကောင်းတယ်ဆိုသော စကားလောက် မပြတ်သား၊ ထင်းခနဲမပေါ်။ ကြားရသူ နားမစွဲသလို ပြောရသူလည်း အားရပါးရ မရှိ။

သို့သော် အမှန်နှင့်ကား ပို၍ နီးစပ်သည်။

ထို့ကြောင့် ပြန်ချုပ်ရသော် ယေဘုယျ ကောက်ချက်ဟူသည် တွေ့ကြုံဖူးသည့် အရာအချို့ကိုကြည့်ကာ မတွေ့ကြုံသေးသည့် အရာများစွာ အပါအဝင် အမျိုးအစားတူ အရာအားလုံးအတွက် ကောက်ချက်ချခြင်းဖြစ်ရာ အလွန်နည်းသော အတွေ့အကြုံဖြင့် အလျင်စလို ကောက်ချက်ချသော် လွဲချော်ဖို့ များသည်၊ ကျယ်ပြန့်များပြားသော အတွေ့အကြုံတွင် အခြေခံမှသာ အမှန်နှင့် နီးစပ်လိမ့်မည် ဟု ဆိုနိုင်သည်။

လူတို့သည် ကနဦး အတွေ့အကြုံတွင် အခြေခံသည့် အဆိုပါ ယေဘုယျ ကောက်ချက်များကို လမ်းညွှန်အဖြစ် ယူကာ လှုပ်ရှားဆောင်ရွက်လေ့ ရှိသည်ဖြစ်ရာ၊ ဆောင်ရွက်မှုများ နီးစပ်မှန်ကန်လိုပါက မိမိတို့ ကိုင်စွဲသည့် ယေဘုယျ ကောက်ချက်များသည်လည်း

ကျယ်ဝန်းသော အတွေ့အကြုံတွင် အခြေခံသည့် အားကိုးလောက်သော ကောက်ချက် (dependable generalization) များဖြစ်ဖို့ လိုကြောင်း တင်ပြလိုပါသည်။

ယခုဆက်၍ မှန်ကန်သော ယေဘုယျ ကောက်ချက်များ ချမှတ်နိုင်ရန် စနစ်တကျအားထုတ်သည့် သိပ္ပံနည်းကျ စဉ်းစားနည်း (scientific method) ၏ သဘောကို ပြောချင်သည်။

**မျက်လုံးပြာနှင့် ကြောင်ဖြူတွေ**
**နားလေးသည့်ကိစ္စ၊**
**သိုး၊ ဆိတ်၊ နွားတွေ**
**အသားမစားသည့်ကိစ္စ၊**

စင်စစ် သိပ္ပံသမားသည်လည်း ပတ်ဝန်းကျင်ရှိ မိမိတွေ့မြင်သည့် အရာများထဲမှ တူညီသော အခြင်းအရာ၊ ဆက်စပ်ပတ်သက်သော အကြောင်းအရာတို့အား စဉ်းစားဆင်ခြင်ကာ ယေဘုယျကောက်ချက် သို့မဟုတ် ခြုံငုံသုံးသပ်ချက်များ ချမှတ်မြဲသာ ဖြစ်သည်။

သို့သော် အများသူငါထက် ထူးခြားသည်က သူ၏ကောက်ချက်များကို သက်သေအထောက်အထား သို့မဟုတ် တွေ့ရှိမှု အများအပြားပေါ်တွင်သာ အခြေခံ၍ ချမှတ်လေ့ရှိခြင်း ဖြစ်သည်။

ဥပမာ– အီဖော်လူးရှင်း သီအိုရီဖြင့် ထင်ရှားသည့် သိပ္ပံပညာရှင်ကြီး ချားလ်(စ)ဒါဝင်က သုတေသနလေ့လာ၍ တွေ့မြင်သိရှိရသမျှ အထောက်အထားများအရ 'အပြာရောင်မျက်လုံးရှိသော ကြောင်ဖြူများ အားလုံး နားလေးကြသည်' ဟု ဆိုသည်။

အလားတူ ပြင်သစ် သဘာဝဗေဒ ပညာရှင်ကြီး ကူဗီယေး (Georges Cuvier 1769-1832) ကလည်း လေ့လာတွေ့ရှိရသမျှ

အထောက်အထားများ အပေါ် အခြေခံကာ 'ဦးချိုနှင့်ခွာရှိသော တိရစ္ဆာန်များအားလုံး အသားမစားကြ' ဟု ဆိုသည်။

ဒါဝင်သည် အဖြူရောင် အမွေးနှင့် မျက်လုံးပြာများရှိသည့် နားမကြားသော ကြောင်တစ်ကောင် စ၍ တွေ့ဖူးပါလိမ့်မည်။ ထို့နောက်တွင် အလားတူကြောင်တစ်ကောင် ထပ်တွေ့သည့်အခါ သူစိတ်ဝင်စားသွားလိမ့်မည်။ ထို့ကြောင့် နောက်တွင် ကြောင်ဖြူများ တွေ့သည့်အခါတိုင်း မျက်လုံးပြာသလား ကြည့်မည်။ အမွေးလည်း ဖြူသည်၊ မျက်လုံးလည်းပြာသည်ဆိုလျှင် နားကြားမကြား စူးစမ်း ကြည့်မည်။ သည်လိုကြောင်မျိုး သုံးလေးကောင်တွေ့ပြီဆိုလျှင်တော့ သည်ကိစ္စသည် သူ့အတွက် ဆက်လက် စူးစမ်းလေ့လာစရာ ဖြစ်သွားပြီ။

ဘယ်သူဘယ်ဝါမှာ မျက်လုံးပြာနှင့် ကြောင်ဖြူရှိသလဲ စုံစမ်းမည်။ နားကြားမကြား မေးမြန်းမည်။

သူမွေးထားသော သို့မဟုတ် တခြားလူ မွေးထားသော ကြောင်မကြီးတစ်ကောင်မှ ကြောင်ကလေးတွေ ပေါက်ရာတွင် မျက်လုံးပြာနှင့် ကြောင်ဖြူကလေးတစ်ကောင် ပါလာမည်ဆိုလျှင် ယူထားပြီး စောင့်ကြည့်မည်။ နားကြားသလား။ မကြားဘူးလား။

သည့်နောက်မှာ တို့အင်္ဂလန်က ကြောင်တွေချည်း သည်လို ဖြစ်သလား၊ ပြင်သစ်က ကြောင်၊ ဂျာမနီက ကြောင်၊ အာဖရိကက ကြောင်၊ အမေရိကားက ကြောင်၊ အာရှက ကြောင်တွေမှာကော ဘယ်လိုလဲ။

တစ်ခါ အိမ်မွေးကြောင်တွေထဲမှာပဲ ကြောင်မျိုးကွဲတွေ အများကြီး ရှိသည်။ အဲသည် အမျိုးအစား အသီးအသီးမှာကော ဘယ်လိုလဲ။

သူကိုယ်တိုင် တွေ့ရှိသမျှနှင့် အကျယ်အပြန့် စုံစမ်းမေးမြန်း၍

အထောက်အထားများ အပေါ် အခြေခံကာ 'ဦးချိုနှင့်ခွာရှိသော တိရစ္ဆာန်များအားလုံး အသားမစားကြ' ဟု ဆိုသည်။

ဒါဝင်သည် အဖြူရောင် အမွေးနှင့် မျက်လုံးပြာများရှိသည့် နားမကြားသော ကြောင်တစ်ကောင် စ၍ တွေ့ဖူးပါလိမ့်မည်။ ထို့နောက်တွင် အလားတူကြောင်တစ်ကောင် ထပ်တွေ့သည့်အခါ သူစိတ်ဝင်စားသွားလိမ့်မည်။ ထို့ကြောင့် နောက်တွင် ကြောင်ဖြူများ တွေ့သည့်အခါတိုင်း မျက်လုံးပြာသလား ကြည့်မည်။ အမွေးလည်း ဖြူသည်၊ မျက်လုံးလည်းပြာသည်ဆိုလျှင် နားကြားမကြား စူးစမ်းကြည့်မည်။ သည်လိုကြောင်မျိုး သုံးလေးကောင်တွေ့ပြီဆိုလျှင်တော့ သည်ကိစ္စသည် သူ့အတွက် ဆက်လက် စူးစမ်းလေ့လာစရာ ဖြစ်သွားပြီ။

ဘယ်သူဘယ်ဝါမှာ မျက်လုံးပြာနှင့် ကြောင်ဖြူရှိသလဲ စုံစမ်းမည်။ နားကြားမကြား မေးမြန်းမည်။

သူမွေးထားသော သို့မဟုတ် တခြားလူ မွေးထားသော ကြောင်မကြီးတစ်ကောင်မှ ကြောင်ကလေးတွေ ပေါက်ရာတွင် မျက်လုံးပြာနှင့် ကြောင်ဖြူကလေးတစ်ကောင် ပါလာမည်ဆိုလျှင် ယူထားပြီး စောင့်ကြည့်မည်။ နားကြားသလား။ မကြားဘူးလား။

သည့်နောက်မှာ တို့အင်္ဂလန်က ကြောင်တွေချည်း သည်လို ဖြစ်သလား၊ ပြင်သစ်က ကြောင်၊ ဂျာမနီက ကြောင်၊ အာဖရိကက ကြောင်၊ အမေရိကားက ကြောင်၊ အာရှက ကြောင်တွေမှာကော ဘယ်လိုလဲ။

တစ်ခါ အိမ်မွေးကြောင်တွေထဲမှာပဲ ကြောင်မျိုးကွဲတွေ အများကြီး ရှိသည်။ အဲသည် အမျိုးအစား အသီးအသီးမှာကော ဘယ်လိုလဲ။

သူကိုယ်တိုင် တွေ့ရှိသမျှနှင့် အကျယ်အပြန့် စုံစမ်းမေးမြန်း၍

ရသမျှတွင် မျက်လုံးပြာနှင့် ကြောင်ဖြူများထဲမှာ နားကြားသောကြောင် တစ်ကောင် တစ်မြီးမှ မပါသည့်အခါ 'မျက်လုံးပြာနှင့် ကြောင်ဖြူတွေ နားမကြားကြ' ဟူသော ကောက်ချက်ကို သူချသည်။

အဲဒါ သူ့တွေ့ရှိချက်ပေါ်တွင် အခြေခံ၍ သူကောက်ချက်ချလိုက်တာ ဖြစ်သည်။

သို့သော် ဘာကြောင့် သည်ကောင်တွေ နားမကြားကြသလဲ ဆိုတာတော့ သူမသိသေး။

နောက်တစ်ချက် ရှိသေးသည်။

တစ်စုံတစ်ယောက်က သူနှင့်ဆက်သွယ်ကာ ကျုပ်ဆီမှာ မျက်လုံးပြာနှင့် ကြောင်ဖြူတစ်ကောင် ရှိတယ်။ နားက နည်းနည်းမှတောင် မလေးဘူးဗျ။ ပါးလိုက်တာ လှစ်ခနဲနေတာပဲဟု အကြောင်းကြားလာလျှင် သူခက်ပြီ။ နီးနီးနားနားကဆိုလျှင် အပြေးအလွှား သွားကြည့်ရမည်။ ဝေးဝေးလံလံ ဂျပန်က၊ ရုရှားကဆိုလျှင် အဲသည် အရပ်ဒေသက ယုံကြည်အားထားလောက်သည့် သိပ္ပံပညာရှင် တစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့ကို သူ့ကိုယ်စား ကြည့်ခိုင်း ရလိမ့်မည်။ သို့မဟုတ် ပိုသေချာအောင်ဆိုလျှင်တော့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရတော့မည်။

ကြောင်တစ်ကောင် နားကြားမကြား စိစစ်ဖို့။

တကယ် နားကြားသည်ဆိုလျှင် သူ့ဧရာမကောက်ချက်ကြီး ပျက်ပြယ်ပြီ။ တကယ်စမ်းကြည့်လို့ မကြားဘူးဆိုလျှင် တော်ပါသေးရဲ့ ပေါ့။

အဲဒါ ကိုယ့်ကောက်ချက်တစ်ခု သေချာဖို့အတွက် သိပ္ပံသမားတို့ လုပ်တတ်သည့်သဘောကို ပြောခြင်းဖြစ်သည်။

ဒါကိုကြည့်လျှင် သဘာဝဗေဒပညာရှင်ကြီး ကူဗီယေးသည်လည်း

ဦးချိုနှင့်ခွာရှိသော တိရစ္ဆာန်များအားလုံး အသားမစားကြဟူသော ကောက်ချက်ကို တင်ပြနိုင်ရန်အတွက် မည်ရွေ့မည်မျှ သုတေသနပြုခဲ့လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းနိုင်မည် ဖြစ်သည်။

## သိပ္ပံသမား စဉ်းစားပုံ

သိပ္ပံသမားသည် အမှန်ကို သိလို၍ လိုက်ရှာနေသူဖြစ်သည်။ မိမိကနဦး တွေ့ရှိထုတ်ယူထားသည့် ကောက်ချက်နှင့် ကွဲလွဲသော အထောက်အထားတွေ နောက်တော့မှ တွေ့ရှိလာရလျှင် ကနဦးကောက်ချက်ကို စွန့်လွှတ်ဖို့ ဝန်မလေးပေ။

ဥပမာ– ဒါဝင်အား လူတစ်ယောက်က နားကြားသော မျက်လုံးပြာနှင့် ကြောင်ဖြူတစ်ကောင် တကယ်ယူလာပြသည် ဆိုပါစို့။

မျက်လုံးပြာနှင့် ကြောင်ဖြူတွေ နားမကြားဟူသော သူ့အဆိုကို ရုပ်သိမ်းကာ ရှားရှားပါးပါး နားကြားတဲ့ အကောင်တစ်ကောင် မကြာခင်က ကျွန်တော်တွေ့ရတယ်ဗျာဟု သူဆိုလိမ့်မည်။

ဒါဝင်လို သိပ္ပံသမားတို့၏ စဉ်းစားနည်း သို့မဟုတ် အမှန်ကို ရအောင် ရှာဖွေပုံနည်းစဉ်ကို အကျဉ်းချုပ် ပြောရလျှင်၊

(၁) သိပ္ပံသမားသည် ပတ်ဝန်းကျင်၌ သူ့တွေ့မြင်သည်များထဲမှ ထူးခြားသော သို့မဟုတ် သူစိတ်ဝင်စားနေသော အခြင်းအရာတစ်ခုကို သေချာစွာ မှတ်သားသည်။

(၂) အမျိုးအစားတူ အရာများ သို့မဟုတ် တူညီသော ဖြစ်စဉ်များ ထပ်တလဲလဲ တွေ့ကြုံရပြီး ခြွင်းချက် တစ်စုံတစ်ရာမျှ မတွေ့ရသည့်အခါ သည်အရာမျိုးကား အမြဲ သည်အတိုင်းဖြစ်၏ဟူသော ယေဘုယျ ကောက်ချက် သို့မဟုတ် တွေးဆချက် (hypothesis) တစ်ရပ် သူ့ခေါင်းထဲတွင် ပေါ်ပေါက်လာသည်။ သို့မဟုတ် သူစဉ်းစား

ချမှတ်မိသည်။

(၃) ထိုနောက် ထိုတွေးဆချက်တွင် အခြေခံကာ ကြိုတင် ဟောကိန်းထုတ်ခြင်း သို့မဟုတ် တင်ကူးပြောဆိုခြင်း (prediction) များ သူပြုလုပ်လာသည်။ ဥပမာ ဒါဝင်အဖို့ဆိုလျှင် မျက်လုံးပြာနှင့် ကြောင်ဖြူတစ်ကောင် တွေ့သည်နှင့် သည်ကောင်နားကြားမှာ မဟုတ်ဘူးဟု ကြိုတင် ဟောကိန်းထုတ်မည့်သဘော ဖြစ်သည်။

(၄) သို့သော် သိပ္ပံသမားသည် သူ့တွေးဆချက်ကို ပြီးပြည့်စုံသည် ဟု မူသေစွဲမှတ်လေ့မရှိ။ နောက်ထပ် စူးစမ်းလေ့လာမှုများအားဖြင့် မိမိတွေးဆချက် သို့မဟုတ် တင်ကူးပြောဆိုချက်များ မှန်မမှန် အကဲခတ်သည်။ လိုအပ်လျှင် သို့မဟုတ် လက်တွေ့စမ်းသပ်မှု ပြုလုပ်နိုင်သည့် အရာမျိုးဆိုလျှင် လက်တွေ့ စမ်းသပ်သော နည်းဖြင့် မိမိတွေးဆချက် မှန်မမှန် စစ်ဆေးကြည့်ဦးမည်။

(၅) အဆင့် (၃) နှင့် အဆင့် (၄) ဖြစ်သည့် ကြိုတင် ဟောကိန်း ထုတ်ခြင်းနှင့် ဆက်လက် စူးစမ်းလေ့လာခြင်း၊ လက်တွေ့စမ်းသပ်ခြင်း တို့ကို အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်သည့်တိုင် ခြွင်းချက်အနေအထား သို့မဟုတ် မူလတွေးဆချက်နှင့် ကွဲလွဲသော အရာများ စမ်းသပ်ချက် ရလဒ်များ လုံးဝမတွေ့ရှိရပါက မူလတွေးဆချက်ကို သီအိုရီ (theory) တစ်ရပ်အဖြစ် အဆင့်တိုးမြှင့် လက်ခံမည် ဖြစ်သည်။

ထို သီအိုရီများသည် လက်တွေ့အတွက် လမ်းညွှန်ချက်များအဖြစ် အသုံးဝင်သည်။ ဖြစ်စဉ်ဖြစ်ရပ်တစ်ခု ဘာကြောင့် ဖြစ်ရသည်ကို သီအိုရီက ရှင်းပြနိုင်သည်။ ဥပမာ၊ နွေခေါင်ခေါင် မိုးဆက်တိုက် ရွာသွန်းခြင်းသည် အဘယ်ကြောင့် ဖြစ်ကြောင်း မိုးလေဝသပညာရှင်က ၎င်းနားလည် သိရှိထားသော သီအိုရီများကို ကိုင်စွဲကာ ရှင်းလင်း ပြောဆိုလိမ့်မည်။ အလားတူ တိုင်းပြည်တစ်ပြည် စီးပွားရေး ကျဆင်း

ရခြင်း အကြောင်းရင်းများကို စီးပွားရေး ပညာရှင်က သူလေ့ကျက်ကျွမ်းကျင်သည့် စီးပွားရေး ပညာဆိုင်ရာ သီအိုရီများကို အခြေခံ၍ ဆစ်ပိုင်းဝေဖန် ပြောဆိုလိမ့်မည်။

မိုးလေဝသ ပညာရှင်သည် ဖြစ်စဉ်ကို ရှင်းပြရုံမက နောက်ထပ်ဖြစ်ပေါ်မည့် မိုးလေဝသ အခြေအနေများကိုပါ တင်ကူးပြောဆိုကာ ယင်းအတွက် စိုက်ပျိုးရေးသမား သို့မဟုတ် ပြည်သူအများ မည်သို့ပြင်ဆင်ထားသင့်ကြောင်း အကြံဉာဏ်ပေးနိုင်သကဲ့သို့ စီးပွားရေးပညာရှင်ကလည်း သည်အတိုင်းသွားလျှင် စီးပွားရေးသည် မည်မျှအထိ ဆိုးရွားသွားနိုင်ကြောင်း ဟောကိန်းထုတ်ကာ ပြန်လည်တိုးတက်အောင် လုပ်ဆောင်ရန်အတွက် နည်းလမ်းအကြံဉာဏ်များ ပေးလိမ့်မည်။

မိုးလေဝသ ပညာရှင်ရော၊ စီးပွားရေး ပညာရှင်ပါ ၎င်းတို့ဘာသာရပ်အသီးသီးရှိ ပညာရှင် အဆက်ဆက်တို့ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ ပေါ်ထွက်လာသည့် သီအိုရီများကို လက်တွေ့ ကိစ္စရပ်များ၌ အသုံးချခြင်းဖြစ်သည်။ အလားတူ ရူပဗေဒပညာရှင်၊ ဆေးပညာရှင်၊ စိတ်ပညာရှင်၊ မနုဿဗေဒ ပညာရှင် စသည်တို့လည်း ထိုနည်းလည်းကောင်းပင် မူလလက်ခံထားပြီးဖြစ်သည့် သီအိုရီများအားကိုးဖြင့် အလုပ်လုပ်ကြမြဲ ဖြစ်သည်။

သည်တွင် သိပ္ပံ၏ ထူးခြားချက် တစ်ရပ်က အစွဲ (prejudice) မထားခြင်း ဖြစ်သည်။

သိပ္ပံသမားသည် သီအိုရီတစ်ခုအား သက်ဆိုင်ရာ လက်တွေ့များနှင့် အံဝင်ခွင်ကျ ဖြစ်နေသရွေ့ ကာလပတ်လုံးသာ လက်ခံသည်။ ၎င်းအတိုင်း လိုက်နာကျင့်သုံးသည်။ သို့သော် ခြွင်းချက်များ တွေ့လာပြီး သီအိုရီနှင့် မညီညွတ်သော လက်တွေ့များ ရှိလာပြီဆိုလျှင်

သည့်သီအိုရီကို ဆက်လက် ကိုင်စွဲသင့်မသင့် စဉ်းစားလာပြီ။ ခြွင်းချက်တွေ များလာပြီဆိုလျှင်တော့ ယင်းတို့တွင် အခြေခံကာ တွေးဆချက် (hypothesis) အသစ်တွေ ထုတ်လာရတော့မည်။ အဲသည်က ဆက်ကာ သည်ကိစ္စနှင့် စပ်လျဉ်း၍ ခြွင်းချက်မရှိ အထောက်အထား အရပ်ရပ်နှင့် ညီညွတ်သည့် သီအိုရီသစ် ထွက်ပေါ်မည်။

ထို့နောက် အဲသည် သီအိုရီသစ်ကို ကိုင်တွယ်သုံးစွဲမည်။

သုံးစွဲရင်းပင် အထက်ကအတိုင်း လက်တွေ့များနှင့် တိုက်ဆိုင်စစ်ဆေးမည်။

ခြွင်းချက်တွေ တွေ့လာလျှင် ပယ်မည်။ သီအိုရီအသစ် ရှာမည်။

သိပ္ပံသည် အမှန်တရားအတွက် အမြဲလမ်းဖွင့်ထားသည် ဟူသော သဘောပေတည်း။

# အခန်း (၆)
# စဉ်းစားခြင်းဆိုင်ရာ နည်းနာများ

ဤအခန်းတွင်၊

စဉ်းစား ဆင်ခြင်ကြရာ၌ အတိုင်းအတာ အချိန်အဆရှိရန်နှင့်၊ ဉာဏ်အမြော်အမြင် ပြည့်ဝသော စဉ်းစားမှုတစ်ခု ဖြစ်ရန်အတွက် လိုအပ်ချက်များကို လည်းကောင်း၊ လက်တွေ့ပြဿနာများအတွက် အဖြေရှာရာ၌ အသုံးပြုကြသည့် နည်းနာအချို့ကို လည်းကောင်း တင်ပြထားပါသည်။

## ၁။ သစ်တောနှင့် သစ်ပင်၊ ပုံကားချပ်ကြီးနှင့် အသေးစိတ်၊ ဦးနှောက်လက်ယာခြမ်းနှင့် ဦးနှောက်လက်ဝဲခြမ်း

လူတွေစဉ်းစားရာ၌ ဦးနှောက်ကို အသုံးပြုရကြောင်း အားလုံးသိရှိ လက်ခံထားကြပြီး ဖြစ်၏။

သို့သော် ဦးနှောက်၏ ဘယ်အစိတ်အပိုင်းက ဘယ်လို အလုပ်လုပ်၍၊ စဉ်းစားရာမှာ ဘယ်သို့ အထောက်အကူပြုကြောင်း စသည်တို့ကိုကား သာမန်အားဖြင့် မသိကြ။

ဦးနှောက်ဗေဒ သမားများကတော့ စဉ်းစားသည့်ကိစ္စအတွက် ဦးနှောက်သုံးရာ၌ လူတစ်ယောက်နှင့်တစ်ယောက် သုံးစွဲပုံချင်း မတူဟု ဆိုသည်။

၎င်းတို့က အဓိကအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားပြောဆိုလေ့ရှိကြသည်။ တစ်မျိုးက လက်ယာဦးနှောက်ခြမ်းကို အသုံးပြုရန် အားသန်သူများဖြစ်၍ နောက်တစ်မျိုးက လက်ဝဲဦးနှောက်ခြမ်းကို အသုံးပြုရန် အားသန်သူများ ဖြစ်သည်ဟုဆိုသည်။

လက်ယာခြမ်းသမားနှင့် လက်ဝဲခြမ်းသမားတို့ အဓိက ကွဲပြားကြသည့် အချက်မှာ၊ လက်ယာခြမ်းသမားတို့သည် အကြောင်းကိစ္စများကို စဉ်းစားရာ၌ ဖြစ်စဉ်အရပ်ရပ်ကို တစ်ပြိုက်နက် တစ်ဆက်တစ်စပ်တည်း ခြုံငုံသုံးသပ် စဉ်းစားတတ်ပြီး၊ လက်ဝဲခြမ်းသမားတို့ကမူ အသေးစိတ်တစ်ခုချင်းတို့ကို အာရုံစိုက်ကာ ယင်းမှနေ၍သာ တစ်ကွက်ချင်း၊ တစ်ဆင့်ချင်း စဉ်းစားတတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

သို့သော် အရာဝတ္ထုတစ်ခုကို ကြည့်သည့်အခါ မျက်စိနှစ်ဖက်လုံးဖွင့်ပြီး ကြည့်မှသာ ရှင်းလင်းစွာ မြင်ရသကဲ့သို့၊ ကိစ္စရပ်တစ်ခုနှင့်ပတ်သက်လျှင်လည်း ဦးနှောက်နှစ်ခြမ်းလုံးသုံးကာ တစ်ခုလုံးခြုံသော ပုံကားချပ်ရော အသေးစိတ် အကွက်ကလေးများကိုပါ သတိပြုကြည့်ရှုမှ ၎င်းကိစ္စကို ရှင်းလင်းစွာ နားလည် သိမြင်နိုင်မည် ဖြစ်သည်။

နမူနာသဘောပြောရသော်၊ ကျဲပြန့်နေသော ရုပ်ပုံ အပိုင်းအစလေးများထဲမှ ရွေးချယ်ချိတ်ဆက်ကာ ပုံကားချပ်ကြီးပေါ်လာအောင် ရုပ်လုံးဖော်ရသည့် jigsaw puzzle ကစားနည်းနှင့် ဆင်တူသည်။

ခေါင်းထဲတွင် ပုံကားချပ်ကြီးကို အနည်းအကျဉ်း မြင်ယောင်မှန်းဆနိုင်မှ အစိတ်အပိုင်းများကို ချိတ်ဆက်၍ရသည်။ အစိတ်အပိုင်းများကို မှန်ကန်စွာ ချိတ်ဆက်နိုင်မှလည်း ပုံကားချပ်ကြီးပေါ်လာသည်။

သည်သဘောအရ ကြည့်လျှင် အကြောင်းကိစ္စ တစ်ရပ်ကို ရှင်းလင်းစွာ မြင်နိုင်ဖို့ သို့မဟုတ် ပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်ဖို့အတွက် ယင်းနှင့်စပ်လျဉ်းသည့် အလုံးစုံခြုံငုံသော အနေအထားရော အတွင်းက အသေးစိတ်များပါ သိဖို့လိုကြောင်း သဘောပေါက်နိုင်သည်။

တစ်ဆက်တည်းပင်၊ တစ်ပိုင်းအားသန်လျှင် ကျန်တစ်ပိုင်းမှာ လစ်ဟင်းနေနိုင်ကြောင်းလည်း စဉ်းစားမိနိုင်သည်။

ဥပမာအားဖြင့် ခြုံငုံသုံးသပ်သည့်ဘက်မှာ အားသန်သူသည် သူတစ်ပါး ပြောနေသည့် စကားတစ်ခုကိုနားထောင်ရာ၌ လည်းကောင်း၊ စာတစ်ပုဒ် ဖတ်ရှုရာ၌ လည်းကောင်း အသေးစိတ်တို့ကို ဂရုစိုက် မှတ်သားမနေဘဲ သူဘာသဘောနဲ့ ပြောနေတာပဲ၊ ဒီစာရေးသူ ဘယ်ရှုထောင့်ကရပ်ပြီး ရေးနေတာပဲ စသည့် ခြုံငုံသုံးသပ်ချက် သို့မဟုတ် ယင်းနှင့်ပတ်သက်သည့် မိမိ၏ကောက်ချက်ကို အပြေးအလွှား ချမှတ်နေမိတတ်သည်။ သို့သော်၊ အသေးစိတ်ထဲမှာ အသေးအဖွဲတွေချည်း မဟုတ်၊ တစ်ချက်တည်းနှင့်ပင် တိမ်းစောင်းပြောင်းလဲသွားစေနိုင်မည့် အရေးကြီးသော အရာများလည်း ပါနေတတ်ရာ ယင်းတို့ကို သတိမမူဘဲ လျင်မြန်စွာ ကောက်ချက်ချက လွဲမှားသွားနိုင်သည်။

တင်စားပြောဆိုလေ့ရှိသည့် အခြားစကားတစ်ခွန်းအရဆိုသော် 'သစ်တောကို မြင်သည်၊ သစ်တစ်ပင်ချင်းကိုမမြင်' ဟူသော သဘောဖြစ်သည်။

သစ်ပင်တွေကိုမြင်မှ သည်တောသည် ကျွန်း၊ ပျဉ်းကတိုးပေါသည့် အဖိုးတန်သစ်တောလား၊ အနီးအနားရှိ ရွာသူရွာသားတွေ လောင်စာ ထင်းအလို့ငှာ စိုက်ပျိုးထားသည့် တန်ဖိုးနည်းသစ်တောလား၊ သစ်ပင်ကြီးငယ်တို့ကို အမျိုးအစား စုံလင်စွာ စိုက်ပျိုးပြသထားသည့် ရုက္ခဗေဒသစ်တောဥယျာဉ်လား ခွဲခြားသိနိုင်လိမ့်မည်။

တစ်ဖက်တွင်မူ အသေးစိတ်တွေကြား အာရုံများကာ တစ်ခုလုံး၏ အသွင်သဏ္ဌာန်ကို ခြုံငုံ၍ မမြင်နိုင်သူတွေ ရှိတတ်ကြသည်။ သူတို့ကျတော့ 'သစ်တစ်ပင်ချင်းကို မြင်၍ သစ်တောကို မမြင်သူများ' သို့မဟုတ် သစ်ပင်များနှင့် ရင်းနှီးကျွမ်းဝင်ပါလျက် သစ်တောထဲမှာ မျက်စိလည်လမ်းပျောက်နေသူများဟု ဆိုရပေမည်။

ကဲ၊ စာဖတ်သူ။

သင်ကော သစ်တောသမားလား၊ သစ်ပင်သမားလား၊ ဒါမှမဟုတ် သည့်ထက်မက အနုစိတ်သည့် သစ်ရွက်သမားလား။

မိမိဘာသာ တိုက်ဆိုင်စစ်ဆေးကြည့်နိုင်ရန်အတွက် လက္ခဏာရပ် အချို့ကို ဖော်ပြလိုသည်။

## ပုံကားချပ်ကြီးသမားနှင့် အသေးစိတ်သမားတို့၏ မတူသော လက္ခဏာများ

ပုံကြီးသမားသည် ဝေးဝေးတွေးသည်။ မိမိအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းနှင့် ပတ်သက်၍ အနာဂတ်တွင် ရှိနေမည့် အနေအထားကို မြင်ယောင်မှန်းဆသည်။ အသေးစိတ်သမားက ပစ္စုပ္ပန်မှာနေသည်။ လက်ငင်းလက်တွေ့ကို ကြည့်သည်။

ပုံကြီးသမားသည် ကိစ္စရပ်များကို ခြုံငုံ၍မြင်သည်။ ကျယ်ဝန်း ရှုပ်ထွေးသော ပြဿနာများတွင် အချိတ်အဆက်တို့၏ ပုံသဏ္ဌာန်ကို

မြင်ကာ ဘာကြောင့် ဘယ်လိုဆိုတာ သဘောပေါက်သည်။ အသေးစိတ်သမားက တစ်ကွက်၊ တစ်ကဏ္ဍ၊ တစ်ခုချင်းတို့ကို သိရှိကျွမ်းကျင်သည်။

ပုံကြီးသမားသည် တစ်စုံတစ်ရာ လေ့လာသည့်အခါ အသေးစိတ်တွေ မသွားမီ တစ်ခုလုံး အနေအထား (overview) ကို အရင်ကြည့်သည်။ အသေးစိတ်သမားက သူနှင့်ပြောင်းပြန်။

သည်သဘောအရ လုပ်ငန်းသစ်တစ်ခုသို့ရောက်လျှင် ပုံကြီးသမားက တစ်ခုလုံး၏ အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကဏ္ဍတို့ဆက်စပ်လုပ်ကိုင်ပုံကိုလည်းကောင်း ကြည့်ရှုသည်။ အသေးစိတ်သမားကတော့ သူစိတ်အဝင်စားဆုံး ကဏ္ဍကို ဦးစားပေး ရွေးကြည့်သည်။ မြို့သစ်တစ်မြို့ရောက်လျှင်လည်း ပုံကြီးသမားက မြေပုံဖြန့်ကာ မြို့ကွက်မြို့ကွင်းနှင့် ဘယ်ဆီမှာဘာ စတာတွေကို ခေါင်းထဲတွင် ယေဘုယျမြင်အောင် ကြည့်ရှုမှတ်သားသည်။ အသေးစိတ်သမားကတော့ မိမိသွားလိုသည့် ကုန်တိုက် သို့မဟုတ် လည်ပတ်ရန်နေရာကို ဘယ်လို သွားရမလဲဆိုတာ အရင်ဆုံး စုံစမ်းသည်။ တိတိကျကျ မေးမြန်းမှတ်သားသည်။

အလုပ်နှင့် ပတ်သက်လျှင် ပုံကြီးသမားက စိတ်ကူးများများထုတ်သည်။ ဖြစ်နိုင်ခြေ အလားအလာ၊ လုပ်နိုင်သည့် နည်းလမ်းမျိုးစုံတို့ကို ဖြန့်ကြက်စဉ်းစားသည်။ လုပ်ရမည့် အလုပ်ပမာဏကိုလည်း ခြုံငုံ စုပေါင်းကာ အကြမ်းဖျင်းခန့်မှန်းသည်။ အသေးစိတ်သမားကတော့ ကြာရှည်စဉ်းစားမနေ။ လုပ်စရာရှိတာ လက်ငင်းလုပ်နိုင်တာကို ကောက်လုပ်သည်။ မလုပ်မီ အလုပ်ပမာဏ ခန့်မှန်းသည့် အခါ၌လည်း အကြမ်းဖျင်းမဟုတ်။ ဘာလုပ်ရမည်၊ ဘာလုပ်ရမည်၊ ဘာလုပ်ရမည် ဟူ၍ စာရင်းရေးသည်။ တစ်ခုချင်းအတွက် ဘာတွေ ဘယ်လောက် ကုန်ကျမည်၊ အချိန်ဘယ်လောက်ပေးရမည်ဆိုတာ တွက်ချက်သည်။

ပုံကြီးသမားသည် စိတ်ကူးသစ်တွေရကာ ယင်းအပေါ် အခြေခံ၍ လုပ်ငန်းအစီအစဉ်သစ်တွေ ချမှတ်ချင်တတ်သည်။ အသေးစိတ်သမားက ကိုယ်တိုင် အစီအစဉ်ချဖို့ထက် သူများချပြီးသား အစီအစဉ်ကို လက်တွေ့ကျအောင် ပြောင်းလဲပြင်ဆင် လုပ်ကိုင်ချင်တတ်သည်။

ပုံကြီးသမားသည် သူများစိတ်ကူးစိတ်သန်းတွေ၊ အမြင်တွေကိုလည်း စိတ်ဝင်စားသည်။ အဲဒါမျိုးတွေကို လေ့လာမှတ်သားရင်း အဲသည်ဘက်မှာ ကျွမ်းကျင်ကာ ကိုယ်တိုင်လည်း စိတ်ကူးကောင်းသူ ဖြစ်လာသည်။ အသေးစိတ်သမားက သဘောတရားကို စိတ်မဝင်စား၊ လက်တွေ့အသုံးချနိုင်မည့် အတတ်ပညာများ၊ စွမ်းရည်များကိုသာ စိတ်ဝင်စားသည်။ အဲဒါတွေ သင်ယူလေ့ကျက်သဖြင့် လုပ်ငန်းပညာ အသေးစိတ်များမှာ သူကျွမ်းကျင်လာသည်။

**ဦးနှောက်နှစ်ခြမ်းလုံး အသုံးချနိုင်အောင်**

အထက်က လက္ခဏာများကိုကြည့်လျှင် နှစ်ဖက်လုံးမှာ အားကောင်းတာ၊ အားနည်းတာတွေ ရှိနေကြောင်း တွေ့ရလိမ့်မည်။ သို့သော် သည်အထဲတွင်မှ ပုံကြီးသမားတို့က အသေးစိတ်သမားများထက် တစ်ပန်းသာနေတာလည်း တွေ့ရနိုင်သည်။

အဖွဲ့အစည်းကြီးများတွင်၊ ရေရှည်အတွက် မဟာဗျူဟာ ချမှတ်ဆောင်ရွက်တတ်သည့် ပုံကြီးသမားများက ခေါင်းဆောင်နေရာ ရလေ့ရှိပြီး၊ ဒုတိယခေါင်းဆောင် သို့မဟုတ် တွဲဖက်ခေါင်းဆောင်တို့က အသေးစိတ် စီမံခန့်ခွဲသည့် အပိုင်းများမှာ တာဝန်ယူလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ထိပ်ဆုံးအကြီးအကဲ (စီအီးအို) တို့သည် ပုံကြီးသမားများ ဖြစ်ကြ၍၊ ကဏ္ဍခွဲ တာဝန်ခံပုဂ္ဂိုလ်တို့က အသေးစိတ်သမားများ ဖြစ်တတ်ကြသည်။

ခေါင်းဆောင်အဆင့် ရောက်လာသည့် ပုံကြီးသမားများအနေနှင့် အသေးစိတ်တွင် အာရုံဝင်စားသော လက်ထောက်ကောင်း၊ တွဲဖက်ကောင်းများ ရှာဖွေကာ တာဝန်လွှဲအပ်ခြင်းဖြင့် မိမိအားနည်းသော အပိုင်းကို ဖြည့်တင်းနိုင်ကြသည်။

အရေးကြီးသည်က အသေးစိတ်သမားများ ဖြစ်သည်။ အသေးစိတ်သမားသည် ပုံကားချပ်ကြီး ရှုမြင်တတ်သည့် အလေ့အကျင့်ရမလာက ခေါင်းဆောင်အဆင့်သို့ ရောက်ရှိလိမ့်မည်မဟုတ်။ အကြောင်းကြောင်းကြောင့် ရောက်ရှိခဲ့လျှင်လည်း ကြာရှည်ခံလိမ့်မည်မဟုတ်။

အကြောင်းက သူ့ကို အောက်သို့ ဆွဲချနေသည့် တချို့သော စိတ်ကူးစိတ်သန်းနှင့် အမူအကျင့်များကြောင့် ဖြစ်၏။

ဥပမာ 'ဟာ၊ မရဘူး၊ ကျုပ်က အသေးစိတ် ထောင့်စေ့အောင် ကြည့်ရမှ ကျေနပ်တယ်'

'ကျွန်တော်က ကိုယ်လုပ်တဲ့ အလုပ်ကို စိတ်တိုင်းမကျမချင်း ဘယ်တော့မှ လက်မလွှတ်ဘူး'

'ဟာ၊ သူများနိုင်းရတာ လွယ်တာမဟုတ်ဘူး၊ ဘာ ဘယ်လို လုပ်ပါ ရှင်းပြနေရတာနဲ့ အချိန်ကုန်တယ်၊ ကိုယ်တိုင်ထလုပ်လိုက်တာက ပိုမြန်တယ်၊ ပိုလည်း စိတ်တိုင်းကျတယ်' စသည့် စကားမျိုးတွေ ပြောကာ အဲသည်အတိုင်း တကယ်လိုက်လုပ်နေခြင်းမျိုး ဖြစ်သည်။

အသေးစိတ်တွေကို ဂရုစိုက်ယူစွာ လုပ်ကိုင်ရင်း အသေးစိတ်များထဲမှာ သူတို့ညပ်နေကြသည်။

သည်ကြားထဲက ထွက်လာနိုင်မည့်နည်းက ကိုယ်လုပ်နေသည့် အလုပ်တွေကို စိစစ်ကာ လွှဲနိုင်သမျှ အလုပ်တွေ အောက်လူတို့အား လွှဲပေးသောနည်း ဖြစ်သည်။

သည်တော့မှသာ အချိန်တွေရလာမည်။ သည်အချိန်တွေကို ပုံကြီးသမားများလို စဉ်းစားသည့်ဘက်မှာ သုံးဖို့လိုသည်။

ကိုယ့်ကဏ္ဍလေးချည်း မစဉ်းစား၊ အဖွဲ့အစည်းထဲ လုပ်ငန်းထဲက ကဏ္ဍခွဲအရပ်ရပ်တို့ကို ဆက်စပ်စဉ်းစားမည်၊ မိမိတို့ တစ်ခုလုံးနှင့် ပြင်ပရှိ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အကြောင်းခြင်းရာ အရပ်ရပ်ကို ဆက်စပ်စဉ်းစားမည်၊ မိမိတို့အတွက် ပိုကောင်းလာမည့် အနာဂတ်ကို မှန်းမျှော်တွက်ဆကာ၊ မျှော်မှန်းသည့်အတိုင်း တကယ်ဖြစ်လာအောင် အကောင်အထည်ဖော်မည့် အစီအစဉ်များ စဉ်းစားကြံဆမည်ဆိုလျှင်၊ ဦးနှောက်လက်ဝဲခြမ်းသမား၏ ပိန်ချုံ့သော လက်ယာခြမ်းကလေးသည်လည်း ပြည့်တင်းလာမည် ဖြစ်သည်။

## ၂။ လက်တွေ့ပြဿနာ အဖြေရှာရာ၌

ယခုဆက်လက်၍၊ လက်တွေ့ ပြဿနာအဖြေရှာရာ၌ အသုံးပြုနိုင်မည့် နည်းစဉ်တစ်ခုအကြောင်း ဖော်ပြလိုပါသည်။

လုပ်ငန်းလောက၏ စီမံခန့်ခွဲရေးအဆင့် အသီးသီးတွင် တာဝန်ယူ ဆောင်ရွက်ကြသူတို့ ပြဿနာအဖြေရှာခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ရာ၌ လက်တွေ့ အခြေပြု သုံးစွဲနိုင်မည့် နည်းစဉ်တစ်ခုကို သုတေသီ ကာတာ မက္ကနာမားရား (Carter McNamara) က Basic Guidlines to Problem Solving and Decision Making ခေါင်းစဉ်ဖြင့် ပြုစုထားရာ ယင်းအား ဆင့်ပွားတင်ပြထားပါသည်။

လုပ်ငန်းလောကဟု ဆိုသော်လည်း ကိုယ်ရေးကိုယ်တာအပါအဝင် အခြားသော နေရာဌာနမှ ပြဿနာများ အဖြေရှာရာ၌လည်း ယူငင်သုံးစွဲနိုင်ကြောင်း တွေ့ရှိရပါလိမ့်မည်။

* * *

ရုတ်တရက်ကြည့်လျှင် ပြဿနာများ ဖြေရှင်းရန် နည်းလမ်းအစီအစဉ်ဟူသော ယခုအကြောင်းအရာသည်ပင် ပြဿနာတစ်ရပ်ကဲ့သို့ ခက်ခဲကြီးကျယ်သလို ထင်ရနိုင်ပါသည်။ သို့သော် အသုံးဝင် တန်ဖိုးရှိသော ကိရိယာတစ်ခု မည်သည့် ကိုင်တွယ်သုံးစွဲတတ်လိုက အတန်အသင့် သင်ယူမှု ပြုရစမြဲ ဖြစ်ပါသည်။

မခက်ခဲသော သည်နည်းစဉ်ကို ဂရုစိုက်မှတ်သားပြီး တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးလေးကြိမ် အသုံးပြုကြည့်လျှင်ပင် အသားကျ ကျွမ်းကျင်သွားကာ မိမိလိုအင်နှင့် အံဝင်ခွင်ကျဖြစ်အောင် သုံးနိုင်မည် ဖြစ်သည်။

ကာတာမက္ကနာမာရား ပေးထားသော ဤနည်းစဉ်မှာ အဆင့် ၇ ဆင့် ပါဝင်သည်။ ပထမအဆင့်က၊

## (၁) ပြဿနာကို အမည်နာမ တပ်ခြင်း၊ သို့မဟုတ် တိကျစွာ ပုံဖော်ကြည့်ခြင်း

ပြဿနာတစ်ရပ် ကိုယ့်ဆီရောက်လာလျှင် တချို့က ဘာ ဘယ်လို လုပ်လိုက်ဟု ဒိုင်းခနဲ ဖြေရှင်းတတ်၏။

ကိုယ့်ဆီရောက်လာသည့် ပြဿနာအစိတ်အပိုင်းကို ရုတ်တရက် တုံ့ပြန်လိုက်ခြင်းမျိုးဖြစ်ရာ ပြဿနာ၏ သော့ချက်ကို မဖြေရှင်းမိရုံမက တစ်ခါတစ်ရံ အဲသည်အလျင်စလို တုံ့ပြန်မှုကြောင့် နောက်ထပ် ဆင့်ပွားပြဿနာတွေ ပေါ်ပေါက်ကာ ဖြေရှင်းရ ပိုခက်သွားတတ်၏။

ထို့ကြောင့် ကိစ္စတစ်ခုသည် ပြဿနာဟူ၍ ရောက်လာပြီဆိုလျှင် အဲဒါကို ဦးစွာ ပီပီသသ ရုပ်လုံးဖော်ကြည့်ဖို့လို၏။

ဟုတ်ပြီ၊ နေပါဦး၊ အခုက ဘာဖြစ်နေတာလဲ၊ အဲဒါပြဿနာလား၊ ဘာကြောင့် ပြဿနာလို့ ပြောသလဲ စသဖြင့် စူးစမ်းဖို့ လို၏။

အဲသည်လို ရှုးစမ်းကာ ပြဿနာကို ပုံဖော်ကြည့်ရန်အတွက် သုံးနိုင်သော နည်းလမ်းတစ်ခုကား သတင်းစာများတွင် သတင်းသမားတို့ အသုံးပြုလေ့ရှိသည့် "ဘ" ခြောက်လုံးနည်း ဖြစ်၏။

ဘာပြဿနာလဲ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်သူနဲ့၊ ဘာကြောင့်၊ ဘယ်လိုဖြစ်တာလဲ ဟူ၍ ရှုးစမ်းခြင်းမျိုး။

အဲဒါကို ခေါင်းထဲ စဉ်းစားရုံနှင့်မပြီး၊ ချရေးကြည့်မှ သေချာ၏။ ဘယ်အချိန် ဘယ်နေရာ၌ ဘယ်သူ ဘယ်ဝါတွေနှင့် ဘယ်ကိစ္စ ဘာကြောင့် ဘယ်လိုဖြစ်ပွားခဲ့သည်၊ သို့မဟုတ် ဖြစ်ပွားနေဆဲဖြစ်သည် စသည်များကို တိတိကျကျ ရေးဖို့လိုသည်။ အဲဒါမှ စာရွက်ပေါ်မှာရှင်း၊ ခေါင်းထဲမှာလည်း ရှင်းမည်ဖြစ်သည်။

တချို့ပြဿနာကျတော့ ဒါဘာလဲဟု တိတိကျကျ အမည်နာမ တပ်ဖို့မလွယ်။

ပြဿနာက တစ်ခုတည်း သီးခြားမနေ၊ အတက်အလက် အခက်တွေနှင့် ငြိတွယ်ရှုပ်ထွေးနေသော ပြဿနာအတွဲကြီး ဖြစ်နေတတ်သည်။

သို့သော် အဲဒါမျိုးလည်း အထက်ကလို "ဘ" ခြောက်လုံးနည်းဖြင့် ဖျင်ကြည့်ရှင်းကြည့်ပြီး၊ သည်အထဲမှာ ရောပါနေသည့် ပြဿနာတစ်ခုချင်းကို ဘာ–ဘာ–ဘာ ဟု ခေါင်းစဉ်အသီးသီးတပ်ကာ ခွဲထုတ်ကြည့်နိုင်သည်။ ထို့နောက် တစ်ခုချင်းကိုလည်းကောင်း၊ ၎င်းတို့ နှီးနွယ်ချိတ်ဆက်နေပုံကို လည်းကောင်း သုံးသပ်စိစစ်ခြင်းဖြင့် ပြဿနာကို ပို၍ရှင်းလင်းစွာ နားလည်လာနိုင်သည်။

ထို့ပြင် အဲသည်လို ပြဿနာအတွဲမျိုးကို စိစစ်သည့်အခါ ဘယ်အရာသည် တကယ်အရင်းခံကျသည့် အရေးကြီးသော ပြဿနာ

ဖြစ်သည်၊ ဘယ်အရာက လတ်တလော အလျင်လိုနေသည့် ပြဿနာ ဖြစ်သည်ဆိုတာ ခွဲခြားနိုင်ဖို့လိုသည်။

တချို့ကိစ္စသည် အချိန်မဆိုင်းနိုင်သလို ဖြစ်နေသော်လည်း တကယ်တမ်း အရေးမကြီး။ တချို့ကိစ္စက ချက်ချင်းဖြေရှင်းဖို့ တောင်းဆိုမနေ၊ သို့သော် သူ့ကို မဖြေရှင်းနိုင်မချင်း အလျင်လိုသော ပြဿနာကြီးငယ်တွေ ဆင့်ပွားဖြစ်ပေါ်နေမည်။

အဲဒါတွေချည်း လိုက်ရှင်းနေလျှင် ဆန်စဉ်ရာ ကျည်ပွေ့လိုက် ဆိုသော စကားအတိုင်း ပင်မကိစ္စဆီမရောက်ဘဲ ဘေးဘီမှာ အချိန်ကုန် နေမည်။

တစ်ဖန် ပြဿနာများကို စဉ်းစားသည့်အခါ၌ ပြဿနာနှင့် ဆက်စပ်သည့် မိမိအခန်းကဏ္ဍ၊ အထက်လူ၊ အောက်လူ၊ ဘေးလူတို့၏ အခန်းကဏ္ဍစသည်များကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့လည်း အရေးကြီးသည်။

တချို့က ငါ့အပြစ်ဟု ခံယူကာ ကိုယ့်ကိုယ်ကို အပြစ်တင်လွန်းရင်း အလားတူ တာဝန်ရှိသော အခြားသူများ၏ ကဏ္ဍကို လျစ်လျူရှုမိ လျှော့တွက်မိတတ်သည်။

တချို့ကျတော့ ပြဿနာပေါ်လျှင် တရားခံဘယ်သူဟု တခြား သူကို အပြစ်ဖို့ကာ ၎င်းလူကို ဗဟိုပြုပြီး ပြဿနာကို အဓိပ္ပာယ်ဖွင့်တတ်၊ ပုံဖော်တတ်သည်။

အဲသည်နှစ်ခုလုံးပင် တစ်ဖက်စောင်းနင်း လုပ်ကိုင်ခြင်းများဖြစ်ရာ ပြဿနာဖြေရှင်းရာ၌ လွဲမှားတိမ်းချော်စေမည် ဖြစ်သည်။

## (၂) ပြဿနာဖြစ်ပေါ်စေသော အကြောင်းရင်းခံများကို စူးစမ်းရှာဖွေခြင်း

ပြဿနာတစ်ခု ပေါ်ပေါက်သည်နှင့် တစ်ပြိုင်နက် ကိုယ်သိထားသော အကြောင်းတစ်ရပ်နှင့် ဆက်စပ်ကာ အဲဒါကြောင့်ပဲဟူသော အတွေးမျိုး ခေါင်းထဲပေါ်လာတတ်သည်။

သို့သော် တချို့ကိစ္စမှာ ချက်ဆိုနားခွက်က မီးတောက်အောင် သင်သိနေနိုင်သော်လည်း၊ သင် ပြည့်ပြည့်စုံစုံ မသိသော အခြားအကြောင်းကိစ္စတွေလည်း အများအပြား ရှိနေနိုင်ပါသည်။

တစ်ခါတစ်ရံ ပြဿနာကို ဖြေရှင်းရန် ကြိုးစားရင်းကမှ တဖြည်းဖြည်းနှင့် လက်စသတ်တော့ ဒီကိစ္စ ငါစောစောက ဘာမှမသိခဲ့ပါလားဟု ကိုယ့်ဘာသာ သဘောပေါက်ရတာမျိုးတွေ အများကြီး ကြုံရတတ်ပါသည်။

ထို့ကြောင့် မိမိတာဝန်ယူရသည့် နေရာဌာနတွင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်သော် ဆက်စပ်ပတ်သက်သော အခြားသူများအား တွေ့ဆုံမေးမြန်းကာ ၎င်းတို့သိထားသည့် လတ်တလော အကြောင်းအရာများနှင့် နောက်ခံအကြောင်းအရာများကို လည်းကောင်း၊ ၎င်းတို့၏ ထင်မြင်ယူဆချက် အသီးသီးကိုလည်းကောင်း စူးစမ်းသင့်သည်။

သည်အနေအထားမျိုးတွင် ဆက်စပ်သူ အားလုံးကို တစ်ပြိုင်နက်ခေါ်ယူ တွေ့ဆုံခြင်းထက် တစ်ဦးချင်း သီးခြားစီ မေးမြန်းခြင်းက ပိုအကျိုးရှိတတ်၏။ အကြောင်းက မိမိစကားကို သက်ဆိုင်သူမှအပ တခြားသူများ မကြားစေလိုသောသဘော၊ တစ်စုံတစ်ယောက်ရှေ့တွင် တချို့စကားကို ပြောရခက်သော သဘောကြောင့်ဖြစ်၏။

ထို့နောက်တွင် စဉ်းစားရာ၌ တိကျစေရန်အတွက် သင့်ထင်မြင်ယူဆချက်ကို လည်းကောင်း၊ အခြားသူများထံက ကြားသိရချက်များကို လည်းကောင်း စာဖြင့်ချရေးဖို့လို၏။

အကယ်၍ ပြဿနာသည် ဝန်ထမ်း တစ်ယောက်ယောက်၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်သည့် ပြဿနာဖြစ်သည်ဟု သင်သတ်မှတ်မည်ဆိုက ၎င်းသတ်မှတ်ချက် တိကျသေချာစေရန်အတွက် လုပ်ဖော်ကိုင်ဖက်တစ်ဦးဦး သို့မဟုတ် သင့်အထက် လူတစ်ယောက်ယောက်၏ အယူအဆကို ရယူချိန်ထိုးသင့်သည်။

ထို့နောက်တွင် အထက်ကပြောသည့် "ဘ" ခြောက်လုံးပါ ဖော်ပြချက်တစ်ရပ်ဖြင့်ပင် ပြဿနာ၏ အကြောင်းရင်းခံကို ရှင်းလင်းပီသအောင် ထပ်မံရေးချဖို့ လိုသည်။

**(၃) ပြဿနာဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးကို စဉ်းစားချမှတ်ခြင်း**

ကိုယ်ရေးကိုယ်တာ ပြဿနာများတွင် လည်းကောင်း၊ အထက်က ပြောသည့် လက်အောက်ဝန်ထမ်းတို့၏ လုပ်ဆောင်မှုဆိုင်ရာ ပြဿနာများနှင့် ပတ်သက်လျှင် လည်းကောင်း၊ အကြံဉာဏ်ရယူမှု၊ တိုင်ပင်ဆွေးနွေးမှုတို့ကို သိုသိုသိပ်သိပ် ပြုလုပ်ဖို့လိုသော်လည်း ကုမ္ပဏီ လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုလုံးနှင့်ဆိုင်သော ပြဿနာတစ်ရပ်အတွက် ဖြေရှင်းရန် နည်းလမ်းရှာသည့် အခါမျိုးတွင်မူ အဖွဲ့အစည်းအတွင်းမှ သင့်တော်သူများကို ခေါ်ယူစုဝေးကာ ဦးနှောက်မုန်တိုင်းတိုက်သည့် ဆွေးနွေးပွဲ (brainstorming session) များအားဖြင့် ၎င်းတို့ထံမှ စိတ်ကူးစိတ်သန်းစုံတို့ကို စုစည်းရယူနိုင်၏။

ထိုပွဲမျိုးတွင် ထုတ်ဖော်ကြသည့် စိတ်ကူးစိတ်သန်းများကို မှတ်တမ်းတင်သည့်အခါ မိမိအမြင်မရောစွက်ဘဲ သူ့ချည်းသက်သက်

မှတ်တမ်းတင်ဖို့လို၏။

အဲဒါမှသာ စိတ်ကူးတစ်ခုချင်းကို ပြန်စဉ်းစားသည့်အခါ သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ ဆိုလိုချက်ကို မိမိတိကျစွာ သိမြင်ကာ သူစဉ်းစားသည့် လမ်းကြောင်းအတိုင်း လိုက်၍ စဉ်းစားမိမည်ဖြစ်၏။

နောက်တစ်ဆင့်မှာမူ ထိုစိတ်ကူးများကို နှိုင်းယှဉ်စိစစ်ကာ ယင်းအနက်မှ အကောင်းဆုံးကို ရွေးချယ်ခြင်းဖြစ်၏။

## (၄) အသုံးပြုမည့် နည်းလမ်းကို ရွေးချယ်ခြင်း

ပြဿနာဖြေရှင်းရန်အတွက် ဘယ်နည်းလမ်းသည် အကောင်းဆုံး ဖြစ်မည်လဲ ရွေးချယ်သည့်နေရာ၌ စဉ်းစားရန် အချက်များက၊

(က) မည်သည့် နည်းလမ်းသည် ပြဿနာကို ရေရှည်ဖြေရှင်း ပေးနိုင်မည့် အလားအလာ အများဆုံး ရှိသနည်း။

(ခ) မည်သည့် နည်းလမ်းသည် လတ်တလော ဆောင်ရွက်နိုင်မည့် လက်တွေ့အကျဆုံး နည်းလမ်းဖြစ်သနည်း။ အဲသည်နည်းလမ်းကို အသုံးပြုရန် မိမိ (တို့) တတ်နိုင်သလော။ အဲသည် နည်းလမ်းအတိုင်း ဆောင်ရွက်ရန်အတွက် လိုအပ်သလောက် အချိန်ပေးနိုင်မည်လော။

(ဂ) နည်းလမ်းအသီးသီးကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများက မည်မျှအထိ ကြီးမားနိုင်သနည်း၊ စသည်များဖြစ်သည်။

သည်အချက်များကို နှိုင်းချိန်ချင့်တွက်ကာ အသင့်တော်ဆုံးကို ရွေးချယ်၍ ယင်းအတိုင်း လုပ်ဆောင်ရန် ဆုံးဖြတ်ရခြင်းသည်ပင် လုပ်ငန်း အကြီးအကဲတို့၏ ကြီးလေး၍ အရေးပါသော တာဝန်ဖြစ်သည်။

## (၅) ထိုနည်းလမ်းအတိုင်း လက်တွေ့လုပ်ဆောင်ရန် အစီအစဉ် ချမှတ်ခြင်း

သည်အဆင့်တွင် ဦးစွာစဉ်းစားရမည်က ပြဿနာဖြေရှင်းပြီးလျှင် မည်သည့်အနေအထားမျိုး ရှိမည်နည်းဟူသော အချက်ဖြစ်၏။ အဲဒါကို မြင်ယောင်မှန်းဆကာ အစီအစဉ် အဆင့်ဆင့်တို့ ချမှတ်ရသည်။

သည်အတွက် စဉ်းစားရာ၌ မိမိ(တို့)၏ လုပ်ရိုးလုပ်စဉ် နည်းနာများ၊ ကျင့်သုံးမြဲစနစ်များထဲမှ ဘယ်ဟာတွေကို ပြုပြင်ပြောင်းလဲမည်၊ သို့မဟုတ် မည်သို့သော မူဝါဒသစ်၊ လုပ်ထုံးလုပ်နည်းသစ်များကို အသုံးပြုမည် စသည့် အသစ်တီထွင်ကြံဆခြင်းများလည်း ပါဝင်ဖို့ လို၏။

အကြောင်းက 'ကျွန်တော်တို့ ပိုကြိုးစားမယ်' ဆိုသော ယေဘုယျ ဆုံးဖြတ်ချက်မျိုးလောက်နှင့် ပြဿနာများ ပြေလည်သွားလေ့ မရှိသောကြောင့် ဖြစ်၏။

သည့်အပြင် လုပ်ဆောင်ရန် နည်းလမ်းအစီအစဉ် အဆင့်ဆင့်တို့ ချမှတ်ပြီးသည့် အခါ ယင်းအဆင့်ဆင့်များအတိုင်း တကယ်သွားမသွား အကဲဖြတ် နိုင်မည့် စံသတ်မှတ်ချက်များလည်း ချထားဖို့လို၏။ အဲဒါတွေအဲဒါတွေ ဆက်၍ဆက်၍ ဖြစ်ပေါ်လာလျှင် ပြဿနာ ဖြေရှင်းမှု လုပ်ငန်းစဉ် အောင်မြင်နေသည် ဟူသောသဘော။

သည်အဆင့်တွင် ...

လုပ်ငန်းစဉ်အတွင်း လိုအပ်မည့် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားတို့ကို တွက်ချက်ခြင်း၊ ပြဿနာတစ်ရပ်လုံး ဖြေရှင်းပြီး သည်အထိ လိုအပ်မည့်အချိန် အတိုင်းအတာ၊ အဆင့် အသီးသီးတို့ အတွက် ပေးနိုင်မည့် အချိန်ပမာဏ စသည်တို့ကို လျာထား သတ်မှတ် ခြင်း၊ အဓိက တာဝန်ယူအကောင်အထည်ဖော်မည့်သူများ ရွေးချယ်ခြင်း စသည်များကိုလည်း လုပ်ဆောင်ရ၏။

သည့်အချက်များကို ရှင်းလင်းစွာ ချရေးသည့်အခါ တိကျသော လက်တွေ့လုပ်ငန်း အစီအစဉ်တစ်ရပ် ထွက်ပေါ်လာသည်။

သည့်အစီအစဉ်ကို လက်တွေ့ပါဝင် အကောင်အထည်ဖော်ရမည့်သူများ သိအောင် ရှင်းလင်းပြောဆိုထားရန် လိုအပ်သကဲ့သို့ အနီးကပ်ဆုံး အထက်လူတို့ကိုလည်း အသိပေးဖို့လိုသည်။

**(၆) လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်း**

သည့်အဆင့်က၊ အစီအစဉ်အောင်မြင်စွာ သွားနေလျှင် ဘယ်ကာလမှာ ဘာမြင်တွေ့ရမည်၊ ဘာတွေ ပြီးစီးရမည်ဟု မိမိသတ်မှတ်ထားခဲ့သည့် အရာများ တကယ်လက်တွေ့ ပေါ်ပေါက်လာ မလာ စောင့်ကြည့်ကာ အစီအစဉ်၏ အခြေအနေ အလားအလာကို ချင့်တွက် အကဲခတ်ရသည့် အဆင့် ဖြစ်သည်။

ပုံမှန်သွားနေသော် ကိစ္စမရှိ၊ အကယ်၍ မျှော်လင့်ထားတာတွေ ဖြစ်ပေါ်မလာသည့် အနေအထားမျိုးဆိုလျှင်မူ အစီအစဉ် ကိုယ်တိုင်က လက်တွေ့မကျ၍လား၊ အစီအစဉ် အကောင်အထည်ဖော်ဖို့လူ၊ ငွေ၊ ပစ္စည်း စသည့် ရင်းမြစ်အင်အား မလုံလောက်၍လား၊ အစီအစဉ်၏ ဘယ်အစိတ်အပိုင်းကို ပိုဦးစားပေး လုပ်ဆောင်ဖို့ လိုနေသလဲ၊ ဒါမှမဟုတ် အစီအစဉ်တစ်ရပ်လုံးကိုပဲ ပြောင်းလဲပစ်ဖို့ လိုမည်လား စဉ်းစားဆုံးဖြတ်ရပေမည်။

**(၇) ပြဿနာ ပြေလည်ပြီဆိုသည့်အခါ**

နည်းလမ်းတစ်ရပ်ဖြင့် ဖြေရှင်းဆောင်ရွက်၍ ပြဿနာမပြေလည်ဘူးဆိုလျှင် နောက်ထပ် နည်းလမ်းသစ်တစ်ရပ် ရွေးချယ်ကာ အထက်က အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်ရဖို့ရှိသည်။

ပြဿနာပြေလည်၍ လုပ်ငန်းယန္တရားတွေ ပုံမှန် ပြန်လည်လည်ပတ်သွားပြီဆိုလျှင် ပြဿနာဖြစ်ခဲ့တာကို မေ့မထားလိုက်ဘဲ၊ နောင်သည်လို ပြဿနာမျိုး ထပ်မံမပေါ်ပေါက်ရအောင် ဘာတွေ လုပ်မည်လဲ စဉ်းစားဖို့လိုသည်။ ပေါ်လစီတွေ၊ လုပ်ထုံးလုပ်နည်းတွေ ပြောင်းလဲမည်လား၊ လိုအပ်သူတွေကို လေ့ကျင့်သင်တန်းပေးတာမျိုးတွေ လုပ်မည်လား စသဖြင့်။

သည့်အပြင် သည်ပြဿနာက ဘာသင်ခန်းစာတွေ ရသလဲ၊ သည်ပြဿနာ အဖြေရှာရင်း ဘာတွေ တိုးတက်သိရှိ တတ်ကျွမ်းလာခဲ့သလဲ မှတ်သားထားဖို့လည်း လိုသည်။ သည်ဟာတွေကို စနစ်တကျရေးမှတ်ကာ အခါအားလျော်စွာ ပြန်လည် သုံးသပ်ခြင်းအားဖြင့် ပြဿနာအဖြေရှာရာ၌ ကျွမ်းကျင်လိမ္မာသူတစ်ဦး ဖြစ်လာပေမည်။

## ၃။ ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း

ဦးနှောက်မုန်တိုင်းတိုက်ခြင်း (brainstorming) ဆိုသည်က လူအများစုဝေးကာ ပြဿနာအဖြေရှာခြင်း သို့မဟုတ် စိတ်ကူးစိတ်သန်းသစ်များ ရရှိရန် အကြံဉာဏ် ထုတ်ကြခြင်းကို ဆိုသည်။

ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း ဆိုသောစကား လူအများကြားရေပန်းစားအောင် စတင်ဖြန့်ချိခဲ့သူက အလက်(စ) အော်စဘွန်း (Alex Osborn 1885-1966) ဖြစ်သည်။ အမေရိကန် ကြော်ငြာလုပ်ငန်းသမား အော်စဘွန်းသည် တီထွင်တွေးတောမှုဆိုင်ရာ စာအုပ်စာတမ်း အများအပြား ရေးသားခဲ့သည်။ ဦးနှောက်မုန်တိုင်း နည်းစနစ်ကြောင်း ကို ၁၉၄၂ ခုနှစ်ထုတ် How to Think Up စာအုပ်တွင် စတင်ဖော်ပြခဲ့ပြီး ၁၉၅၃ ခုနှစ်ထုတ် Applied Imagination စာအုပ်

တွင်မှ ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း (brainstorming session) များ ထိရောက်စွာ ကျင်းပပြုလုပ်နိုင်စေမည့် နည်းလမ်း စည်းကမ်းတွေပါ ပြည့်ပြည့်စုံစုံ ရေးသားခဲ့သဖြင့် ထိုနောက်ပိုင်းတွင် သည်အကြောင်းအရာကို လူအများ စိတ်ဝင်စားလာခဲ့သည်။

## အော်စဘွန်း၏ အယူအဆ

အော်စဘွန်းက ပြဿနာများ အဖြေရှာရာ၌ ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်းများ အသုံးပြုသည့်အခါ သမားရိုးကျ စဉ်းစားကြသည်ထက် ဖြေရှင်းရန် နည်းလမ်းအများအပြား ပိုမို ရရှိနိုင်သည်ဟု မြင်သည်။ သူက အရေအတွက်များလျှင် ထိုအရေအတွက်ထဲက အရည်အချင်း ထွက်လာလိမ့်မည်ဟုလည်း ယုံကြည်သူဖြစ်သည်။

ထို့ကြောင့် ပြဿနာတစ်ရပ်နှင့် စပ်လျဉ်း၍ စဉ်းစားကြံဆနိုင်သူတစ်စုကို အခန်းတစ်ခန်းထဲထည့်ပြီး ၎င်းတို့ အသီးသီး ခေါင်းထဲပေါ်လာသမျှ စိတ်ကူးစိတ်သန်းများ (ပြဿနာဖြေရှင်းရန် နည်းလမ်းများ) ကို ထုတ်ဖော်ပြောဆိုစေမည်၊ ထိုနောက်တွင်မှ ထိုစိတ်ကူးစိတ်သန်းတို့ကို စိစစ်ဝေဖန်မည်ဆိုလျှင် အကောင်းဆုံး နည်းလမ်းကို ထုတ်ယူရရှိနိုင်မည်ဟု သူစဉ်းစားမိသည်။

သည်တွင် ပထမအရေးကြီးသော အချက်သည် ဆွေးနွေးဝိုင်းမှ စိတ်ကူးစိတ်သန်း အများဆုံး စုစည်းရရှိရေး ဖြစ်သည်ဟု မြင်သည်။ ထို့ကြောင့် သူစတင် စီစဉ်သည့် ဦးနှောက်မုန်တိုင်းဝိုင်းများ၌ ဝိုင်းတွင် ပါဝင်သူတိုင်း မိမိစိတ်ကူးကို ဖော်ထုတ်ပြောဆိုဖြစ်အောင် ပြောဆိုရာ၌လည်း စိတ်ကူးမိသမျှကို လွတ်လပ်ပေါ့ပါးစွာ ပြောဆိုခွင့်ရအောင် စီစဉ်သည်။ ပြောနေရင်း တစ်ဝက်တစ်ပျက်မှာ တုံ့ဆိုင်းသွားစေမည့် ဝေဖန်မှု၊ ထောက်ပြမှုများကိုလည်း စိတ်ကူးများ ဖော်ထုတ်ချိန်

သို့မဟုတ် ဦးနှောက်မုန်တိုင်း တိုက်ချိန်ကာလမှာ မပြုလုပ်ကြရန် တားမြစ်သည်။

စိတ်ကူးတွေအားလုံး ဖော်ထုတ်ပြီးပြီ၊ သမားရိုးကျ စိတ်ကူး၊ အများနှင့်မတူသော စိတ်ကူး၊ ထူးခြားဆန်းသစ်သော စိတ်ကူး၊ ကြံကြံဖန်ဖန် စိတ်ကူး၊ မဖြစ်တန်ရာသော စိတ်ကူး၊ ရယ်ချင်စရာ စိတ်ကူး စသဖြင့် စိတ်ကူးပေါင်းစုံပါသည့် စိတ်ကူးစိတ်သန်း စာရင်း ရှည်ကြီးတစ်ခု ရရှိပြီဆိုသည့်အခါတွင်မှ အဲဒါတွေကို၊ ပြုလုပ်နေကျ ခွဲခြမ်းစိတ်ဖြာ စဉ်းစားနည်းများဖြင့် သုံးသပ်ဝေဖန်ကာ လက်တွေ့ အလုပ်ဖြစ်မည့် အကောင်းဆုံးနည်းကို ရွေးချယ်သည်။

ပြန်ချုပ်သော်၊ သူလုပ်သည့်နည်းက စိတ်ကူးဉာဏ်တို့ကို ယုတ္တိ ယုတ္တာ ရှိမရှိ၊ ဖြစ်နိုင်ခြေ ရှိမရှိ၊ မစဉ်းစား မချင့်တွက်ဘဲ၊ အကန့် အသတ် မရှိ ကွန့်မြူးချင်တိုင်း ကွန့်မြူးခွင့် ပေးထားပြီးမှ၊ ရလာသည့် စိတ်ကူးများကို ပကတိအနေအထားနှင့် ချိန်ထိုးလျက် ကျိုးကြောင်း သင့်မြတ်စွာ နှိုင်းချိန် စဉ်းစားသောနည်း ဖြစ်သည်။

သည်နည်းအရ ဦးနှောက်မုန်တိုင်း ဝိုင်းများမှ ထူးခြားကောင်းမွန် သော အဖြေသည် တစ်ဦးတစ်ယောက်၏ စိတ်ကူးမှလည်း ရနိုင်သည်၊ သို့မဟုတ် ဟိုတစ်ဦးနှင့် သည်တစ်ဦး၏ စိတ်ကူးများ ချိတ်တွယ် ပေါင်းစပ်မိရာက နှစ်ဦးလုံးထက် ပိုကောင်းသော စိတ်ကူးမျိုးလည်း ထွက်ပေါ်လေ့ရှိသည်ဟု ဆိုသည်။ တစ်နှင့်တစ် ပေါင်းရာက ပိုမို တန်ဖိုးမြင့်ကာ 'သုံး' ဖြစ်လာသည်ဟူသော သဘောပင်။

**လက်တွေ့ ဆွေးနွေးဝိုင်းများမှာ**

အော်စဘွန်းက ဦးနှောက်မုန်တိုင်းဝိုင်းများတွင် လူ ၁၀ ယောက် ၁၂ ယောက်ခန့်သည် အနေတော်ဖြစ်သည်ဟု ယူဆသည်။ နောက် လူတို့ကတော့ လိုအပ်ချက်ကိုလိုက်ကာ လူလေးယောက်မှ အယောက်

၃၀ ခန့်အထိ ပါဝင်နိုင်သည်ဟု ဆိုကြသည်။

အော်စဘွန်းက သည်ဝိုင်းမျိုးတွင် တစ်ကြိမ်၌ ပြဿနာတစ်ခုတည်း အတွက်သာ အဖြေရှာ အကြံထုတ်လျှင် အကောင်းဆုံးဖြစ်၍၊ အဲသည် အထဲတွင် သက်ဆိုင်ရာ ကဏ္ဍတို့မှ ကျွမ်းကျင်သူ ပညာရှင်များရော သာမန်လူများပါ ပါဝင်သင့်သည်ဟု မှတ်ယူသည်။ ထို့ပြင် သည်ဝိုင်း မျိုးသည် စိတ်ကူးစိတ်သန်း အမျိုးမျိုး ဖြန့်ကြက်ကြံဆရန်လိုသည့် ကိစ္စမျိုးအတွက် အသုံးဝင်သော်လည်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ် ဝေဖန်ခြင်းများ ပြုရမည့် ကိစ္စရပ်မျိုးနှင့်မူ ဆီလျော်ခြင်း မရှိဟု ဆိုသည်။

သည်အမြင်ကို အများလက်ခံကြပြီး လက်တွေ့ ဆွေးနွေးဝိုင်းများ ပြုလုပ်သည့်အခါ မိမိ(တို့) ပြဿနာသည် ဦးနှောက်မုန်တိုင်းဝိုင်း ကျင်းပ၍ အဖြေရှာ သင့်မသင့် ဦးစွာ စဉ်းစားကြလေ့ရှိသည်။

**မုန်တိုင်းဆိုသော်လည်း ပရမ်းပတာတိုက်၍ မရ**

ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်းတစ်ခု ကျင်းပမည်ဆိုလျှင် ပထမဆုံး နေရာထိုင်ခင်း ကိစ္စက စ၍ စဉ်းစားရသည်။ ပါဝင်မည့် လူဦးရေနှင့် သင့်တော်မည့် အခန်းမျိုး ရွေးချယ်ဖို့ လိုသည်။ ပြီးလျှင် စားပွဲကုလား ထိုင် နေရာချသည့်အခါ၌လည်း ဆွေးနွေးသူအားလုံး တန်းတူရည်တူ အနေအထားမျိုးရှိရန် စီစဉ်ရသည်။

ဆွေးနွေးဝိုင်းတွင် လူတိုင်း စိတ်ကူးရှိသမျှ ပြောဆိုကြရန် ဖွင့်ဟ ပေးရသော်လည်း တောင်ရောက် မြောက်ရောက် ပရမ်းပတာ ဖြစ်မနေ အောင် ထိန်းသိမ်းပေးရန်အတွက် အစီအစဉ်မှူး (facilitator) တစ်ယောက်တော့ ရှိဖို့လိုသည်။

အစီအစဉ်မှူးက ရှည်ရှည်လျားလျား စကားပြောသူတွေကို

အရှိန်သတ်ပေးခြင်း၊ နှုတ်ဆိတ်နေသူတွေထံက အသံထွက်လာအောင် ဖိတ်ခေါ်တောင်းဆိုခြင်းများအပြင် တစ်ဦးစီထံက ထွက်ပေါ်လာသည့် စိတ်ကူးများကို သင်ပုန်းဖြူ သို့မဟုတ် စက္ကူချပ်ကြီးများပေါ်တွင် အများမြင်သာအောင် ချရေးပြခြင်း စသည်များလည်း လုပ်ပေးရသည်။ သည်အတွက် လိုအပ်သည်များကို အသင့်ပြင်ဆင်ထားဖို့လိုပြီး စိတ်ကူးတွေကို အလျှင်မီအောင် လိုက်ရေးနိုင်ရန်အတွက် လက်ထောက် တစ်ယောက်တစ်လေလည်း ထားရှိဖို့ လိုတတ်သည်။

ထို့ပြင် ဆွေးနွေးဝိုင်းမစမီ ဝိုင်းကို စီစဉ်ကျင်းပကြသူတို့ဘက်က သေချာအောင် ပြင်ဆင်ထားရမည့် အရာတစ်ခု ရှိသေးသည်။

အဲဒါက ဆွေးနွေးရမည့် အကြောင်းအရာ၊ သို့မဟုတ် အဖြေရှာရမည့် ပြဿနာနှင့် ပတ်သက်သည်။

ဆွေးနွေးဝိုင်းမစမီ ပြဿနာသည် ဘာဆိုတာ ရှင်းလင်းတိကျစွာ ဖော်ပြထားနိုင်ဖို့ လိုသည်။ အမေးမရှင်းလျှင် ဖြေသူက ဘာဖြေရမှန်း မသိသကဲ့သို့၊ ပြဿနာရှင်းလင်း ပီသမှု မရှိလျှင်လည်း စိတ်ကူးထုတ်သူတွေ တလွဲတချော် ဖြစ်နေနိုင်သည်။

ထို့နောက်တွင် ဆွေးနွေးဝိုင်းတကယ် ကျင်းပသည့်အခါ စိတ်ကူးများ ထုတ်ဖော်ပြောဆိုသည့် အပိုင်းကို ဘယ်လောက်ကြာကြာ လုပ်မည်လဲ၊ စိတ်ကူးဘယ်နှခုရလျှင် အဲသည်အပိုင်းကို ရပ်မည်လဲ၊ ကြိုတင်သတ်မှတ်ထားဖို့ လိုသည်။

တချို့က နာရီဝက်ဆိုလျှင် လုံလောက်ပြီ၊ ဒီထက်ပိုမကြာသင့်ဟု ဆိုသည်။ စိတ်ကူး အရေအတွက်နှင့် ပတ်သက်၍လည်း တချို့က ၂၅ ခုလောက် ၅၀ လောက်၊ တချို့က အဲသည်ထက်မက စသဖြင့် ဆိုကြသည်။ အဓိက က ပြဿနာ အမျိုးအစားနှင့် ဆွေးနွေးသူ အရေအတွက်ပေါ်တွင် မူတည်လိမ့်မည်။

ဆွေးနွေးဝိုင်းတွင် လုပ်ဆောင်မည့် အစီအစဉ်က၊ ပွဲစတင်ပြီဆိုလျှင် ပါဝင်သူတို့က ပြဿနာအတွက် အဖြေများ (မိမိတို့ စိတ်ကူးများ) ကို ပြောဆို၍ အစီအစဉ်မှူး သို့မဟုတ် လက်ထောက်များက ၎င်းတို့ကို သင်ပုန်းဖြူ သို့မဟုတ် စက္ကူချပ်များပေါ်တွင် ရေးမှတ်ရသည်။ (ဤတွင် ဆွေးနွေးဝိုင်းသို့ ဖိတ်ကြားထားသူများအား ပြဿနာခေါင်းစဉ်ကို ကြိုတင်ပေးထားပါက ပွဲစလျှင် စချင်း အဖြေများပေးနိုင်းနိုင်ပြီး၊ တိတိကျကျ ကြိုတင်ပေးမထားပါက စဉ်းစားချိန်တစ်ခု သတ်မှတ်ပေးဖို့လိုမည် ဖြစ်သည်။)

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ပါဝင်သူ အသီးသီးက စိတ်ကူးများ ထုတ်ဖော်ပြောဆိုသည့်အခါ မည်မျှခေါင်သော အတွေး၊ ရယ်စရာကောင်းသောအတွေး ဖြစ်စေ၊ ကျန် လူတို့က ဝေဖန်ထောက်ပြခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုအောင် ကြိုတင်ပြောဆို ထိန်းကျောင်းဖို့လိုသည်။

တချို့က ရယ်ချင်ရယ်မည်၊ သို့သော် ဝေဖန်ဟန့်တားခြင်း မပြုအောင်ကား အစီအစဉ်မှူးက ထိန်းပေးရမည်။

ထို့ပြင် ၎င်း စိတ်ကူးအားလုံးကိုလည်း အခြားစိတ်ကူးများနည်းတူ ရေးသား မှတ်တမ်းတင်ရမည်။

သင့်တော်သော သတ်မှတ်ချိန်ပြည့်ပြီဆိုလျှင် စိတ်ကူးထုတ်ဖော်ခြင်း၊ စိတ်ကူးစာရင်းရေးမှတ်ခြင်းကို ရပ်၍၊ ချရေးထားသော စိတ်ကူးများထဲမှ အကောင်းဆုံး အချို့(ဥပမာ၊ စိတ်ကူးငါးခု ဆိုပါစို့) ကို အများသဘောတူညီမှုဖြင့် ရွေးချယ်ရမည်။

ထို့နောက်တွင် ပဏာမ ရွေးချယ်ထားသည့် ထိုစိတ်ကူးများကို အကဲဖြတ်ရန်အတွက်၊ မိမိတို့ ပြဿနာနှင့် ဆီလျော်သော စံသတ်မှတ်ချက်များ (ဥပမာ၊ ငါးချက်ဆိုပါစို့) ကို ရွေးချယ် သတ်မှတ်ရမည်။

သို့မဟုတ် စဉ်းစားချမှတ်ထားပြီး ဖြစ်က ဖော်ထုတ် ပြောဆိုရမည်။ ၎င်းစံ သတ်မှတ်ချက်များမှာ၊ ဥပမာအားဖြင့် ပဏာမ ရွေးချယ်ထားသော စိတ်ကူး (ဖြေရှင်းရန်နည်းလမ်း) သည် (၁)တရားဥပဒေနှင့် ညီညွတ်ရမည်၊ (၂) တွက်ခြေကိုက်သောနည်းလမ်း ဖြစ်ရမည်၊ (၃) မည်သည့် ရက်/လ မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်း ဖြစ်ရမည် စသဖြင့် ဖြစ်သည်။

ထို့နောက် ပဏာမ ရွေးချယ်ထားသော စိတ်ကူးတစ်ခုစီကို သတ်မှတ်ထားသော စံအသီးသီးနှင့် ချိန်ထိုးပြီး တစ်ခုစီအတွက် သုညမှ ငါးမှတ်အကြား သင့်လျော်သော အမှတ်ကို ပေးကာ စံငါးချက်လုံးအတွက် စုစုပေါင်း ရမှတ်ကို တွက်ရမည်။

စုစုပေါင်းရမှတ် အများဆုံး စိတ်ကူး (ဖြေရှင်းရန် နည်းလမ်း) ကို အကောင်းဆုံးအဖြစ် ရွေးချယ်ရမည်။ သို့သော် ကျန်စိတ်ကူးများကိုလည်း ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်း၏ ရလဒ်အဖြစ် မှတ်သားထားပြီး၊ အကယ်၍ ပထမအကောင်းဆုံး နည်းလမ်းသည် လက်တွေ့အသုံးပြုရာတွင် မအောင်မြင်ခဲ့သော် သိမ်းဆည်းထားသည့် ကျန်နည်းလမ်းများထဲမှ ဆက်လက်ရွေးချယ် သုံးစွဲမည် ဖြစ်သည်။

* * *

ဦးနှောက်မုန်တိုင်း ဆွေးနွေးဝိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်ကား ပြဿနာ ကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် အကောင်းဆုံး နည်းလမ်းကို ရှာဖွေရန်အတွက် ဖြစ်ပေသည်။

ဇေမြင့်

၁၈၊ ၁၁၊ ၂၀၁၄